
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတ္တအဂ္ဂ

## ရမ္မက်ငကေရီ


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးအောင်မိုး (ခုနစ်စဉ်ကြယ်စာပေ)
(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့် - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အဖုံးပုံနှိပ်သူ (၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အဖုံးပန်းချီ - L လင်း

အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၅၊ မေလ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၄၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၇၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈


www.burmeseclassic.com

www.burmeseclassic.com

# ရယွှက်ကောရီ

မိဟြဓဋ္ဋ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

အံ့ဖွယ်ဘုရင့်အလောင်း

ထူးဆန်းသောကျောက်ဂူကြီး

မရဏလူသားစားငါးများ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## အံ့ဖွယ်ဘုရင့်အလောင်း

တစ်ခုသော နွေဦးရာသီတွင် –

ကျွန်ုပ်သည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ ကိုယ်ပိုင်ဆေးခန်းငယ်လေးဖွင့်ထားသည့် မိတ်ဆွေရင်းဖြစ်သူ ဒေါက်တာရန်နိုင်စိုး၏ အတန်တန်ဖိတ်ကြားချက်ကြောင့် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ဆိပ်ကမ်းမှနေ၍ ပင်လယ်ကူးသင်္ဘောကြီးကိုစီးကာ အင်္ဂလန်ကျွန်းသို့ ရက်အတော်ကြာသွားရောက်ခဲ့လေသည်။

လန်ဒန်မြို့သို့ရောက်လေလျှင် မိတ်ဆွေ ဒေါက်တာရန်နိုင်စိုးက အထင်ကရနေရာအနှံ့လိုက်ပို့ခဲ့ရာ ကျွန်ုပ် မိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု အကြည့်ချင်ဆုံး နေရာဌာနသည်ကား ကမ္ဘာကျော် မဒမ်တူးဆော့ပြတိုက်ကြီးပင် ဖြစ်ပါ၏။

"ဒီနေ့တော့ မဒမ်တူးဆော့ရဲ့ ဖယောင်းပြတိုက်ကို သွားကြည့်ချင်တယ်ဗျာ။ အဲဒီပြတိုက်ထဲက ဖယောင်းရုပ်တုတွေဟာ အပြင်က သက်ရှိလူတွေနဲ့ တယ်တူဆိုပဲ"

"ဟုတ်တယ် ဆရာ။ ကျွန်တော်လည်း သုံးလေးကြိမ် သွားကြည့်ဖူးပါတယ်။ အဲဒီပြတိုက်ထဲမှာ ရုပ်တုတွေကို ထားသိုပုံ စနစ် မီးအလင်းအမှောင်ပေးထားပုံတွေက လည်းကောင်း၊ ရုပ်တုတွေပုံလောင်းထားတာကလည်း လက်ရာမြောက်လွန်းတော့ အဲဒီရုပ်တုတွေကိုကြည့်ရင်း တကယ့်သက်ရှိလူသားတွေလို့ကို ထင်လာတယ် ဆရာ"

သို့ဖြင့် လန်ဒန်မြို့ကြီးသို့ ရောက်ရှိပြီးနောက်နေ့မှာပင် မဒမ်တူးဆော့၏ ဖယောင်းရုပ်တုပြတိုက်သို့ သွားရောက်ခဲ့ကြလေသည်။

ခမ်းနားထည်ဝါလှသည့် မဒမ်တူးဆော့၏ ပြတိုက်ကြီးထဲမှ ဖယောင်းပုံတူရုပ်တုများသည်ကား ကမ္ဘာပေါ်တွင် ကောင်းဆိုးကျိုးပြစ်နှစ်တန်၌ အထင်ကရ နာမည်ကျော်ဖောသူတို့၏





ပုံတူရုပ်တုများဖြစ်ရာ နာမည်ကျော် စာရေးဆရာကြီးများ၊ ပန်းချီဆရာကြီးများ ရုပ်ရှင်ပြဇာတ်သရုပ်ဆောင်ကြီးများ အားကစား၌ထူးချွန်သောပုဂ္ဂိုလ်များအပြင် ကမ္ဘာကျော်သူရဲကောင်းများ၊ လူဆိုးကြီးများ၊ သမ္မတများ၊ ဘုရင့်မိဖုရားများ၊ နိုင်ငံရေးသမားများ၊ ဂီတပညာရှင်များ၊ သိပ္ပံပညာရှင်များ၏ ရုပ်တုတို့ကို အနုပညာမြောက်စွာပြသထားပေ၏။

ထိုရုပ်တုများအနက် ကျွန်ုပ်စိတ်အဝင်စားဆုံးရုပ်တုများသည်ကား နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော လူမျိုးလူမိုက်ကြီးများ၊ ကမ္ဘာကျော်ရာဇဝတ်ကောင်းကြီးများ၏ ရုပ်တုတို့ပင် ဖြစ်ပါ၏။

ဥပမာအားဖြင့် ၁၄၃၁–ခုနှစ်တွင် အင်္ဂလိပ်တို့က စုန်းမဟု သမုတ်ကာ မီးရှို့သတ်ဖြတ်ခဲ့သည့် ဂျုန်းကဲ့သို့သော မိန်းကလေးမျိုး၏ ရုပ်တုကိုဖြစ်သည်။

နယ်ချဲ့ကျူးကျော်လေသည့် အင်္ဂလိပ်တို့ကို မျိုးချစ်စိတ်အပြည့်ဖြင့်ဦးဆောင်တွန်းလှန်ခဲ့သော ပြင်သစ်သူရဲကောင်းမလေး ဂျုန်းအော့ဗ်အတ်၏ရုပ်တုမှာ မာန်ပါလှပြီး သူမ၏မျက်နှာနှင့် မျက်ဝန်းတို့တွင် သတ္တိသွေးတို့ ပြည့်လျှမ်းလျက်ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အသက် (၁၉) နှစ်သာရှိသေးသည့်သူမသည် ပြင်သစ်လူမျိုးတို့အတွက် သူ့ရဲကောင်းမလေးဖြစ်သော်လည်း အင်္ဂလိပ်တို့အတွက်မူ ရာဇဝတ်ကောင်မိန်းမလေးပင် ဖြစ်ခြိမ့်မည်။

မိန်းမပေါင်း (၈၅) ယောက်ကို သတ်ဖြတ်ခဲ့သဖြင့် ၁၉၄၄–ခုနှစ်၊ ဧပြီလ (၈) ရက်နေ့တွင် ဗီယာနာမြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးထိုးကွပ်မျက်ခြင်းခံခဲ့ရသော ဂျာမန်လူမျိုး ကမ္ဘာကျော် စိတ္တဇလူသတ်သမားကြီး ဗရုအိုလု၏ ရုပ်တုသည်ကား အလင်းရောင်ပျပျသာရှိသည့် စင်္ကြံထောင့်ချိုးဝယ် ကျွန်ုပ်တို့အား မျက်ထောင့်နီကြီးဖြင့်ကြည့်လျက် လက်ထဲ၌ သင်တုန်းဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပုံက သူ့အနားရောက်လာလျှင် ကျွန်ုပ်တို့၏လည်ပင်းကို အကယ်ပင် လှီးဖြတ်မည့်အသွင်ရှိဘိသည်။

ထိုသို့လျှင် မဒမ်တူးဆော့ပြတိုက်တွင် တစ်နေကုန် လှေ့လာကြည့်ရှုပြီးနောက် နောက်နေ့၌မူ ဗြိတိသျှဗဟိုပြတိုက်ကြီးသို့လည်း သွားရောက်လေ့လာသင့်ကြောင်း ဒေါက်တာရန်နိုင်စိုးက အကြံပြုပြီးလျှင် သူသည်မူ အလုပ်ဝတ္တရားရှိသဖြင့် ကိုယ်တိုင်လိုက်မပြနိုင်သဖြင့် ခွင့်လွှတ်ရန် တောင်းပန်လေ၏။





"ရပါတယ်၊ ကျုပ်တစ်ယောက်တည်း သွားကြည့်ပါ့မယ်။ ကျုပ်က ပြတိုက်ထဲမှာ တစ်နေကုန်ကြာမှာဆိုတော့ မောင်ရင် အလုပ်ပျက်လှပါတယ်"

"ပြတိုက်အထိတော့ ကျွန်တော့်ကားနဲ့ လိုက်ပို့ပါ့မယ် ဆရာ"

"ကောင်းပါပြီ ... ကောင်းပါပြီ"

⁜

ဗြိတိသျှဗဟိုပြတိုက်ကြီးသည်ကား မဒမ်တူးဆော့ပြတိုက်ထက် အဆများစွာ ထည်ဝါခံ့ညားကာ ပြခန်းအဆောင်ဆောင်တို့များပြားလှပေ၏။

ကျွန်ုပ်သည် များပြားလှစွာသော ပြခန်းဆောင်များအနက် အရှေ့တိုင်းအဆောင်ထဲ ဝင်ရောက်ခဲ့ကာ ပြသထားသော ပစ္စည်းပစ္စယတို့ကို စိမ်ပြေနပြေ လေ့လာကြည့်ရှုနေလိုက်တော့၏။

ယင်းအရှေ့တိုင်းပြခန်းဆောင်ထဲ၌ ဝင်ရောက်ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com


လေ့လာနေသူတို့မှာ ကျွန်ုပ်အပါအဝင် ဆယ်ဦးခန့်သာရှိလေသည်။

ငွေကြေးရင်းနှီးစိုက်ထုတ်မှုများစွာဖြင့် အစုဆောင်းကောင်းလှသော ဗြိတိသျှဗဟိုပြတိုက်ကြီး၌ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ တိဗက်၊ ကိုရီးယား၊ မလေးကျွန်းဆွယ်တို့မှ ယဉ်ကျေးမှုဆိုင်ရာနှင့် ခေတ်အဆက်ဆက် လူ့အသုံးအဆောင်ပစ္စည်းများသာမက လက်နက်မျိုးစုံကိုပါ ပြသထားနိုင်သည့်အပြင် ပြခန်း၏ထောင့်တစ်နေရာ၌ ဂျပန်ရှိုးဂန်းကြီးတစ်ဦး၏ ချပ်ဝတ်တန်ဆာအပြည့်ဖြင့် ရုပ်ကလာပ်ကြီးတစ်ခုကို မှန်ခေါင်းဖြင့်ထည့်ကာ ဆေးရည်စိမ်ထားသည်ကို အံ့ဩစိတ်ဝင်စားဖွယ် တွေ့ရှိရလေ၏။

ကျွန်ုပ်သည် ယင်းအာရှတိုက်ပြခန်းဆောင်ကြီးထဲ တဖြည်းဖြည်း လေ့လာကြည့်ရှုလာရာမှ မြန်မာနိုင်ငံနှင့်ဆိုင်ရာပြကွက်များဆီသို့ အရောက်ဝယ် ပြခန်း၏ထောင့်ချိုးတစ်နေရာ၌ မှန်ခေါင်းကြီးတစ်လုံးကို တွေ့ရသဖြင့် စိတ်ဝင်စားစွာ အနားသို့တိုးကပ်ကြည့်လိုက်မိလေ၏။

အလုံပိတ်ထားသော မှန်ခေါင်းကြီးထဲတွင် ရွှေသားသရဖူနှင့်တကွ ဘယက်ဒွါဒရာတို့ ဆင်မြန်းထားသည့် အရိုးစု



အလောင်းကောင်ကြီးကို လဲလျောင်းလျက်သား တွေ့ရလေသည်။

အနီး မှန်ခေါင်းကြီးကို မှီထောင်ထားသည့် သစ်သားပြားပေါ်၌ အင်္ဂလိပ်လို ရေးသားထားသော ကမ္ပည်းစာသားတို့အား ကျွန်ုပ် ဖတ်ကြည့်မိလိုက်၏။

> အမည်မသိ ရှေးမြန်မာဘုရင်တစ်ပါး၏ ရုပ်အလောင်း မြန်မာပြည် ကယားဒေသ လိုဏ်ဂူတစ်ခုအတွင်းမှ ရရှိသည်။

ကျွန်ုပ်သည် ကမ္ပည်းစာသားတို့ကို ဖတ်လိုက်၊ အရိုးစုရုပ်ကလာပ်ကိုကြည့်လိုက်ဖြင့် ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားမှုတစ်မျိုးကို ခံစားလာရလေသည်။

ကျွန်ုပ်တို့၏ အမိမြန်မာပြည်ကြီး ကိုလိုနီဘဝ ကျရောက်ရာတည်းက နိုင်ငံ၏ သယံဇာတများ၊ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများသည် တိုင်းတစ်ပါးသားတို့၏လက်ထဲသို့ နည်းမျိုးစုံဖြင့်


www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိသွားခဲ့ရာ ဤမြန်မာဘုရင်၏ ရုပ်အလောင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေခြိမ့်မည်။

"အင်း ... ဒါဟာ မြန်မာဘုရင်ရဲ့ ရုပ်အလောင်းဆိုပေမယ့် ခေါင်းကသရဖူနဲ့ ဘယက်ဒွါဒရာတွေ ကြည့်ရတာ ပုဂံခေတ် ဝတ်စားဆင်ယင်မှုနဲ့ ခပ်ဆင်ဆင်ပဲ။ ဘယ်ခေတ်ကဘုရင်ပါလိမ့်"

မြန်မာဘုရင်တစ်ပါးဟု ဆိုသဖြင့် ကျွန်ုပ်သည် စိတ်လှုပ်ရှားစွာ မှန်ခေါင်းကြီးကို လှည့်ပတ်ကြည့်နေမိတော့သည်။

အရိုးစုအလောင်းကောင်၌ ဆင်မြန်းထားသော သရဖူနှင့် ဘရက်ဒွါဒရာတို့မှာ ရွှေသားအစစ်ဖြစ်ဟန်တူသော်လည်း ယင်းတို့၌ စီခြယ်အပ်သော ကျောက်မျက်ရတနာတို့ကိုမူ မတွေ့ရချေ။ ကျောက်မျက်ရတနာတို့ ရှိခဲ့ဟန်တူသောနေရာတို့၌ အချိုင့်အခွက်လေးများကိုသာ တွေ့ရချေ၏။

ကျွန်ုပ်သည် မှန်ခေါင်းကြီးကို နှစ်ပတ် သုံးပတ် လှည့်ပတ်ကြည့်နေရာမှ အရိုးစုအလောင်းကောင်၏နံဘေး၌ ပေရွက်ဟောင်းတစ်ထပ်ကို တွေ့ရရာ လွန်စွာစိတ်ဝင်စားသွားပြီး အပေါ်ဆုံးမှ ပေရွက်ကို ဖတ်ကြည့်နိုင်ရန် ရှေ့သို့ တိုးကပ်ကာ မှန်ခေါင်းပေါ်မှ စီးမိုးကြည့်လိုက်လေသည်။





ညိုညစ်လျက်ရှိသော ပေရွက်ပေါ်မှ အက္ခရာစာသားတို့ကို တွေ့ရသည်တွင် ပို၍ စိတ်ဝင်စားသွားပြီး ပို၍ တိုးကပ်ကာ ကြည့်မိတော့သည်။

ထိုစဉ် ကျွန်ုပ်၏နောက်ကျောဘက်မှ အင်္ဂလိပ်ဘာသာဖြင့် စကားသံတစ်ခု ထွက်ပေါ်လာတော့၏။

"မစ္စတာ ... မှန်ခေါင်းကြီးကွဲသွားပါလိမ့်မယ်။ ဒီလောက် တိုးကပ်မကြည့်သင့်ပါဘူး"

ကျွန်ုပ်ကို ယဉ်ကျေးစွာ သတိပေးစကားပြောကြားလာသူမှာ ပြတိုက်စောင့်ဝန်ထမ်းတစ်ဦးပင် ဖြစ်ပါ၏။

ကျွန်ုပ်က သူ့ကို လှည့်ကြည့်ကာ ပြုံးပြလိုက်သည်။

"ကျုပ် စိတ်သိပ်ဝင်စားလို့ပါဗျာ။ အထူးသဖြင့် ဟောဟိုပေရွက်ပေါ်က စာသားတွေကို ဖတ်ကြည့်ချင်လို့ပါ"

ဤတွင် ပြတိုက်ဝန်ထမ်းက ကျွန်ုပ်ကို မျက်ခုံးပင့်ကြည့်လိုက်တော့သည်။

"မစ္စတာက အဲဒီစာသားတွေကို ဖတ်တတ်လို့လား"

"ဖတ်တတ်ပါတယ်"

ပြတိုက်ဝန်ထမ်းက မျက်မှောင်ကို အတွန့်ချိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ထို့နောက် မေးခွန်းထုတ်တော့၏။

"မစ္စတာက ဘာလူမျိုးပါလဲ"

"မြန်မာလူမျိုးပါ"

"ဩော် ... ဒါကြောင့် မစ္စတာက ဒီအလောင်းကို စိတ်ဝင်စားနေတာကိုး။ ဒါဟာ မြန်မာဘုရင်တစ်ပါးရဲ့ အလောင်းပါပဲ။ ဒီအလောင်းနဲ့အတူ ပေစာတစ်ထုပ်ကိုပါ ကျွန်တော်တို့ ပြတိုက်က ရခဲ့တာပါ။ ဒီအလောင်းကို ရောင်းချသွားသူကတော့ သတ္တုတူးဖော်ရေးအင်ဂျင်နီယာကြီး ဆာသောမတ်စ်ဒီအိုပါ။ သူက အဲဒီပေစာထုပ်ကို အလောင်းရဲ့ရင်ဘတ်ပေါ်မှာ တွေ့ခဲ့တာလို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီပေစာတွေကို ဘယ်သူမှ မဖတ်နိုင်ခဲ့ပါဘူး။ ကင်းဘရစ်တက္ကသိုလ်မှာ မြန်မာလူမျိုး မြန်မာစာဆရာတစ်ဦး ရှိပါတယ်။ ကျွန်တော်တို့ပြတိုက်မှူးကြီးက အဲဒီမြန်မာစာဆရာကို ပင့်ဖိတ်ပြီး ပေစာတွေကို ဖတ်ခိုင်းခဲ့ပေမယ့် သူလည်း မဖတ်နိုင်ခဲ့ပါဘူး"

"ဟုတ်တယ်လေ၊ အဲဒီပေစာပေါ်က စာတွေက မြန်မာတို့ရဲ့ ခေတ်ဦးကဒံဗအက္ခရာတွေနဲ့ ရေးထားတာဆိုတော့ တက္ကသိုလ်က မြန်မာဆရာတိုင်းလည်း မဖတ်တတ်ဘူး"





ဤတွင် ပြတိုက်ဝန်ထမ်း ဗြိတိသျှအမျိုးသားက ကျွန်ုပ်ကို စူးစမ်းသလို ကြည့်လိုက်ပြီးလျှင် –


"ဆရာက အဲဒီစာတွေကို ဖတ်တတ်တယ်ပေါ့နော်။ ဒီအပေါ်ဆုံးကစာကိုဖတ်ပြီး ဘာသာပြန်ပြပါလား ဆရာ"

ဟု အရိုးစုအလောင်းဘေးရှိ ပေစာထုပ်၏ အပေါ်ဆုံး ပေရွက်ကို လက်ညှိုးညွှန်ပြလျက် တောင်းဆိုမှုပြုလေ၏။

အမှန်တော့ ထိုဝန်ထမ်းမှာ အင်္ဂလိပ်လူမျိုးပီပီ အစစအရာရာ သေချာစေရန် စူးစမ်းသည့်အနေဖြင့် ကျွန်ုပ်ကို ဖတ်ခိုင်းခြင်းဖြစ်ပေသည်။

ကျွန်ုပ်လည်း ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး မှန်ခေါင်းပေါ်မှ ဆီးမိုးကြည့်လျက် အပေါ်ဆုံးပေရွက်ကို ဖတ်လိုက်လေသည်။

မြန်မာတို့၏ ခေတ်ဦးပျူတို့ အသုံးပြုခဲ့သည့် ကဒံဗအက္ခရာတို့ဖြင့် အောက်ဖော်ပြပါအတိုင်း ရေးသားထားချေ၏။





www.burmeseclassic.com

www.burmeseclassic.com

"ဒီပေစာထုပ်ဟာ ဘုရင်တစ်ပါးရဲ့မှတ်တမ်းပဲ။ ဒီအပေါ်ဆုံး ပေရွက်မှာရေးထားတာက ဘုရင်ရွှေစကြာမှတ်တမ်းလို့ ရေးထားတယ်"

ပြတိုက်ဝန်ထမ်းက အလောင်းနံ့ဘေးမှ ပေစာထုပ်ကိုတစ်လှည့်၊ ကျွန်ုပ်ကိုတစ်လှည့် တအံ့တသြကြည့်နေပြီးနောက် လက်ကာပြလိုက်လျက် –

"မစ္စတာ ဒီမှာခဏနေပါဦး။ မှန်ခေါင်းထဲက ပေစာထုပ်ကို ဖတ်နိုင်သူတွေ့ပြီလို့ ပြတိုက်မှူးကြီးဆီ ကျွန်တော် သတင်းသွားပို့ချင်လို့ပါ"

ဟု ဝမ်းသာအယ်လဲအသံဖြင့်ပြောကာ အရှေ့တိုင်းခန်းမဆောင်ကြီးထဲမှ ခြေလှမ်းကျဲကြီးများဖြင့် လျှင်မြန်စွာ ထွက်ခွာသွားပါတော့၏။

ကျွန်ုပ်လည်း ဘုရင်ရွှေစကြာ၏ ရုပ်အလောင်းကြီးကို လှည့်ကာပတ်ကာဖြင့် စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာရင်း ကျွန်ရစ်ခဲ့ရာ ခဏအကြာမှာပင် အသက် (၄၀) ကျော်ခန့် ခပ်ဝဝ





ခံ့ခံ့လူကြီးတစ်ဦးသည် ပြတိုက်ဝန်ထမ်းနှင့်အတူ ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာပါတော့သည်။

ထိုလူဝဝခံ့ခံ့ကြီးက ကျွန်ုပ်ကို ပြုံးကြည့်လျက်ရှိစဉ် ပြတိုက်ဝန်ထမ်းက မိတ်ဆက်ပေးလေသည်။

"သူက ဒီပြတိုက်ရဲ့ပြတိုက်မှူး မစ္စတာရော်ဘင်ဆင်ပါ"

ပြတိုက်မှူးကြီးက ပြုံးလျက် လက်ကမ်းပေးလာရာ ကျွန်ုပ်လည်း သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်ရလေသည်။

"ကျုပ်က မြန်မာလူမျိုး စာရေးဆရာတစ်ဦးပါ။ နာမည်က အဂ္ဂဝဏ္ဏပါ။ လန်ဒန်က မိတ်ဆွေတစ်ဦးဆီ အလည်လာရင်း ဒီပြတိုက်ကို လာလေ့လာတာပါ"

"မစ္စတာနာမည်က အက် အဂ္ဂ အဲ"

"ရပါတယ် ... အဂ္ဂလို့လည်း ခေါ်နိုင်ပါတယ်"

"အဲ ... မစ္စတာအဂ္ဂက ဟောဒီမှန်ခေါင်းထဲက ပေစာတွေကို ဖတ်နိုင်တယ်လို့ ဂျိုနသန်က ပြောပါတယ်။ အဲဒါဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ အဲဒီပေစာကို ကဒံဗအက္ခရာနဲ့ ရေးထားတာပါ။ ကဒံဗအက္ခရာတွေကို ကျုပ်တို့ မြန်မာတွေရဲ့ ရှေးဦး

www.burmeseclassic.com

www.burmeseclassic.com

လူမျိုးဖြစ်တဲ့ ပျူတွေ စတင်အသုံးပြုခဲ့တာပါ''

''သြော် ... ဟုတ်ပြီ ဒါဆို မဇ္ဈတာအဂ္ဂကို ကျွန်တော်တို့ ပြတိုက်ကြီးက အကူအညီတောင်းပါရစေ။ အဲဒီပေစာထုပ်ကို ဖတ်ပြီး ဘာသာပြန်ပေးပါ။ ညဏ်ပူဇော်ခလည်း ပေးပါ့မယ်။ အဲဒီကိစ္စအတွက် ဆွေးနွေးဖို့ ကျွန်တော့်ရဲ့ရုံးခန်းဆီ ခဏလောက် လိုက်ခဲ့ပါလား ခင်ဗျာ''

ပြတိုက်မှူးကြီးက ကျွန်ုပ်ကို အနူးအညွတ် တောင်းပန်ကာခေါ်လေရာ ကျွန်ုပ်သည်လည်း ဘုရင်ရွှေစကြာ၏မှတ်တမ်းကို လွန်စွာ ဖတ်ရှုလေ့လာလိုသဖြင့် သူ၏ရုံးခန်းသို့လိုက်ရန် သဘောတူလိုက်လေ၏။

ပြတိုက်မှူးကြီးက သူ၏တပည့် ဂျိနသန်အား ခါးမှ သော့တွဲကြီးကို ဖြုတ်ပေးလိုက်ကာ –

''ဂျိနသန် ... ဟောဒီသော့နဲ့ အဲဒီမှန်ခေါင်းကို ဖွင့်ပြီး ပေစာထုပ်ယူခဲ့''

ဟု ခိုင်းစေပြီးနောက် ကျွန်ုပ်ကို ပြုံးကြည့်လျက် –

''မဇ္ဈတာအဂ္ဂ ... ကြွပါ''

ဟု ဖိတ်ခေါ်ကာ ရှေ့မှထွက်သွားရာ ကျွန်ုပ်လည်း





နောက်မှလိုက်ပါသွားလိုက်တော့၏။

ကျယ်ဝန်းခမ်းနားလှသည့် ရုံးခန်းကြီးထဲသို့ ရောက်လေလျှင် ပြတိုက်မှူးကြီးက သူနှင့် မျက်နှာချင်းဆိုင်ရှိ ဆိုဖာခုံတွင် ထိုင်ရန် နေရာထိုင်ခင်းပေးပြီးနောက် ရွှေရောင်စီးကရက်ဘူးကို ထုတ်တည်လေသည်။

ပြီးနောက် သူက ဗီရိုအံဆွဲတစ်ခုထဲမှ အညိုရောင်သားရေဖုံးနှင့် စာအုပ်တစ်အုပ်ကို ထုတ်ယူလာကာ စားပွဲပေါ် တင်လိုက်လေ၏။

ပြတိုက်မှူးကြီးက သူ၏နောက်မှီဆိုဖာခုံကြီးတွင် ကျကျနန ထိုင်လိုက်ပြီးလျှင် အညိုရောင်သားရေဖုံးနှင့်စာအုပ်ကို လက်ညှိုးညွှန်ပြပြီးနောက် ခပ်ဖြည်းဖြည်းချင်း ရှင်းပြလေသည်။

''ဒီမှတ်တမ်းစာအုပ်လေးကို သတ္တုတူးဖော်ရေး အင်ဂျင်နီယာကြီး ဆာသောမတ်စ်ဒီအိုဟာ မြန်မာဘုရင်ရဲ့ အရိုးစု အလောင်းကို ရောင်းချတုန်းက ပေးအပ်ခဲ့တာပါပဲ မဇ္ဈတာအဂ္ဂ၊ အင်္ဂလိပ်လို ရေးခဲ့တဲ့ ဒီမှတ်တမ်းကိုတော့ ကျွန်တော်တို့ ပြတိုက်ဘုတ်အဖွဲ့က ဖတ်ပြီးပါပြီ။ ဒီမှတ်တမ်းကို ဖတ်ပြီးလို့လည်း အထူးစိတ်ဝင်စားပြီး အဲဒီအရိုးစုရုပ်အလောင်းကို ပေါင်



www.burmeseclassic.com

www.burmeseclassic.com

ရှစ်သောင်းပေးပြီးဝယ်ခဲ့တာပါ ...။

အဲဒီမှတ်တမ်းစာအုပ်ထဲမှာ ဆာသောမတ်စ်ဒီအိုက မြန်မာဘုရင်ရဲ့အရိုးစုအလောင်းကို သူဘယ်လို စွန့်စွန့်စားစား ခရီးထွက်ရင်း ရယူနိုင်ခဲ့သလဲဆိုတာ မှတ်တမ်းတင်ရေးသားထား တယ် မစ္စတာအဂ္ဂရဲ့ ...။

ဒါပေမဲ့ ...ခက်တာက အဲဒီအရိုးစုအလောင်းနဲ့အတူ ရခဲ့တဲ့ ပေစာထုပ်ကို သူ မဖတ်တတ်ဘူး။ သူနဲ့နီးစပ်ရာ မြန်မာ ပညာရှင်အချို့ကို ဖတ်ပြနိုင်းတော့လည်း မဖတ်တတ်ကြဘူး။ ဒါကြောင့် မြန်မာဘုရင်အရိုးစုအလောင်းနဲ့ ပတ်သက်ပြီး ဂဃ နဏ မသိရဘူး ...။

တကယ်လို့များ အဲဒီပေစာထုပ်ထဲမှာ အရိုးစုအလောင်း ဘဝရောက်နေတဲ့ ဘုရင်ရဲ့အကြောင်း တကယ်ပဲ ရေးထိုးထားပြီး သူ့ရဲ့သမိုင်းကြောင်းကို ကျွန်တော်တို့သိရမယ်ဆိုရင် အဲဒီအရိုးစု ဟာ သမိုင်းတန်ဖိုး အင်မတန် မြင့်မားသွားမှာပဲဗျ''

ထိုစဉ် ပြတိုက်အစောင့် ဂျိုနသန်က ပေစာထုပ်ကို ရုံးခန်းထဲသို့ ယူဆောင်လာပြီး ပြတိုက်မှူးကြီး၏ ရှေ့စားပွဲပေါ်သို့ အသာအယာ တင်လိုက်လေသည်။





''အဲဒီတော့ မစ္စတာအဂ္ဂကို ကျွန်တော် အထူးမေတ္တာ ရပ်ခံချင်တာက ဒီပေစာစာထုပ်ကိုဖတ်ပြီး ဘာသာပြန်ပေးပါ ဗျာ။ အဲဒီအတွက် ဘာသာပြန်ဆိုခလည်း ထိုက်ထိုက်တန်တန် ပေးပါ့မယ်။ ဒါပေမဲ့ ...ဘာသာပြန်ဆိုတဲ့အခါ စည်းကမ်းချက် လေးတွေတော့ ရှိမှာပေါ့ဗျာ''

''ဘယ်လို စည်းကမ်းချက်မျိုးလဲ''

''ဩော် ...ဒီလိုပါ၊ ဒီပြတိုက်ကြီးထဲက ပစ္စည်းပစ္စယ အားလုံးကို ကျွန်တော် မပိုင်ပါဘူး။ နိုင်ငံက ပိုင်ပါတယ်။ ဘုတ် အဖွဲ့က ကြီးကြပ်ထားပါတယ်။ ဒါကြောင့် ဘာသာပြန်ပေးဖို့ မစ္စတာအဂ္ဂသဘောတူပြီဆိုရင် ဘုတ်အဖွဲ့ဆီ တင်ပြပြီး ဘာသာ ပြန်ဆိုခအတွက် တောင်းဆိုပေးပါ့မယ်။ ပြီးတော့ ဘာသာပြန်တဲ့ အခါမှာလည်း ဟောဒီ ကျွန်တော်ရဲ့ရုံးခန်းထဲမှာပဲ နေ့စဉ် အချိန် မှန်လာရောက်ပြီး ဘာသာပြန်ရပါလိမ့်မယ်''

ဤတွင် ကျွန်ုပ်က အတန်ငယ်စဉ်းစားပြီးနောက် ခေါင်း ညိတ်ပြလိုက်မိလေသည်။

''ကောင်းပြီလေ ...ကျုပ် သဘောတူပါတယ်''

ထိုအခါ ...ပြတိုက်မှူးကြီးသည် တစ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်လေတော့သည်။

ယင်းသို့ ဖုန်းဆက်ပြီးနောက် ပြတိုက်မှူးကြီးက ပြုံးရွှင်သောအမူအရာဖြင့် –

"ကဲ . . . မစ္စတာအဂ္ဂရေ . . . ခင်ဗျား ဘာသာပြန်ပေးမယ့်ကိစ္စကို ဘုတ်အဖွဲ့က သဘောတူတယ်တဲ့ဗျ။ ဘာသာပြန်ဆိုခကိုတော့ မစ္စတာအဂ္ဂကပဲ တောင်းဆိုပါတဲ့"

"အင်း . . . အဲဒီပေစာထုပ်ကို ကျုပ် အရင်ဖတ်ကြည့်လိုက်ဦးမယ်လေ။ ကဒ်ဗအက္ခရာတွေနဲ့ချည်း ရေးထားရင်တော့ ပြန်ဆိုရတာ သိပ်ခက်မှာမဟုတ်ပါဘူး။ အဲဒီထက် ပိုရှေးကျတဲ့ ဗြဟ္မီ အက္ခရာတွေနဲ့ပါ ရေးထားရင်တော့ ဘာသာပြန်ရတာ ပိုခက်လိမ့်မယ်။ ဒါတောင် ကျုပ်က မြန်မာ့အက္ခရာစာလုံးတွေနဲ့ ပတ်သက်ပြီး ငါးနှစ်လောက် ရေဆုံးရေဖျားလိုက်ပြီး ရှေးခေတ်ကျောက်စာအမျိုးမျိုး၊ ပေပုရပိုက်စာအမျိုးမျိုးကို လေ့လာထားလို့ ဖတ်နိုင်တာဗျ။ ဒီတော့ ပေစာထုပ်ကို လေ့လာပြီးမှပဲ ဘာသာပြန်ဆိုခကို ပြောကြတာပေါ့"

"ကောင်းပါပြီ . . . ကောင်းပါပြီ။ ကဲ . . . ပေစာထုပ်ကို လေ့လာကြည့်ပါခင်ဗျာ"





ပြတိုက်မှူးကြီးက ပေစာထုပ်ကို ကျွန်ုပ်၏ရှေ့သို့ အသာချပေးလိုက်ရာ ကျွန်ုပ်လည်း လွန်စွာ ဟောင်းနွမ်းဆွေးမြည့်လျက်ရှိသော ပေရွက်တို့ကို တစ်ရွက်ချင်း ဖွဖွညင်သာကိုင်တွယ်ကာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

ကျွန်ုပ်အနေဖြင့် ပေစာရွက်တို့အပေါ်ရှိ အက္ခရာစာလုံးတို့ကို တစ်လုံးစ နှစ်လုံးစ ခပ်လျှမ်းလျှမ်းမျှသာ ဖတ်ကြည့်မိသည့်တိုင် ရေးထိုးထားသည့် အကြောင်းခြင်းရာတို့မှာ လွန်စွာ စိတ်လှုပ်ရှား၊ စိတ်ဝင်စားဖွယ်ကောင်းလွန်းလှသဖြင့် အခကြေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်က သက်ရှိထင်ရှားရှိခဲ့လေသော မြန်မာဘုရင်တစ်ပါး ကိုယ်တိုင်ရေးထိုးမှတ်တမ်းတင်ထားခဲ့သည့် ယင်းပေစာရွက်တို့ကို ဖတ်ရှု၍ ဘာသာပြန်ပေးရန် ဆုံးဖြတ်လိုက်တော့၏။

"အေးဗျ . . . ဒီပေစာတစ်ထုပ်လုံးကို ကျုပ်တို့ မြန်မာအက္ခရာတွေနဲ့ ရှေးဦးပျူကဒ်ဗအက္ခရာတွေနဲ့ ရေးထိုးထားတာမို့ ဘာသာပြန်ရတာ အခက်အခဲမရှိလှပါဘူးဗျာ။ ဘာသာပြန်ခကိုတော့ ခင်ဗျားတို့ ဘုတ်အဖွဲ့ကကြည့်သာပေးပါတော့။ ကျုပ်ဘာသာပြန်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ပြတိုက်မှူးကြီးသည် သဘောကျစွာပြုံးလိုက်တော့၏။

''နေရာကျလိုက်တာဗျာ။ ဒါဆို . . . ဟောဒီစာအုပ်ထဲက မှတ်တမ်းကို အရင်ဖတ်ဗျာ။ ပြီးရင် ဘာသာပြန်ဖို့စပေတော့။ ဒါထက် မနက်ဖြန် စနိုင်မလားဗျ''

''ရတယ်ဗျာ . . . ကျုပ်လည်း အချိန်ရနေတာပဲ။ မနက်ဖြန်ပဲ စတာပေါ့''

''ကောင်းပြီ . . . ကောင်းပြီ၊ ကျွန်တော် အားလုံးအဆင်သင့်လုပ်ထားလိုက်ပါ့မယ်''

ကျွန်ုပ်သည် နောက်နေ့မှစပြီး ရှေးဦး မြန်မာဘုရင်တစ်ပါး၏မှတ်တမ်းနှင့် ဗြိတိသျှလူမျိုး သတ္တုတူးဖော်ရေး အင်ဂျင်နီယာကြီးတစ်ဦး၏မှတ်တမ်းတို့ကို စတင်ဖတ်ရှုခွင့်ရတော့မည်မို့ စိတ်အားတက်ကြွဝမ်းမြောက်လျက် ရှိပါတော့သတည်း။

⁂ ⁂ ⁂





## ထူးဆန်းသော ကျတ်ဂူကြီး

ကျွန်ုပ်သည် နောက်နေ့နံနက်တွင် ဗြိတိသျှဗဟိုပြတိုက်ကြီးဖွင့်ချိန်၌ သွားရောက်လေရာ ပြတိုက်မှူးကြီး မစ္စတာရော်တင်ဆင်မှ ပြုံးရွှင်ပျူငှာစွာ ကြိုဆိုပြီးလျှင် သူ၏ရုံးခန်းကြီးထဲရှိ သီးခြားစားပွဲလွတ်တစ်လုံး၌ နေရာချထားပေးကာ လက်ဖက်ရည် ကိတ်မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးလေသည်။

ပြီးလျှင် သားရေဖုံးအညိုရောင်နှင့် မှတ်တမ်းစာအုပ်လေးကို စားပွဲပေါ်တင်ပေးလေသည်။

''ကဲ မစ္စတာအဂ္ဂ . . . ဟောဒီ သတ္တုတူးဖော်ရေး



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်နိယာကြီး ဆာသောမတ်စ်ဒီအိုရဲ့ မှတ်တမ်းကို စဖတ်တော့ဗျာ။ ပြီးမှ ဟောဒီပေစာထုပ်ကို စိတ်အေးလက်အေး ဘာသာပြန်ဗျာ''

''မစ္စတာအဂ္ဂအတွက် နေ့လယ်စာကိုလည်း ဟိုတယ်ကနေ မှာထားပြီးပါပြီ၊ လိုအပ်တာရှိရင်လည်း ပြောပါ''

ကျွန်ုပ်လည်း ညှော်ဝတ်ကျေလှသည့် ပြတိုက်မှူးကြီးအား ရပါတယ်ဟု ပြောပြီးနောက် ဆာသောမတ်စ်ဒီအို၏ မှတ်တမ်းကို စတင်ဖတ်ရှုပါတော့၏။

## အင်္ဂလန်နိယာ သောမတ်စ်ဒီအို ၏ မှတ်တမ်း

ကျွန်ုပ် သောမတ်စ်ဒီအိုသည် အင်္ဂလန်မှ သင်္ဘောတူးဖော်ရေးဆိုင်ရာ အင်္ဂလန်နိယာဘွဲ့ရပြီးနောက် ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုးတို့၏ ကိုလိုနီနယ်တစ်ခုဖြစ်သော အာရှတိုက်မှ မြန်မာပြည်သို့ သွားရောက်ကာ ကယားဒေသမှ မော်ချီးသတ္တုတွင်း၌





လက်ထောက်အင်္ဂလန်နိယာတစ်ဦးအဖြစ် အလုပ်ဝင်ခဲ့လေ၏။

ကျွန်ုပ်သည် မော်ချီးသတ္တုတွင်းတွင် ၇-နှစ်မျှ တာဝန်ထမ်းဆောင်ပြီးနောက် အင်္ဂလန်သို့ပြန်ရန် မော်ချီးမှနေ၍ ကျွန်ုပ်တို့၏ ကုမ္ပဏီရုံးခွဲတည်ရှိရာ လွိုင်ကော်မြို့သို့ သွားရောက်ခဲ့ရလေသည်။

လွိုင်ကော်ရုံးခွဲတွင် ရုံးကိစ္စများ လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်ပြီးနောက် ဘိုတဲ၌ အနားယူလျက်ရှိစဉ် ကျွန်ုပ်နှင့်အတူ ဘိုတဲတွင်တည်းခိုနေသည့် သစ်တောဝန်ထောက် ဆင်မြူရယ်က သူနှင့်အတူ အမဲပစ်လိုက်ရန် ဆွယ်လေသည်။

''မစ္စတာဒီအို ... ကျွန်တော်တို့ ခုလို လေယာဉ်လာမယ့်ရက်ကို စောင့်နေရတာ ပျင်းလှတယ်ဗျာ။ ဒီလွိုင်ကော်မြို့ရဲ့ အရှေ့ဘက်က တောအုပ်တွေထဲ အမဲပစ်ထွက်ကြရအောင်ဗျာ။ ခင်ဗျားလည်း အမဲလိုက်ဝါသနာပါတယ် မဟုတ်လား''

''အင်း ... မော်ချီးမှာတုန်းကတော့ လေးငါးခါမက အမဲပစ်ထွက်ဖူးပါတယ်ဗျာ။ ဝါသနာပါလှ

ပါဘူး။ မြန်မာပြည်ရဲ့တောနက်တောင်န

အမဲပစ်အဖွဲ့တွေနဲ့ လိုက်လိုက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... ဩော် ... မစ္စတာဒီအိုက သတ္တုဗေဒ အင်ဂျင်နီယာပီပီ မြန်မာပြည်ရဲ့ တောတောင်နက်နက်တွေထဲ သတ္တုကြောအသစ်တွေ ရှာဖွေဖို့ စိတ်ဝင်စားပြီး အမဲလိုက်ခဲ့ တာပေါ့ ဟုတ်လား"

"အေးဗျာ ... မှန်တာပြောရရင်တော့ သတ္တုကြော အသစ်တွေ စူးစမ်းရှာဖွေဖို့ သိပ်အာရုံမရောက်ပါဘူးဗျာ။ ကျုပ်က တောထဲတောင်ထဲ နစ်မြုပ်ပျောက်ကွယ်နေတဲ့ ရှေးဟောင်း အဆောက်အဦတွေ တောထဲတောင်ထဲက ထူးထူးဆန်းဆန်းအရာ တွေကို လေ့လာချင်တာဗျ"

"ဒါဆို ... နေရာကျပြီ၊ ကျွန်တော် အခု အမဲပစ်ထွက်ဖို့ ရည်ရွယ်ထားတဲ့ ဒီလှိုင်ကော်မြို့ရဲ့ အရှေ့စူးစူးအရပ်က တော နက်ကြီးထဲမှာ ခင်ဗျား စိတ်ဝင်စားမယ့် သဘာဝလိုဏ်ဂူကြီးတွေ အများကြီး ရှိတယ်တဲ့ဗျ"

"ဒီမြန်မာပြည်ရဲ့ တောနက်တွေတိုင်းမှာ သဘာဝ လိုဏ်ဂူကြီးတွေ ရှိတာချည်းပါပဲဗျာ"

"မတူဘူးဗျ ... အဲဒီတောအုပ်ကြီးထဲက လိုဏ်ဂူကြီး တစ်ခုဟာ ကျတ်ဂူကြီးဆိုပြီး ကျော်ကြားတယ်တဲ့ဗျ။ အဲဒီဂူကြီး





ထဲမှာ ရှေးဟောင်းလူမျိုးတစ်မျိုးရဲ့ ဝိညာဉ်တွေကနေ ကျတ်ဖြစ်ပြီး ကျင်လည်ကျက်စားနေတာတဲ့ဗျ။ ဒေသခံ ကယား၊ ကယမ်း၊ ဂေခို၊ ဂေဘား၊ ပရဲ၊ မနုမနော စတဲ့ တိုင်းရင်းသားတွေထဲက ဝါရင့်မုဆိုးကြီးတွေတောင် အဲဒီ ကျတ်ဂူကြီးကို ရှောင်ကြတယ် တဲ့ဗျ"

"ဗျာ ... ကျတ်ဂူ ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ကျွန်တော် ဒီလှိုင်ကော်ရောက်က တည်းက အမဲပစ်ထွက်တိုင်း ငှားခေါ်သွားလေ့ရှိတဲ့ လမ်းပြလေး ကာဒူး ပြောလို့ သိရတာဗျ။ ကာဒူးကလည်း သူ့ရဲ့အဖေ မုဆိုးကြီး မသေခင်က ပြောသွားခဲ့တာတဲ့ဗျ"

ကျတ်ဂူဆိုသဖြင့် ကျွန်ုပ်မှာ အတော်လေး စိတ်ဝင်စား သွားသည်။

မြန်မာတို့သည် တစ္ဆေသရဲ၊ နတ်၊ ကျတ်၊ ဥစ္စာစောင့် စသည့် ပရလောကနှင့် ဆက်နွယ်ရာတို့ကို ယုံကြည်လေ့ရှိကြ ကြောင်း ကျွန်ုပ်သတိပြုမိ၏။

"ကျတ်ဆိုတာ သေပြီးသားလူတွေက တကယ်ရှိနေသလို လှုပ်ရှားသွားလာနေသ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကာဒူးရဲ့အဖေ မုဆိုးကြီးက အဲဒီ ကျတ်ဂူကြီးထဲ ရောက်ဖူးတယ်တဲ့ဗျ။ အဲဒီဂူကြီးရဲ့ အတွင်းပိုင်း ထဲမှာ သစ်ကတိုးသားနဲ့ ပြုလုပ်ထားတဲ့ ရှေးခေတ်လက်ရာ ခေါင်းတလားတွေကို တွေ့ခဲ့တယ်တဲ့"

ကျွန်ုပ်မှာ သစ်တောဝန်ထောက် ဆင်မြူရယ်၏စကား ကြောင့် ပိုလို့ စိတ်ဝင်စားသွားတော့သည်။

"အင်း ... စိတ်ဝင်စားစရာပဲ။ ခင်ဗျား ဒီတစ်ခါ အမဲ ပစ်ထွက်ရင် အဲဒီလမ်းပြလေးကို ခေါ်မှာမဟုတ်လား"

"ခေါ်မှာပေါ့ဗျ"

"အဲဒီကျတ်ဂူကြီးအထိ သွားကြရအောင်ဗျာ"

"ဒါဆို ... ခင်ဗျားက ကျွန်တော်နဲ့အတူ အမဲပစ်လိုက် မယ်ပေါ့ ဟုတ်လား"

"လိုက်မယ်ဗျာ"

"ဟား ဟား ဟား ... ဒီလိုမှပေါ့။ ကျွန်တော်လည်း ဒီမြန်မာပြည်က မထွက်ခွာခင် တစ်ချီတစ်မောင်း အမဲပစ် ထွက်ချင်နေတာဗျ။ အဲဒီလို အမဲပစ်ထွက်တဲ့အခါ အဖော်လို နေတယ်လေ။ ခင်ဗျားလိုက်မယ်ဆိုတော့ နေရာကျပြီပေါ့ဗျာ"

ခု နစ် စဉ် ကြယ် တ ပေ

"ကျုပ်မှာတော့ ဘာမှမရှိဘူး။ ခင်ဗျားပဲ အမဲပစ် သေနတ်တို့၊ ဘာတို့ စီစဉ်ဗျာ"

"စိတ်ချ ... စိတ်ချ။ ခင်ဗျားအဖော်အဖြစ် လိုက်ရင်ပဲ တော်ပြီ။ ကျန်တာတွေ ကျွန်တော် စီစဉ်လိုက်မယ်"

သို့ဖြင့် ဆင်မြူရယ်သည် အမဲလိုက်ရန်အတွက် လိုအပ် သည့်လက်နက်၊ အသုံးအဆောင်ပစ္စည်း၊ ရိက္ခာစို ရိက္ခာခြောက် တို့ စီစဉ်တော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## မရဏလှူသားစားငါးများ

နောက်နေ့မှာပင် ကျွန်ုပ်နှင့်ဆင်မြူရယ်တို့သည် ကယား တိုင်းရင်းသားလမ်းပြကလေးကာဒူးနှင့်အတူ အမဲပစ်ရိုင်ဖယ် ကိုယ်စီကိုင်ဆွဲကာ ကျောပိုးအိတ်တစ်လုံးစီလွယ်ရင်း လွိုင်ကော် မြို့၏ အရှေ့စူးစူးအရပ်ရှိ တောထဲ တိုးဝင်ခဲ့ကြပါတော့၏။

"အဲဒီကျတ်ဂူကြီးက ဒီကနေ ဆယ့်နှစ်မိုင်လောက် ဝေးတယ်ဆရာတို့ရဲ့"

"ဘယ်လောက်ဝေးဝေး အဲဒီကိုရောက်အောင် သွားချင် တယ် ကာဒူးရယ်"





"ဟုတ်ကဲ့ ... အဲဒီဂူကြီးဆီတော့ ကျုပ်မရောက်ဖူးပါ ဘူး။ ဒါပေမဲ့ ... ကျုပ်ရဲ့အဖ ရေးဆွဲပြခဲ့တဲ့ မြေပုံတော့ ရှိပါ တယ်"

ဟုဆိုကာ လမ်းပြကလေးကာဒူးက သားကောင်သားရေ လေးတစ်လိပ်ကို ကျွန်ုပ်တို့အား ထုတ်ပြလေသည်။

ယင်းသားရေအလိပ်လေးကို ဖြည့်ကြည့်လိုက်ရာ ခြောက်လက်မပတ်လည်ခန့်ရှိ သားရေပြားပေါ်တွင် ဆေးအနက် ဖြင့် ရေးခြစ်ထားသော မြေပုံကို တွေ့ရလေသည်။

"ဟောဒီကြက်ခြေအနီခတ်ထားတာက ကျတ်ဂူကြီးရှိတဲ့ နေရာပဲ။ အဲဒီကိုရောက်အောင် သွားရမှာဗျ"

သို့ဖြင့် ကျွန်ုပ်တို့သည် တောတောင်လျှိုမြောင်တို့ကို တစ်နေ့ကုန် ခက်ခဲပင်ပန်းလှစွာ ကျော်ဖြတ်ခရီးနှင်ကြရင်း လမ်း ခရီး၌ သားကောင်တို့ကိုလည်း ခြောင်းမြောင်းပစ်ခတ်ခဲ့ကြသဖြင့် ခရီးက မတွင်လှချေ။

ကျွန်ုပ်တို့သည် နေဝင်လာချိန်တွင် ရေတံခွန်ကြီးအနီးရှိ စမ်းချောင်းလေး၏အစပ်၌ ရွက်ဖျင်တဲများထိုးကာ စခန်းချရပ်နား ကြပြီး ပစ်ခတ်ရရှိလာခဲ့သည့် ဒရယ်တစ်ကောင်နှင့် တောကြက်



www.burmeseclassic.com

www.burmeseclassic.com

တို့ကို မီးမြှိုက်၊ အရေခွံဆုတ်ပြီးလျှင် မီးဖိုၶ ကင်ထားလိုက်ကြ တော့၏။

ထိုနောက် ထိုညအဖို့ ညစာကို သားကောင်အကင်တို့ ဖြင့် အားရပါးရစားကြကာ ညဉ့်နက်လာသည့်တွင် တစ်ယောက် လျှင် နှစ်နာရီကျ အလှည့်ဖြင့် ကင်းစောင့်ကာ ကျန်နှစ်ဦးက အိပ်စက်ကြရလေ၏။

သို့ဖြင့် နောက်နေ့ မိုးသောက်ချိန်မှစ၍ ကျွန်ုပ်တို့သည် အိပ်ရာမှထပြီး နံနက်အဆာပြေကို ပေါင်မုန့်အသားဘူးတို့ဖြင့် စားသောက်လိုက်ကြကာ မြူနှင်းကွဲစအချိန်တွင် ကျွန်ုပ်တို့သည် ခရီးဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲသာသာ၌ ရည်မှန်းရာ ကျောက်တောင်တန်းကြီးဆီသို့ ရောက်ရှိသွားကြပါတော့၏။

"ဟာ . . . ကျောက်တောင်ကြီးရဲ့နံရံအနှံ့မှာ ဂူလိုဏ်ကြီး တွေ ပါလားဗျ"

"ဟုတ်တယ် . . . ဒီကျောက်တောင်တန်းကြီးမှာ ဂူ လိုဏ်အဝတွေကို အများကြီးတွေ့ရလိမ့်မယ်လို့ အဖက ပြော ဖူးတယ်ဗျ"

"မင်းရဲ့အဖေက အဲဒီကျုတ်ဂူကြီးထဲ ဝင်ဖူးတယ်ဆို"





"ဟုတ်တယ် ဆရာရဲ့၊ ဂူလိုဏ်ကြီးထဲကို တစ်ဖာလုံ လောက်တော့ ဝင်ဖူးတယ်တဲ့။ အဲဒီဂူလိုဏ်ကြီးထဲမှာ အရွယ် အစားအမျိုးမျိုးနဲ့ ခေါင်းတလားတွေကို တွေ့ရတော့ အဖေ လည်း လန့်ဖျပ်ပြီး ဂူလိုဏ်ကြီးထဲက ပြန်ထွက်ခဲ့တယ်တဲ့"

"နေပါဦး . . . ဒီလောက် တောတောင်နက်ရှိုင်းတဲ့အရပ် မှာ ဘယ်သူတွေလာနေလို့ ခေါင်းတလားနဲ့ မြှုပ်နှံထားရတာ တဲ့လဲ"

"ဟုတ်တယ် . . . ကျုပ်ရဲ့အဖေကလည်း အဲဒါကိုပဲ ပြောတယ်။ လူသူမရှိတဲ့အရပ်မှာ ခေါင်းတလားတွေ တွေ့ရတာ အံ့သြစရာပဲတဲ့။ ပြီးတော့ . . . သူတွေ့ခဲ့ရတဲ့ ခေါင်းတလားတွေ ကို သစ်ကတိုးသားနဲ့ ပြုလုပ်ထားပြီး လက်ရာကလည်း အတော် ရှေးကျတဲ့လက်ရာပဲ ဖြစ်မယ်လို့ အဖေက ပြောတယ်။ နောက်ပြီး အဲဒီကျုတ်ဂူကြီးဟာ ရှည်လျားလွန်းတယ်တဲ့။ ဂူလိုဏ်ရဲ့အဆုံးမှာ ဘာတွေရှိမလဲ မသိနိုင်ဘူးတဲ့။ နောက်တော့ အဖေဟာ အသက် အရွယ်ကြီးရင့်ပြီး လောဘ၊ ဒေါသ၊ မောဟ လျော့ပါးသွားတဲ့ အတွက် အဲဒီကျုတ်ဂူကြီးဆီလည်း ထပ်မသွားဖြစ်တော့ဘူးတဲ့ ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ ကာဒူးရေ . . . မင်းရဲ့အဖေ မဝင်ဖြစ်ခဲ့တဲ့ အတိုင်းအတာအထိ ငါတို့ဝင်ကြတာပေါ့ကွာ"

ထို့နောက်တွင်မူ ကျွန်ုပ်တို့သုံးဦးသည် သားရေပြားပေါ်မှ မြေပုံညွှန်းအတိုင်း ရှာဖွေရာ ခက်ခက်ခဲခဲ ရှာဖွေရခြင်းမရှိဘဲ ကျုတ်ဂူကြီးကို တွေ့ရှိကြလေတော့၏။

"ကျုတ်ဂူကြီးကို တွေ့ပြီဗျို့"

တကယ်တော့ ယင်းကျုတ်ဂူကြီး၏အဝမှာ အခြားလှိုဏ်ဂူအဝတို့နှင့် ကွာခြားလှခြင်း မရှိချေ။ သို့သော် ဒေသခံ ကယားတိုင်းရင်းသားတို့က အန္တရာယ်ရှိသော ကျုတ်ဂူကြီးမှန်း သိစေရန်အတွက် ဂူအဝဘေးပတ်ပတ်လည်နှင့် ဂူအမိုးမျက်နှာကြက်တို့တွင် သားကောင်မျိုးစုံ၏ အရိုးခေါင်းတို့ကို ချိတ်ဆွဲထားလေသည်။

"ကဲ . . . ကျုပ်တို့ရဲ့ရည်မှန်းချက်ပန်းတိုင် ကျုတ်ဂူကြီးဆီတော့ ရောက်ပြီ၊ ဝင်ကြမလား"

"ဝင်လေ . . . ခုမှ မွန်းလွဲပိုင်းကျော်ရုံပဲ ရှိပါသေးတယ်။ ညစာစားရမယ့်အချိန်က ဝေးပါသေးတယ်"

လွန်စွာ စိတ်အားတက်ကြွလျက်ရှိပြီဖြစ်သည့် ကျွန်ုပ်





သည် ဆင်မြူရယ်၏ သဘောတူညီမှုရသည်နှင့် ကျုတ်ဂူကြီးထဲသို့ ဝင်ရန် ပြင်တော့၏။

သို့ဖြင့် မကြာမီမှာပင် ကျွန်ုပ်တို့သုံးဦးသည် ငါးတောင့်ထိုး လက်နှိပ်မီးကိုယ်စီဖြင့် မည်းမည်းမှောင်နေသည့် ဂူလှိုဏ်ကြီးထဲသို့ စူးစမ်းလေ့လာရင်း ဝင်ရောက်ခဲ့ကြပါတော့၏။

မှောင်မည်းကာ လွန်စွာအေးစိမ့်လျက်ရှိသော ကျောက်ဂူလှိုဏ်ကြီးသည်ကား ကွေ့ကွေ့ကောက်ကောက်ဖြင့် အောက်ခြေကြမ်းပြင်သည်လည်း ရေညှိတို့ကြောင့် ချွတ်ချော်လျက် ရှိလေသည်။ ထို့အပြင် အချို့နေရာတို့၌ ရေတို့ စိမ့်ဝင်နေသဖြင့် ရေတောထဲမှပင် ဖြတ်သွားကြရလေသည်။

ယင်းသို့ ရေတောထဲမှ ဖြတ်သွားရသည်တွင် ချောကျိနေသော ကျောက်တုံးတို့ကို စမ်းတဝါးဝါးဖြင့် နင်းလျှောက်ရလေရာ ကျွန်ုပ်တို့မှာ မကြာခဏ ချော်လဲလျက်ရှိတော့သည်။

"အတော်ကြမ်းတမ်းတဲ့ခရီးပဲ မစ္စတာဒီအိုရေ၊ တော်ကြာ . . . ချော်လဲခေါင်းကွဲပြီး မာလကီးယားမှ ကျွန်တော်တို့ကိုယ်တိုင် ကျုတ်ဖြစ်နေဦးမယ်နော် . . . ဟား ဟား ဟား"

ဆင်မြူရယ်က နောက်ပြောင်ပြီး ရယ်လိုက်သည်တွင်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ရယ်သံအဆုံး၌ ဂူလိုဏ်ကြီး၏အတွင်းပိုင်းမှ ရယ်သံကြီး ထွက်ပေါ်လာတော့၏။

"ဟား ဟား ဟား"

"ဟာ ... ဂူ, ဂူအတွင်းပိုင်းက ရယ်သံကြီးထွက်ပေါ် လာပါလား။ ကျုပ်တွေရဲ့ရယ်သံကြီးနဲ့တူတယ်"

ကယားလေး ကာဒူးမှာ ထိတ်လန့်တုန်လှုပ်သွားတော့၏။

"ဟင်း ဟင်း ဟင်း ... အဲဒါ ဘယ်ကျုပ်၊ ဘယ် တစ္ဆေရဲ့ရယ်သံမှ မဟုတ်ပါဘူး ကာဒူးရယ်"

"မစ္စတာဆင်မြူးရယ်ရဲ့ရယ်သံ ပဲ့တင်ထပ်ထွက်ပေါ်လာ တာပါ"

"ဩော် ... ဟုတ်လား၊ ကျုပ်ဖြင့် တစ္ဆေသရဲ ရယ်သံ အောက်မေ့ပြီး လန့်သွားတာပဲ"

ထို့နောက်တွင်မူ ...

ကျွန်ုပ်တို့သည် ဂူလိုဏ်ကြီးထဲသို့ ဆက်လက်ဝင်ရောက် ခဲ့ကြရာ ဂူအဝမှနေ၍ နှစ်ဖာလုံမျှ ရောက်ရှိလာ သည့်အခါမှာမူ ဂူလိုဏ်လမ်းကြီးမှာ လူတို့ပြုပြင်ထုဆစ်ထားဟန်ဖြင့် လေးထောင့်





ကျကျ အနေအထား ဖြစ်လာသည်ကို တွေ့ရလေသည်။

"ဟော ... ဒါ သဘာဝလိုဏ်ဂူကို လူတွေပြုပြင်ထား တာပဲ"

"ဟုတ်တယ် ... မစ္စတာဒီအို။ ဒီလို လူနေအရပ်နဲ့ ဝေးလံသီခေါင်လှတဲ့ တောကြီးမျက်မည်းထဲက ဂူလိုဏ်ကြီးရဲ့ အတွင်းပိုင်းမှာ လူတွေရဲ့လက်ရာကို တွေ့ရတာဟာ အံ့ဩစရာ ပဲ"

ယင်းအချိန်ဝယ် ကျွန်ုပ်တို့၏ လက်နှိပ်ဓာတ်မီးများမှာ အလင်းရောင်ဖျော့တော့ အားနည်းလာရာ အသင့်ယူဆောင်လာ သည့် စတွန်းကင်းမီးအိမ်များကို ထွန်းညှိလိုက်ကြပြီး လက်နှိပ် ဓာတ်မီးတို့ကို သိမ်းလိုက်ကြတော့၏။

ကျွန်ုပ်တို့သည် အတော်အတန် ညီညာသည့် ကျောက် ကြမ်းပြင်ပေါ် ဆက်လက်လျှောက်လှမ်းခဲ့ကြရာ မကြာမီ နှစ် တောင်ခန့်မြင့်သည့် ကျောက်ခုံရှည်တို့ကို တွေ့လာရပြီး ယင်း ကျောက်ခုံတို့ထက်တွင် သစ်သားခေါင်းတလားတို့ကို တွေ့ရတော့ ၏။

"ဟော .. ခေါင်းတလားတွေတော့တွေ့ပြီ ဆရာတို့ရေ"



www.burmeseclassic.com

www.burmeseclassic.com



ကာဒူးက စိတ်လှုပ်ရှားစွာပြောလိုက်ပြီး ရှေ့သို့ ဆက်မတိုးတော့ချေ။ ကျွန်ုပ်က ရှုံ့တွန့်တွန့်ဖြစ်နေသည့် သူ့ကိုကြည့်ပြီး ပြုံးလိုက်မိ၏။

''ကာဒူး ...မင်းက ဝါရင့်မုဆိုးကြီးရဲ့သား၊ တောတောင်ခရီး လမ်းကျွမ်းတဲ့လမ်းပြတစ်ယောက် ဖြစ်နေပြီး ခေါင်းတလားတွေကျတော့ ကြောက်ရှုံ့ရှုံ့ ဖြစ်နေရသလားကွ''

''ဟာ ဆရာရယ် ... ကျုပ်က တောထဲကကျား မကြောက်ဘူးဗျ။ သရဲတော့ ကြောက်တယ်''

''ဖြစ်ရလေကွာ ...ဟား ဟား ဟား''

ကျွန်ုပ်၏ရယ်သံအဆုံးမှာပင် ဂူလှိုဏ်ကြီး၏အတွင်းပိုင်းမှ ကျယ်လောင်လှသည့်ရယ်သံကြီး ထွက်ပေါ်လာပါတော့၏။

''ဟား ဟား ဟား ဟား ဟား ဟား''

''ဟော ...ရယ်သံကြီး ထွက်ပေါ်လာပြန်ပြီ''

''ဟဲ့ကောင် ...ကာဒူးရဲ့။ ပဲ့တင်သံပါကွ''

''ဘာပဲဖြစ်ဖြစ်ဗျာ၊ အဲဒီလို ရယ်သံကြီး ပဲ့တင်ရိုက်ပြီး ထွက်ပေါ်လာတာကိုက အသည်းယားစရာကြီးဗျ။ မရယ်ကြပါနဲ့တော့ ဆရာတို့ရယ်''





တောတွင်းလမ်းပြဖြစ်ပါလျက်နှင့် အသည်းငယ်နေသည့် ကာဒူးကိုကြည့်ကာ ကျွန်ုပ်နှင့် ဆင်မြူရယ်တို့မှာ ငိုအားထက် ရယ်အားသန်နေကြရတော့၏။

ကာဒူးပြောခဲ့သည့်အတိုင်းပင် ခေါင်တလားတို့ကို သစ်ကတိုးသားဖြင့် ပြုလုပ်ထားပြီး ပြောင်ချောသစ်သားပျဉ်ချပ်တို့ဖြင့် ပြုလုပ်ထားကာ စစ်စီး (ခေါ်) သစ်စေးများ သုတ်လိမ်းထားလေရာ ခေါင်းတလားတို့မှာ မည်းမှောင်နေသော်လည်း အချို့သစ်စေးတို့မှာ ကွာကျလျက်ရှိချေသည်။

အတော်ကြီးဆွေးနေသည့် ခေါင်းတလားအရွယ်အစား အမျိုးမျိုး အလုံးသုံးဆယ်ခန့်ကို ကျောက်ခုံတို့ထက်တွင် တွေ့ရလေရာ ကျွန်ုပ်တို့လည်း ခေါင်းဖုံးတို့ကို အသာမရွှေ့ကာ ခေါင်းထဲသို့ ကြည့်ရှုကြလေလျှင် အရိုးစုရုပ်အလောင်းတို့ကိုသာ တွေ့ရလေ၏။ ယင်းအရိုးစုတို့တွင် ဝတ်စားထားသည့် အဝတ်အစားတို့မှာမူ အရောင်အဆင်း ညစ်ထပ်ကာ ဆွေးမြည့်လျက်ရှိချေပြီ။

ကာဒူးမှာ ခေါင်းတစ်လုံးထဲသို့ ကဲကြည့်ပြီးနောက် ချက်နှာရှုံ့မဲ့လျက် နောက်ဆုတ်သွားတော့သည်။

''သွားက အဖြိုးသားနဲ့ဗျာ။ ကျက်သရေ မရှိလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ကျောချမ်းစရာကြီး၊ အနံ့တွေကလည်း ညှီစို့နေတာပဲ''

''နှစ်ချို့အလောင်းတွေပဲကွာ၊ ဒီလောက်တော့ ရှိမှာပေါ့ ကာဒူးရဲ့''

''ကဲ . . . ဆရာတို့ ရောက်ချင်တဲ့နေရာလည်း ရောက်ပြီ။ ပြန်ထွက်ကြမလား''

''ဘာလို့ပြန်ထွက်ရမှာလဲ ကာဒူးရဲ့။ ခုမှ စိတ်ဝင်စားစရာက စတာ။ ဒီခေါင်းတလားတွေ ဘယ်ကရောက်လာတာလဲ။ ဒီဂူလိုဏ်ကြီးရဲ့အဝဘက်က ရောက်လာတာလား။ ဒါမှမဟုတ် . . . ဟောဟိုအတွင်းပိုင်းကနေ ရောက်လာသလားဆိုတာ သိရအောင် ဒီဂူလိုဏ်ကြီးရဲ့အတွင်းပိုင်းထဲ ဆက်ဝင်ကြမယ်ကွ''

''အာ . . . ဒီကျတ်ဂူကြီးရဲ့ အတွင်းပိုင်းထဲ ဘယ်သူမှ မဝင်ရဲကြဘူးဗျ။ ကျုပ်ရဲ့အဖကလည်း မသေခင်က မှာထားခဲ့ဖူးတယ်။ မတော်တဆ ဒီကျတ်ဂူကြီးဘက် ရောက်လို့ ဂူထဲဝင်ဖြစ်ခဲ့ရင် အဖရောက်ခဲ့တဲ့ နေရာထက် ပိုပြီးမဝင်နဲ့တဲ့။ အဖရဲ့ရှေ့က မုဆိုးကြီးတစ်ယောက် အထဲဆက်ဝင်သွားတာ လုံးဝ ပြန်ထွက်မလာတော့ဘူးလို့ ပြောတယ်ဗျ''

ဤတွင် ကျွန်ုပ်နှင့် ကာဒူးတို့မှာ စကားအခြေအတင်





ဖြစ်ရတော့၏။ ကျွန်ုပ်က ဤကျတ်ဂူကြီးကို လွန်စွာစိတ်ဝင်စားနေပြီဖြစ်ရာ ရေဆုံးရေဖျားအထိ ဝင်ကြည့်ရန် ဆုံးဖြတ်ပြီးဖြစ်သလို ကာဒူးကလည်း လုံးဝ ဆက်ဝင်မလိုက်နိုင်ဟု ယတိပြတ် ငြင်းဆိုတော့သည်။

ကျွန်ုပ်က သူ့ကို ငွေကြေးပိုပေးမည်ဟု ကမ်းလှမ်းသည့်တိုင် သူက လုံးဝလက်မခံချေ။

ဆင်မြူရယ်ကမူ ဤခရီးကို လိုက်ပါရန် သူကစပြီး ဆွယ်ခဲ့ခြင်းဖြစ်သဖြင့် သူခေါ်၍ လိုက်ပါခဲ့ရသော ကျွန်ုပ်၏ဆန္ဒကို မကန့်ကွက်လိုချေ။ သို့ဖြင့် နောက်ဆုံးဝယ် ဆင်မြူရယ်ကပင် ဆုံးဖြတ်ပေးရတော့၏။

''ကဲ မစ္စတာဒီအို . . . ဒီဂူလိုဏ်ကြီးရဲ့ ရေဆုံးရေဖျားအထိ ခင်ဗျားဝင်ကြည့်ချင်တယ် မဟုတ်လား။ ဒီတော့ ဝင်သာကြည့်ဗျာ။ အထဲမှာ ဘာတွေပဲကြုံရကြုံရ ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်မယ်။ ကာဒူးကတော့ ဆက်မလိုက်ချင်ရင် ဂူအဝကနေ ပြန်ထွက်ပြီးစောင့်နေကွာ။ ဟုတ်လား''

''ကောင်းပါပြီ''

ဆင်မြူရယ်က တည်ငြိမ်စွာဖြင့် ဆက်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကာဒူး ...မင်းကို ရှင်းစရာရှိတဲ့ ငွေ၊ အခုပဲ ရှင်းပေးလိုက်မယ်။ တကယ်လို့ နောက်နှစ်ရက်ကြာလို့မှ ငါတို့ ဒီဂူကြီးထဲက ပြန်မထွက်လာဘူးဆိုရင် မင်းဘာသာတစ်ယောက်တည်း လှိုင်ကော်ကို ပြန်ပေတော့ ဟုတ်လား"

ဤတွင် ကာဒူးက စိတ်မကောင်းသောမျက်နှာဖြင့် ဆင်မြူရယ်အား ခဏကြာကြည့်နေပြီးမှ စကားကို ခပ်တိုးတိုးဆိုသည်။

"ကျုပ်ကို ခွင့်လွှတ်ပါ ဆရာ။ ကျုပ်အဖရဲ့ စကားကို နားထောင်ရပါမယ်"

"အေးပါကွာ ...ငါတို့ နားလည်ပါတယ်။ ကဲ ကဲ ...မင်း ဂူအဝဆီ ပြန်ထွက်သွားပေတော့"

ကာဒူးတစ်ယောက် ဂူလိုဏ်ကြီး၏ အဝဘက်သို့ ပြန်လှည့်ထွက်သွားသည်တွင် ကျွန်ုပ်နှင့် ဆင်မြူရယ်တို့သည်လည်း ဂူလိုဏ်ကြီး၏အတွင်းပိုင်းသို့ ဆက်ဝင်ခဲ့ပါတော့၏။

ကျွန်ုပ်တို့နှစ်ဦးသည် အရေးကြုံလာပါက အလွယ်တကူ အသုံးပြုနိုင်ရန် အမဲပစ်ရိုင်ဖယ်တို့ကို လက်ယာလက်ထဲတွင် ကိုင်စွဲထားပြီး လက်ဝဲဘက်လက်ထဲမှ ဖန်မီးအိမ်ကို မြှောက်



ကိုင်လျက် သတိကြီးစွာထားရင်း ဂူလိုဏ်ကြီးထဲသို့ ဆက်လက်လှမ်းဝင်ခဲ့ပါတော့၏။

ကျွန်ုပ်တို့သည် ကိုက်နှစ်ရာခန့် လျှောက်လှမ်းမိလေလျှင် ရေစီးသံများကြားလာရပြီး ဂူလိုဏ်ကြီး၏အမိုးမျက်နှာကြက်နှင့် နံရံတို့သို့ အလင်းတန်းဖြူဖြူတို့ ရိုက်ခတ်လျက်ရှိသည်ကို သတိပြုမိတော့သည်။

"ဟာ ...ဂူထဲအလင်းရောင်ဝင်နေပါလား"

ရှေ့သို့ ကိုက်နှစ်ဆယ်ခန့် ဆက်လှမ်းလိုက်လျှင်မူ ရှေ့၌ ကန့်လန့်ခံနေသည့် အခြားဂူလိုဏ်လမ်းတစ်ခုကို တွေ့ရပြီး ယင်းဂူလိုဏ်လမ်းတစ်လျှောက် ရေစီးကြောင်းတစ်ခုက တသွင်သွင် စီးဆင်းလျက် ရှိသည်ကို တွေ့ရတော့၏။

"ဟာ ...ရေစီးကြောင်းကြီးတစ်ခုပါလား"

"ရေကတော့ သိပ်မနက်ဘူး မစ္စတာဒီအို"

"ဟုတ်တယ်၊ ရေကကြည်နေတော့ ရေအောက်ကြမ်းပြင်က ကျောက်တုံးကျောက်ခဲတွေကိုတောင် တွေ့နေရတယ်။ ရေအနက်ကတော့ ခါးစောင်းလောက်ပဲ ရှိမယ်ဗျ"

ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်က ရေထဲသို့ ဆင်းရန် ပြင်



www.burmeseclassic.com

www.burmeseclassic.com

ပြင်လိုက်စဉ် ဆင်မြူရယ်က ကျွန်ုပ်၏လက်မောင်းကို ရုတ်တရက် ဖမ်းဆွဲလိုက်ပြီး ခပ်လှမ်းလှမ်းမှ ရေပြင်အောက်သို့ လက်ညှိုးညွှန်ပြလိုက်၏။

"အလို . . . ငါးအုပ်ကြီးပါလား"

ခပ်မည်းမည်း မွဲခြောက်ခြောက်အရောင်ရှိ ငါးအုပ်ကြီးသည် ရေအောက်ကြမ်းပြင်နှင့်ကပ်လျက် ရေစီးကြောင်းကိုဆန်ကာ တရွေ့ရွေ့ ဆိတ်ငြိမ်စွာ ကူးခတ်လျက်ရှိသည်ကို တွေ့ရချေ၏။

"ဟာ . . . ပ . . . ပရမ်းညား ငါးတွေပဲ"

လူ့လက်ဝါးခန့်သာ အရွယ်အစားရှိပြီး အောက်မေးက ရှေ့သို့ချွန်းထွက်နေသဖြင့် ယင်းတို့၏အောက်သွားချွန်ချွန်ဖွေးဖွေးတို့ကို ရေအောက်ထဲတွင် အတိုင်းသား မြင်နေရလေ၏။

"အိုး ဂေါ့ဒ် . . . တော်ပါသေးရဲ့။ စောစောကသာ ရေထဲ ခြေထောက်ချမိရင် ပျားတူ (ပဒူ) တွင်းထဲ ခြေချမိသူထက် ဆိုးမယ်။ မစ္စတာဆင်မြူရယ်ရေ"

"ဟုတ်ပဗျာ"

"ဒါထက်နေပါဦး . . . အဲဒီ ပရမ်းညားငါးတွေက





တောင်အမေရိကတိုက်က အမဇုံမြစ်ဝှမ်းမှာမှရှိတာ မဟုတ်ဘူးလား။ ဒီနေရာကို ဘယ်လိုလုပ်ရောက်နေပါလိမ့် မစ္စတာဆင်မြူရယ်"

"အင်း . . . ကျွန်တော် မြန်မာပြည်ကိုရောက်စက မြန်မာပြည်ရဲ့ တောတောင်ရေမြေသဘာဝအခြေအနေဆိုတဲ့ စာတမ်းတစ်စောင် ဖတ်ဖူးတယ်ဗျ။ အဲဒီစာတမ်းထဲမှာ သံလွင်မြစ်ရဲ့တစ်နေရာနဲ့ မြန်မာပြည်အနောက်မြောက်ပိုင်းက ဥရုမြစ်တစ်ကြောမှာ လူသားစား ပရမ်းညားငါးမျိုးစိတ်တစ်မျိုး ရှိတယ်လို့ ဖတ်ရတယ်ဗျ"

"ဒါဆို . . . ဒီရေစီးကြောင်းက သံလွင်မြစ်နဲ့ ဆက်နေပုံရတယ် မစ္စတာဆင်မြူရယ်"

"အင်း . . . ဒီတောအုပ်တောင်တန်းတွေရဲ့ အရှေ့ဘက်မှာ သံလွင်မြစ်ကြီးရှိနေတာပဲ။ အဲဒီမြစ်ကြီးနဲ့ ဒီရေစီးကြောင်း ဆက်နွယ်နေနိုင်တာပဲ"

ကျွန်ုပ်က ရေစီးကြောင်းအောက်ရှိ ကျောက်ကြမ်းပြင်၏ ညိုညစ်ညစ်အရောင်နှင့် ရောထွေးလျက်ရှိသည့်အပြင် ရေစီးကြောင်းကို ခပ်ဖြည်းဖြည်းကူးခတ်ဆန်တက်နေသော လူသားစား



www.burmeseclassic.com

www.burmeseclassic.com

ပရမ်းညား ငါးအုပ်အား ငုံ့ကြည့်ရင်း ကြက်သီးဖြန်းဖြန်းထမိပါတော့၏။

ရေအောက်ကျောက်ကြမ်းပြင်၌ ဖော့စဖရိတ်ဓာတ်တို့ကပ်ငြိနေသဖြင့် ရေပြင်က ရောင်ပြန်ဟပ်ကာ ဂူလိုဏ်ကြီးထဲတွင် မှုန်ဝါးဝါးလင်းကျင်းလျက်ရှိရာ ယင်းအလင်းရောင်ဖြင့် ပရမ်းညားငါးတို့ကို တွေ့မြင်နေရခြင်းဖြစ်ပေသည်။

''အင်း . . . ဒီမရဏငါးတွေကို တော်ရုံလူ သတိထားမိဖို့ မလွယ်ဘူး။ ဒီလိုလူသားစားငါးတွေရှိမှန်းမသိဘဲ ဒီရေစီးကြောင်းထဲက ဖြတ်ကူးမိသူတွေဟာ ဒီဂူလိုဏ်ကြီးထဲကနေ ဘယ်တော့မှ ပြန်မထွက်နိုင်တော့တဲ့သူတွေပဲ''

''ဟုတ်တယ်ဗျို့ . . . ဒါထက် ကျုပ်တို့ ဒီရေစီးကြောင်းကို ဘယ်လိုဖြတ်ကျော်ကြမလဲ မစ္စတာဆင်မြူရယ်''

''မပူပါနဲ့လေ . . . ဒီမရဏငါးတွေရဲ့ရန်က လွတ်အောင် ကျွန်တော် ကြံပါ့မယ်''

ဆင်မြူရယ်က ပြောပြောဆိုဆိုဖြင့် ရိက္ခာခြောက်ခြင်းထဲမှ မခြောက်တခြောက် ဒရယ်သားခြောက်တို့ကို ထုတ်ယူလိုက်လေသည်။





ယင်းဒရယ်မှာ ယခုလမ်းခရီး၌ ဆင်မြူရယ်ပစ်ခတ်ရရှိထားသော သားကောင်ပင်ဖြစ်ပေ၏။

''ကဲ . . . ပရမ်းညားတွေကို အဝေးဆီ ကျွန်တော်ပို့လိုက်တုန်း အမြန်ဆုံးဖြတ်ကူးပေတော့ မစ္စတာဒီအို''

ဆင်မြူရယ်က ဒရယ်သားခြောက် အမြှောင်းမြှောင်းတို့ကို ပေနှစ်ဆယ်ခန့်အကွာ ရေစုန်ဘက်ဆီ တစ်မြှောင်းပြီး တစ်မြှောင်း လွှင့်ပစ်တော့၏။

ဒရယ်သားခြောက်တို့ တစ်မြှောင်းပြီးတစ်မြှောင်း ရေထဲကျသွားပြီးသည်နှင့် ရေအောက်မှ မရဏငါးအုပ်ကြီးမှာ ရေထဲမှ အသားနံ့တို့ကို ရသွားသည်ထင့် ချက်ချင်း လှုးလွန့်ကူးခတ်ကာ နောက်ကြောင်းပြန်လှည့်လိုက်ကြပြီး ရေစုန်အတိုင်း လျင်မြန်စွာ ကူးခတ်သွားကြပါတော့သည်။

ရာနှင့်ချီသည့်ငါးအုပ်ကြီး ရေစုန်ဘက် မည်းမည်းလှုပ်လှုပ် ရွေ့လျားသွားသည်နှင့် ကျွန်ုပ်နှင့် ဆင်မြူရယ်တို့သည် ရေထဲသို့ ကပျာကသီ ဆင်းလိုက်ကြပြီး ခါးစောင်းခန့်ရှိသည့် ရေစီးကြောင်းကို လျင်မြန်စွာ ဖြတ်သန်းကြတော့၏။

''မြန်မြန် မြန်မြန် . . . ငါးတွေ ပြန်လှည့်လာပြီ



www.burmeseclassic.com

www.burmeseclassic.com

ပြန်လှည့်လာပြီ''

ဆင်မြူရယ်၏ အော်ဟစ်သတိပေးသံက ဂူလိုဏ်တို့ထဲတွင် ပဲ့တင်ထပ်မြည်ဟီးသွားသည်။

ကျွန်ုပ်လည်း ရေအလျဉ်ထဲဝယ် အားတင်းလျက် မြန်နိုင်သမျှ မြန်အောင် ကြိုးစားဖြတ်သန်းရာ ရေညှိအထပ်ထပ်ဖြင့် ချွဲကျိုနေသော ကျောက်တုံးကျောက်ခဲတို့ကြောင့် ခြေချော်မလဲစေရန် မနည်းသတိထားရလေသည်။

''ငါးတွေ အနားရောက်လာပြီ၊ ကမ်းပေါ်တက် ... တက်''

ဆင်မြူရယ်၏ အော်ဟစ်သတိပေးသံမဆုံးမီမှာပင် ကျွန်ုပ်သည် တစ်ဖက်ကမ်းသို့ ရောက်သွားပြီး ကမ်းပေါ်သို့ လျင်မြန်စွာ ကုတ်ကပ်တက်လိုက်ရ၏။

ပြီးလျှင် ချက်ချင်းပင် ဆင်မြူရယ်ကိုပါ အားစိုက်လျက် ကမန်းကတန်း ဆွဲတင်ရလေသည်။

လူသားစားငါးအုပ်ကြီး ဆင်မြူရယ်၏ ခြေထောက်အနီးသို့ ရုတ်ခနဲ မရောက်လာမီ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ကျွန်ုပ်က သူ့ကိုဆွဲတင်လိုက်နိုင်ပါ၏။





''ဟူး ... တော်ပါသေးရဲ့ဗျာ''

ပရမ်းညားငါးအုပ်ကြီးသည်ကား ကျွန်ုပ်၏အောက်မှ ကမ်းစပ်ဝယ် မည်းမည်းလှုပ်လျက်ရှိချေပြီ။

ကျွန်ုပ်တို့သည် ကြောက်မက်ဖွယ် ငါးအုပ်ကြီးကို စိတ်မသက်မသာစွာ ငုံ့ကြည့်ရင်း ခေတ္တအပန်းဖြေနားနေလိုက်ကြတော့၏။ အတန်ငယ် အမောပြေပြီးနောက် ဆင်မြူရယ်က လက်ပတ်နာရီကိုကြည့်ကာ ညစာစားရန် အချိန်ကျပြီဟု သတိပေးရာ ကျွန်ုပ်တို့လည်း ရေစိုခံနေသည့် ကျောပိုးအိတ်ထဲမှ အသားဘူးတို့နှင့် ပေါင်မုန့်ခြောက်ဘူးတို့ကို ထုတ်ယူလိုက်ကြလေ၏။

ကျွန်ုပ်တို့သည် ဂူနံရံကိုမှီထိုင်လျက် ပေါင်မုန့်ခြောက်နှင့် အသားတို့ကို အားပါးတရစားသုံးလိုက်ကြလေသည်။

ထို့နောက် ကျွန်ုပ်တို့သည် စတွန်းကင်းမီးအိမ်တို့ကို ထွန်းညှိလိုက်ကြတော့၏။

အမှန်တော့ မည်းမည်းမှောင်နေသည့် ဂူလိုဏ်ကြီးထဲတွင် နေ့နှင့်ညသည် ကျွန်ုပ်တို့အတွက် လုံးဝ အကျိုးသက်ရောက်မှု မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပြီးနောက် စီးကရက်တစ်လိပ်စီ ထုတ်ဖွာလျက် ဂူနံရံတို့ကို မီးထိုင်ကာ ထမင်းလုံးစီနေကြရာမှ ခဏာအကြာဝယ် ဂူလှိုဏ်ကြီး၏အတွင်းထဲသို့ တိုးဝင်ခရီးဆက်ကြပြန်ပါ၏။

ကျွန်ုပ်တို့သည် ကွေ့ကွေ့ကောက်ကောက် ဂူလှိုဏ်လမ်းချိုးအတိုင်း လျှောက်လှမ်းခဲ့ကြရာမှ ကိုက်တစ်ရာခန့် သွားမိလေလျှင် ရှေ့ဆီဝယ် ကျောက်သားလှေကားထစ်များကို တွေ့ရတော့သည်။

ကျွန်ုပ်နှင့် ဆင်ဖြူရယ်တို့သည် တစ်ဦး၏မျက်နှာတစ်ဦးကြည့်လိုက်ကြပြီးနောက် ထိုကျောက်သားလှေကားထစ်များကိုနင်းကာ တက်လာခဲ့ကြတော့၏။

လှေကားထစ်ဆယ့်တစ်ထစ်ကို နင်းတက်ခဲ့ပြီးနောက်မှာမူ ပေနှစ်ဆယ်ခန့် ကျယ်ဝန်းသည့် လေးထောင့်ကျကျ အခန်းကြီးထဲသို့ ရောက်ရှိသွားပါတော့သည်။

ယင်း လေးထောင့်ကျောက်သားအခန်းကြီး၏အလယ်တွင် ကျောက်ဖြူသားအုတ်ခုံရှည်ကြီး ရှိနေပြီး ထိုအုတ်ခုံကြီးအပေါ်၌ တရုတ်ခေါင်းတလားနှယ် အနက်ရောင်ခေါင်းတလားလုံးလုံးကြီးကို တွေ့ရလေသည်။





ကျွန်ုပ်တို့သည် ဖန်မီးအိမ်တို့ကို မြှောက်ကိုင်ကြလျက် ကျောက်သားအခန်းကြီးထဲ သတိကြီးစွာဖြင့် အကဲခတ်ကြည့်လှမ်းဝင်ရင်း ခေါင်းတလားကြီးအနီးသို့ ချဉ်းကပ်သွားကြတော့၏။

အနီးသို့ရောက်မှ သေချာကြည့်လိုက်သည်တွင် ယင်းခေါင်းတလားကြီးမှာ ကျွန်းအပင်လုံးလိုက်ကြီးကို ဖြတ်တောက်ကာ ထွင်းထားသည့် ခေါင်းတလားကြီးဖြစ်ပြီး အနက်ရောင်ဆေးသုတ်ထားကာ ခေါင်း၏ပတ်လည်၌ ပန်းကနုတ်တို့ကိုပါ လှပစွာ ဖော်ထားလေသည်။

''အတော်ခမ်းနားလှပတဲ့ အခေါင်းကြီးပဲဗျ''

''ဟုတ်တယ် . . . ကျုပ်တို့ပြီးခဲ့တဲ့ ဂူလှိုဏ်လမ်းထဲမှာ တွေ့ခဲ့ရတဲ့ အခေါင်းတွေနဲ့ မတူဘူး''

''ကြည့်ပါဦး . . . အခေါင်းတင်ထားတဲ့ ဒီကျောက်ဖြူသားခုံမှာလည်း ပန်းကနုတ်တွေ ထွင်းထုထားတယ် မစ္စတာဒီအို''

''အင်း . . . ဒါဟာ တော်တော်အရေးပါတဲ့ပုဂ္ဂိုလ်ရဲ့ခေါင်းတလားဖြစ်မယ်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် စိတ်ဝင်စား၊ စိတ်လှုပ်ရှားစွာဖြင့် ခေါင်းဖုံး မည်းမည်းကြီးကို တွန်းဖွင့်လိုက်ကြပြီးလျှင် ခေါင်းဖုံးကို ကျောက်ခုံဘေးသို့ မ,ချလိုက်ကြလေ၏။

"အင်း ... ဒီခေါင်းဖုံးကိုက အတော်လေးတာပါလား"

ထို့နောက်မှာမူ ကျွန်ုပ်သည် ဖန်မီးအိမ်ကို မြှောက်ကိုင်လျက် ခေါင်းတလားကြီးထဲသို့ ငုံ့ကြည့်လိုက်တော့၏။

ခေါင်းကြီး၏အထဲတွင်ကား ရွှေသားမကိုဋ်မှသရဖူကို ဆောင်းထားပြီး ရွှေစလွယ်လွယ်ထားသည့် အရိုးစုအလောင်း ကောင်ကြီးကို တွေ့ရပါတော့သည်။

"ဟာ ... ဒါ ရှေးခေတ်မြန်မာဘုရင်တစ်ပါးရဲ့ ရုပ်အလောင်း ဖြစ်မယ်ဗျ"

"ဟုတ်မယ် ... မစ္စတာဒီအို၊ ကြည့်ပါဦး ရွှေသား သရဖူမှာ အဖိုးတန်ကျောက်တွေ စီခြယ်ထားတယ်ဗျ။ ရွှေစလွယ် မှာရော‌ပဲ ပတ္တမြားတွေ၊ စိန်တွေ၊ နီလာတွေ၊ ကျောက်စိမ်းတွေ ခြယ်လို့ဗျ"

ထိုအရိုးစုအလောင်းဝယ် ပိုးဖဲအဝတ်တန်ဆာများ ဝတ်ဆင်ပေးထားသော်လည်း ယင်းအဝတ်အစားတို့မှာ အတော်





ဆွေးမြည့်လျက်ရှိချေပြီ။

"အလောင်းကောင်ရဲ့ ရင်ဘတ်ပေါ်မှာ ပေစာထုပ်တစ်ထုပ်ပါလားဗျ. မစ္စတာဒီအို"

"ဟုတ်တယ်ဗျ"

ကျွန်ုပ်က အလောင်းကောင်၏ရင်ဘတ်ပေါ်မှ ပေစာထုပ်အား လှမ်းယူလိုက်လေ၏။

အနီပေစာထုပ်ကို ပိုးကြိုးဖြင့်ချည်ထားသော်လည်း ယင်း ပိုးကြိုးမှာ ဆွေးမြည့်ပြတ်တောက်လျက်ရှိလေသည်။

ကျွန်ုပ်က အတော်လေးဆွေးမြည့်နေပြီဖြစ်သည့် ပေရွက်တို့ကို ဂရုတစိုက်ကိုင်တွယ်ကာ ပေရွက်တို့အပေါ်မှ စာအက္ခရာတို့ကို ကြည့်လိုက်မိသည်တွင် အတော်အံ့သြသွားမိတော့၏။

"ဟာ ... မစ္စတာဆင်မြူရယ်ရေ၊ ဒီပေရွက်တွေပေါ်မှာ ရေးထိုးထားတာက မြန်မာစာလုံးအက္ခရာတွေ မဟုတ်ဘူးဗျ"

ကျွန်ုပ်ရော ဆင်မြူရယ်ပါ အင်္ဂလိပ်လူမျိုးများဖြစ်ကြသော်လည်း မြန်မာပြည်သို့ သွားရောက်အမှုထမ်းရမည် ဆိုကတည်းက မြန်မာစာပေနှင့် စကားကို လေ့လာထားသည့်အပြင် မြန်မာပြည်တွင် အလုပ်ခွင့်ဝင်တော့လည်း ထိတွေ့ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရသည့် မြန်မာများထံမှ စာပေနှင့်စကားတို့ကို လေ့လာဆည်းပူးခဲ့ကြရာ နှစ်ယောက်စလုံး မြန်မာစာ၊ အရေး၊ အဖတ်၊ အပြောတို့ အတော်လေးကျွမ်းကျင်စွာ တတ်မြောက်ခဲ့ကြပါ၏။

ယင်းသို့လျှင် မြန်မာစာကို အတော်လေးရေးတတ် ဖတ်တတ်သဖြင့် ယခုပေရွက်တို့ပေါ်မှ စာလုံးအက္ခရာတို့မှာ မြန်မာတို့၏ စာလုံးအက္ခရာတို့ မဟုတ်မှန်း ကြည့်ရုံဖြင့် သိပေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် တစ်ခုတည်းသော ဂူပေါက်မှနေ၍ ဂူလိုဏ်လမ်းအတိုင်း ဆက်လက်ဝင်သွားရာ ကိုက်တစ်ရာခန့် သွားမိလျှင်မူ ရှေ့ဆီဝယ် ဂူပေါက်ပိတ်ဆို့လျက်ရှိသည်ကို တွေ့ရတော့၏။

"ဒါဟာ ... တစ်ဖက်ကိုထွက်တဲ့ ထွက်ပေါက်ဖြစ်မယ်ဗျ။ ကြည့်စမ်း ... အုတ်တွေစီပြီး အင်္ဂတေတွေနဲ့ ထွက်ပေါက်ကို ပိတ်ထားတာဗျ"

"ဟုတ်တယ်ဗျို့၊ ထုနဲ့ထည်နဲ့ကို ပိတ်ထားတာပဲ"

"အင်း ... ဂူလိုဏ်လမ်းကတော့ ဒီမှာဆုံးသွားပြီဗျ။ ဒီပိတ်ဆို့ထားတာကြီးကို ဖြိုချနိုင်ရင်တော့ ဘယ်လိုနေရာရောက်ပြီး ဘာတွေ တွေ့ရဦးမလဲမသိဘူး"





"ဒီထုထည်ကြီးကို ဖြိုခွဲဖောက်ထွက်ဖို့ဆိုရင် လက်နက်ကိရိယာအစုံအလင်နဲ့ လူအင်အား လိုမယ်ဗျ။ ခုတော့ ဒီနေရာမှာပဲ စိတ်လျှော့လိုက်ပါတော့ မစ္စတာဒီအို"

"အေးပါဗျာ ... ဘာတတ်နိုင်မှာလဲ"

ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် လာရာလမ်းအတိုင်းပြန်လှည့်ခဲ့ကြရာ ရှေးမြန်မာဘုရင်၏ ဂူသင်္ချိုင်းခန်းဆောင်ကြီးထဲသို့ ပြန်ရောက်သွားပါတော့၏။

"ဒီအရိုးစုဟာ အင်္ဂမတာန် သမိုင်းတန်ဖိုးရှိမယ့် အရိုးစုဗျ။ ဒီတော့ ...ဒီအရိုးစုကို ကျုပ် အင်္ဂလန်ပြန်တာနဲ့ ယူသွားမယ်ဗျာ။ မစ္စတာဆင်မြူရယ်"

"ခေါင်းတလားကြီးရော သယ်မှာလား"

"ခေါင်းတလားကြီးတော့ သယ်လို့မဖြစ်ဘူးဗျ၊ ချပ်ဝတ်တန်ဆာတွေနဲ့အတူ ဒီဘုရင့်အလောင်းကို ခရီးဆောင်အိတ်ထဲထည့်သွားမယ်ဗျာ။ အဲဒီဘုရင်ရဲ့ သရဖူမကိုဋ်နဲ့ စလွယ်ကကျောက်သံပတ္တမြားတွေကိုတော့ ခင်ဗျားနဲ့ကျုပ် အညီအမျှခွဲဝေယူကြတာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ သက်စွန့်ဆံဖျား လာရောက်ရတဲ့ ဒီခရီးမှာ ခင်ဗျားလည်း အကျိုးခံစားခွင့်ရသင့်သို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ရွှေစလွယ်၊ ရွှေသရဖူနဲ့ အရိုးစုကိုတော့ ကျုပ်ယူမယ်ဗျာ''

''ရပါတယ်ဗျာ . . . ခင်ဗျား ကြိုက်နှစ်သက်သလိုသာ စီမံပါ''

သို့ဖြင့် ဆင်မြူရယ်နှင့် ကျွန်ုပ်သည် အလောင်းကို ခေါင်းတလားကြီးထဲမှ မ,ထုတ်လိုက်ကြပြီး အလောင်း၏ ခန္ဓာကိုယ်ပေါ်မှ စလွယ်ကိုရော သရဖူကိုပါ ဖြုတ်လိုက်ကြလေသည်။ ထို့နောက် ယင်းတို့၌ မြုပ်နှံထားသည့် ကျောက်မျက်ရတနာတို့ကို အမဲလိုက်ဓားမြှောင်ထိပ်ဖျားဖြင့် ကော်ထုတ်ကာ ဆင်မြူရယ်နှင့် ကျွန်ုပ်တို့ အညီအမျှ ခွဲဝေယူလိုက်ကြလေ၏။

ကျွန်ုပ်သည် ကျောပိုးအိတ်ထဲသို့ အရိုးစုကို ခွေခေါက်ထည့်လိုက်ရာ ကျောပိုးအိတ်တစ်လုံးလုံး ပြည့်သွားပါတော့သည်။

ဆင်မြူရယ်က သရဖူနှင့် ရွှေစလွယ်ကို သူ့ကျောပိုးအိတ်ထဲ ထည့်ယူလာပေးလေသည်။

ကျွန်ုပ်တို့နှစ်ဦးသည် ဤကဲ့သို့မြန်မာဘုရင်၏အလောင်းကို တွေ့ရှိသယ်ယူခဲ့ကြောင်း မည်သူ့ကိုမျှ မပြောရန် ကတိထားကြလေ၏။

ယင်းနောက်မှာမူ ကျွန်ုပ်တို့သည် ကျတ်ဂူကြီးထဲမှ





အောင်မြင်စွာ ထွက်ခွာခဲ့ကြပြီးလျှင် လမ်းပြလေး ကာဒူးကိုခေါ်ငင်လျက် လွိုင်ကော်သို့ ပြန်လာခဲ့ကြပါတော့၏။

ကျွန်ုပ်တို့ လွိုင်ကော်သို့ပြန်ရောက်ပြီး နောက်နေ့မှာပင် လေယာဉ်ဆိုက်ရောက်လာသဖြင့် ယင်းလေယာဉ်နှင့်ပင် ကျွန်ုပ်တို့မှာ ရန်ကုန်လေဆိပ်ဆီ လိုက်ပါသွားရပါတော့သည်။

ထို့နောက် ရန်ကုန်ဆိပ်ကမ်းမှနေ၍ ပင်လယ်ကူးသင်္ဘောကြီးစီးကာ အင်္ဂလန်သို့ ပြန်လာခဲ့ကြရာ၌ ရှေးမြန်မာဘုရင်၏အလောင်းမှာ ကျွန်ုပ်၏ကျောပိုးအိတ်ကြီးထဲတွင် ငြိမ်သက်စွာ ပါလာခဲ့လေ၏။

ကျွန်ုပ်သည် အင်္ဂလန်သို့ ပြန်ရောက်သည့်တွင် ရှေ့ရှိုင်းယားအရပ်မှ အမွေဆက်ခံရရှိသည့် လယ်တောအိမ်ကြီး၏ မြေအောက်ခန်းထဲတွင် မြန်မာဘုရင်၏အလောင်းကို ကျကျနန ပြင်ဆင်ကာ သိမ်းဆည်းထားခဲ့လေသည်။

ကျွန်ုပ်သည် အိမ်ထောင်ရက်သားကျပြီးနောက် အလုပ်မလုပ်တော့ဘဲ မြန်မာဘုရင်၏အရိုးစုအလောင်းမှ ရရှိခဲ့သည့် ကျောက်သံပတ္တမြားတို့ကို ရောင်းချရငွေဖြင့် အရင်းအနှီးပြုကာ လန်ဒန်မြို့အခြေစိုက် သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုတွင် အစု



www.burmeseclassic.com

www.burmeseclassic.com

ရှယ်ယာဝင်ထားခြင်းဖြင့် စီးပွားရေးလမ်းဖြောင့်လျက် ရှိလေ၏။

ထိုသို့ဖြင့် အိမ်ထောင်သက် နှစ်နှစ်ဆယ်ကျော်သည်အထိ ကျွန်ုပ်၏ဇနီးသည်မေရီသည် ကျွန်ုပ်တို့နေထိုင်ရာ လယ်တောအိမ်ကြီး၏ မြေအောက်ခန်းထဲတွင် အရိုးစုအလောင်းကောင်ကြီးရှိနေသည်ကို မသိချေ။

သို့သော် ကျွန်ုပ်၏ဇနီးသည်သည် အသက်လေးဆယ်ပြည့်ပြီးနောက် မိန်းမသားတို့၏ သဘောဝအရ သွေးဆုံးချိန်၌ မီးယပ်ရောဂါစွဲကပ်လာလေရာ မကြာခဏ လန့်ဖျပ်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်တတ်လာလေ၏။

သူမ သတိလစ်ပြီး သတိပြန်ရလာချိန်၌ သူမသည် အရိုးစုကြီးတစ်ခု၏ လိုက်လံနှောင့်ယှက်ခြင်းကို ခံရကြောင်း ပြောလာလေသည်။

မကြာခဏဆိုသလို ဇနီးသည်မေရီက အရိုးစုကြီး၏ လိုက်လံနှောင့်ယှက်ခြင်းခံနေရကြောင်း ပြောပြောလာရာ ကျွန်ုပ်လည်း အိမ်ကြီးထဲတွင် မြန်မာဘုရင်၏အရိုးစုကြီးကို ဆက်လက်မထားလိုတော့ချေ။





သို့ဖြင့် တစ်နေ့တွင် ယင်းအရိုးစုကြီးကို အိမ်ကြီး၏ မြေအောက်ခန်းထဲမှ မည်သူမျှမသိအောင် ထုတ်ယူပြီးလျှင် ကားပေါ်တင်ကာ လန်ဒန်သို့ မောင်းထွက်ခဲ့ရလေသည်။

လန်ဒန်သို့ရောက်လေလျှင် ကျွန်ုပ်၏မိတ်ဆွေ ဗဟိုပြတိုက်ကြီး၏ ပြတိုက်မှူးမှတစ်ဆင့် ဘုတ်အဖွဲ့အား အကျိုးအကြောင်းပြောပြကာ မြန်မာဘုရင်၏ အရိုးစုအလောင်းကြီးကို ပေါင် ရှစ်သောင်းမျှဖြင့် ရောင်းချခဲ့လေသည်။

ထိုအခါ ပြတိုက်ဘုတ်အဖွဲ့မှ ယင်းအရိုးစုကြီး အဘယ်သို့ ရရှိလာကြောင်း မှတ်တမ်းရေးပေးရန် တောင်းဆိုလာသဖြင့် ဤမှတ်တမ်းကို ရေးသားပေးအပ်ရခြင်းဖြစ်ကာ ဤမှတ်တမ်း၌ ကျွန်ုပ်ဖော်ပြခဲ့သော အကြောင်းအရာအားလုံးမှာ အမှန်အတိုင်းဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

မြန်မာဘုရင်၏ အရိုးစုရုပ်အလောင်းနှင့်အတူ ရရှိခဲ့သည့် ပေစာထုပ်ကိုပါ ပြတိုက်ဘုတ်အဖွဲ့သို့ ပေးအပ်ခဲ့ပါကြောင်း။

ဆာသောမတ်စ်ဒီအို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်စာရေးဆရာ အဂ္ဂဝဏ္ဏသည် ဆာသောမတ်စ်ဒီအို၏မှတ်တမ်းကို ဖတ်ရှုပြီးနောက် ရွှေစကြာဟူသော မြန်မာဘုရင်၏ပေစာထုပ်ကို ကဒ်ဗမှ မြန်မာသို့ ဘာသာပြန်ဆိုခဲ့လေရာ ဖတ်ရသူတို့ အဆင်ပြေချောမွေ့စေရန် ခေတ်သစ်အသုံးအနှုန်း၊ အရေးအသားတို့ဖြင့် ဆက်လက်ဖော်ပြပါအတိုင်း ရေးသားပြန်ဆိုခဲ့ပါတော့သတည်း။

⁂ ⁂ ⁂

ခု နစ် စဉ် ကြယ် တ ပေ

## အခန်း (၂)

### ရွှေစကြာ၏တာဝန်

### ခေါင်းဆောင်မင်္ဂလာပွဲ

### ကျောက်ဘီလူး ကျဆုံးခြင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## ရွှေစကြာ၏တာဝန်

ကျွန်ုပ် ရွှေစကြာသည် သိတတ်စအရွယ်မှစ၍ ဘရသေ့၏။ တဲကျောင်းလေးတွင်သာ နေထိုင်ရလျက် ဘရသေ့ သင်ကြားပေးသည့် အဌရသ တစ်ဆင့်ရှစ်ရပ်သောပညာတို့ကို အပတ်တကုတ် သင်ကြားလေ့ကျင့်နေခဲ့ရသည်မှာ အရွယ်ရောက်သည့်တိုင် ဖြစ်ပေ၏။

ဘရသေ့ထံတွင် ယင်းသို့နေထိုင်ကြီးပြင်းခဲ့ရသည့် ကျွန်ုပ်မှာ မည်သူမည်ဝါ၏သားမှန်း မသိရချေ။ ဘရသေ့အား မေးမြန်းကြည့်သည့်အခါတိုင်းလည်း အချိန်တန်လျှင် ပြောပြမည်



www.burmeseclassic.com

www.burmeseclassic.com

ဟုသာ ပြောလေသည်။

သို့သော် ဘရသေ့က ကျွန်ုပ်အား ပညာသင်ပေးနေပုံမှာ ရည်ရွယ်ချက်တစ်ခုခုရှိဟန်တူပြီး တစ်နှစ်လျှင်တစ်ကြိမ် ဘရသေ့ထံ ရောက်ရှိလာသည့် လူကြီးနှစ်ဦးသည်လည်း ကျွန်ုပ်၏ ဓားရေး၊ လှံရေး လေ့ကျင့်နေသည်တို့ကို စိတ်အားထက်သန်စွာ တစေ့တစောင်း ကြည့်ရှုလိုက်၊ ဘရသေ့နှင့် တီးတိုးတီးတိုး ပြောလိုက်ဖြင့် ပြုမူလေ့ရှိကြလေ၏။

သို့ဖြင့် ကျွန်ုပ်၏ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့တွင် အနှီလူကြီးနှစ်ဦးနှင့်အတူ ချောမောလှပသည့် မိန်းမပျိုလေး တစ်ဦး လိုက်ပါလာသည်ကို တွေ့ရပေသည်။

"ရွှေစကြာရေ ... လာဦးဟေ့"

နံနက်ပိုင်း ဓားရေး၊ လှံရေး လေ့ကျင့်ပြီးနောက် စမ်းချောင်းမှ ရေခပ်ကာ သောက်ရေသုံးရေအိုးတို့ကို ရေဖြည့်နေစဉ် ဘရသေ့က လှမ်းခေါ်လိုက်သဖြင့် ကျွန်ုပ်လည်း ခါးတောင်းကျိုက်ကို ဖြုတ်ကာ ဘရသေ့နှင့် ဧည့်သည်သုံးဦး ဝိုင်းထိုင်နေကြသည့် တဲကျောင်းရှေ့ရှိ ဝါးကွပ်ပျစ်လေး၏အစွန်း၌ တင်ပါးလွှဲ ဝင်ထိုင်လိုက်ရလေသည်။





"ရွှေစကြာ ... မင်း ဒီဦးကြီးနှစ်ယောက်ကို မှတ်ထား၊ သူက ဦးဒိဗ္ဗ၊ သူက ဦးပုဏ္ဏ"

ဘရသေ့က မျက်နှာဝယ် မှတ်ဆိတ်ကျင်စွယ်များရှိပြီး ဦးခေါင်းမှ ဆံပင်ရှည်ကို သျှောင်ထုံးထုံးထားကာ ပိုးပဝါကိုယ်စီ ပေါင်းထားကြသည့် လူကြီးနှစ်ဦးနှင့် ကျွန်ုပ်ကို မိတ်ဆက်ပေးလိုက်ရာ အသားညိုညိုနှင့် ဦးဒိဗ္ဗရော အသားအတန်ငယ်လတ်သော ဦးပုဏ္ဏပါ ကျွန်ုပ်ကို ရွှန်းရွှန်းစားစားပြုံးကြည့်ရင်း ရင်ဘတ်ရှေ့တွင် လက်အုပ်တို့ချီကာ အရိုအသေပြုလိုက်ကြရာ ကျွန်ုပ်မှာ နားမလည်နိုင်အောင် ဖြစ်သွားပြီး ကြောင်အမ်းအမ်း ဖြစ်သွားရလေ၏။

"သူလေးကတော့ နန်းကလျာပဲကွဲ့"

ချောမောလှပသော မိန်းမပျိုလေးကလည်း ကျွန်ုပ်ကို ရွှန်းရွှန်းစားစားကြည့်လျက်မှ နှုတ်ခမ်းထောင့်စွန်းလေးများကို အတွန့်ချိုးပြုံးကာ သူမ၏ရင်လွှာမို့မို့တို့ရှေ့တွင် လက်အုပ်လေးချီပြီး သူမနှင့်သက်တူရွယ်တူမျှသာရှိသော ကျွန်ုပ်ကို ဂါရဝပြုလိုက်လေသည်။

ကျွန်ုပ်မှာ မည်သည့်အခါကမျှ အခြားသူတို့၏ ဂါရဝ



www.burmeseclassic.com

www.burmeseclassic.com



ပြုမှု မခံရဖူးသည့်အပြင် ရသေ့ရဟန်းလည်းမဟုတ်ပါဘဲ အသက်ကြီးရင့်သူတို့ကပါ ဂါရဝပြုနေရာ မနေတတ် မထိုင်တတ်အောင် ဖြစ်သွားမိပေ၏။

သို့သော် ဘရသေ့က ကျွန်ုပ်အား မည်သည့်အခြေအနေ၌ဖြစ်စေ အရာရာကို ရင်ဆိုင်ဝံ့အောင် ရင်ဆိုင်တတ်အောင် စိတ်ဓာတ်မြှင့်တင်ပေးသည့် မနောသိဒ္ဓိပိုင်းဆိုင်ရာပညာရပ်တို့ကို လေ့ကျင့်သင်ကြားပေးထားသဖြင့် အနည်းငယ် ရှိုးတိုးရှန့်တန့်ဖြစ်ယုံကလွဲ၍ တုန်လှုပ်ခြင်းမဖြစ်လှဘဲ ဧည့်သည်သုံးဦးစလုံးကို ခပ်ရဲရဲပြန်ကြည့်နေလိုက်မိတော့၏။

ဘရသေ့က ကျွန်ုပ်ကို ပြုံးကြည့်လျက်မှ –

"ရွှေစကြာ ... ဒီနေ့ မင်းရဲ့အသက် တစ်ဆယ့်ခုနစ်နှစ်ပြည့်ပြီ။ ဘရသေ့လည်း မင်း ခုနစ်နှစ်သားကစပြီး လက်ရုံးရည် နှလုံးရည်ပြည့်ဝအောင် ဆယ်နှစ်ဆယ်မိုး သင်ကြားလေ့ကျင့်ပေးပြီးပြီ ...၊

ခုဆို ... မင်းဟာ တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေတဲ့ အာဇာနည်သိန္ဓောမြင်းတစ်ကောင်လို ခွန်အားစွမ်းပကားတွေ ပြည့်စုံနေပြီ။ ဒါကြောင့် ... ခုအချိန်ကစပြီး သမိုင်းပေး





တာဝန်ကြီးကို မင်း စတင်ထမ်းဆောင်ပြီး လောကကြီးထဲကို တိုက်ပွဲဝင်ဖို့ သွားရတော့မယ်"

ဟု လေးလေးနက်နက်ကြီး မိန့်ကြားလေရာ ကျွန်ုပ်မှာ အံ့သြနားမလည်နိုင်အောင် ခံစားလိုက်ရတော့၏။

"ဘရသေ့ ... ကျုပ် ဘာမှ နားမလည်ပါလား"

"အင်း ... တစ်သက်လုံး နားမလည်ခဲ့တဲ့ မင်း၊ နားလည်လာအောင် ဘရသေ့တို့ ရှင်းပြမှာပေါ့ကွယ်။ တကယ်တော့ မင်းဟာ စေတုတ္တရာပြည်ရဲ့ မင်းလောင်းပဲကွဲ့"

"ဗျာ"

ကျွန်ုပ်မှာ ကိုယ့်နားကိုယ်မယုံနိုင်လောက်အောင် ခံစားသွားရတော့၏။ ကျွန်ုပ် ယခုမှီတင်းနေထိုင်လျက်ရှိသည့် ဘရသေ့၏ တဲကျောင်းလေးရှိရာ တောင်ခါးပန်းမှ အရှေ့မြောက်အရပ်သို့ မျှော်ကြည့်လျှင် တောင်စဉ်အထပ်ထပ်၏ ဟိုမှာဘက်၌ ကျောက်သား အဆောက်အဦအစုအဝေးကြီးကို လှမ်းတွေ့ရလေသည်။

ရေးရေးပျပျသာမြင်ရသည့် ယင်းအဆောက်အဦ အစုအဝေးကြီးကို အမြင့်ပိုင်းတောင်စောင်းပေါ်မှ ဆီးမိုးကြည့်ရင်း ဘရသေ့က လက်ညှိုးညွှန်ပြကာ –



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါ စေတုတ္တရာမင်းနေပြည်တော်ကြီးပဲကွဲ၊ တစ်နေ့ ကျရင် အဲဒီမင်းနေပြည်တော်ကြီးဆီ မင်းသွားရမယ်''

ဟု တစ်ခါမကပြောဖူးသော်လည်း မည်သည့်အချိန်တွင် မည်သည့်အကြောင်းကြောင့် သွားရမည်ကိုမူ မပြောပြဖူးချေ။

ကျွန်ုပ်သည်ကား ဘရသေ့ ရှဲဖန်ရှဲခါ အလျှုံခံထွက်လေ့ ရှိသည့် တောင်အောက်မှ ရွာငယ်အချို့သို့သာ ရောက်ဖူးရာ လွန်စွာခမ်းနားကြီးကျယ်ပြီး လူသူစည်ကားလေမည့် အဲဒီ ရွှေမြို့ တော်ကြီးဆီ တစ်ခါတစ်ခေါက် ရောက်ဖူးအောင် သွားရောက်လို သော်လည်း ဘရသေ့က လုံးဝ ခွင့်မပြုခဲ့ချေ။

''မင်း မှတ်ထား ရွှေစကြာ။ ခြသေ့လို သားရဲဘုရင် တောင်မှ ခွန်အားတို့ ပညာတို့မစုံဘဲ တောမတိုးရဘူးကွ။ အချိန် ခါမသင့်ဘဲ တောတိုးခဲ့ရင် ကိုယ့်လောက်မှ အဖြစ်မရှိတဲ့အဆင့် နိမ့် သားကောင်တွေရဲ့ တိုက်ခိုက်ဖျက်ဆီးမှုကို ခံရတတ်တယ်''

ယခုတော့ ကျွန်ုပ်သည် ယင်းရွှေမြို့တော်ကြီး၏ဘုရင် လောင်းဆိုပါလား။

ကျွန်ုပ် အတွေးများဖြင့် ဝေလျက်ရှိစဉ် ဦးဒိဗ္ဗက ခံညား စွာပြုံးရင်း –





''အရှင်မင်းမြတ်လောင်းလျာကို ရှိသေပါတယ်။ ဒါပေမဲ့ ... အခုအရေးတော်ပုံမအောင်ခင်မှာတော့ သာမန်လူတွေလို နေထိုင်ဆက်ဆံခွင့် ပြုတော်မူပါ''

ဟု ဦးခေါင်းကို ညွှတ်ကိုင်းလျက် တောင်းပန်စကား ဆိုရာ ကျွန်ုပ်က လက်ကာပြလိုက်ရသည်။

''ကျုပ်ကို ဦးရိုးတို့ ဂါရဝပြုဖို့ မလိုပါဘူး။ ကျုပ်ဟာ သာမန်လူပါ၊ ဒါကြောင့် သာမန်လူလိုပဲ ဆက်ဆံပါ။ အခုဖြစ်နေ တာက ကျုပ်ဘာကိုမှ နားမလည်တာပဲ။ ဘာတွေဖြစ်နေတာလဲ၊ ကျုပ်က ဘယ်လိုဖြစ်ပြီး ဘုရင်လောင်းဖြစ်နေရတာလဲ။ အဲဒါကို ရှင်းပြကြပါလား''

ဤတွင် ဦးပုဏ္ဏက လေသံအေးအေးဖြင့် ဝင်ရောက်ရှင်း ပြလေသည်။

''ဒီလိုပါ ရွှေစကြာ ... မောင်ရင်ဟာ ပုဂံဘုရင် ရွှေလောင်းမင်းရဲ့ မြောက်နန်းစံမိဖုရားသားတော်ပါပဲ။ အခု ပုဂံကို အုပ်စိုးနေတဲ့ ထွန်တွင်မင်းက ရွှေလောင်းမင်းကြွားကြီးရဲ့ တောင်နန်းစံမိဖုရားသားတော်ပါပဲ၊ ဒါကြောင့် မောင်ရင်ဟာ ဘုရင့်သားတော် မင်းသားတစ်ပါးပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ရွှေလောင်းမင်းသည်ကား သမုဒ္ဒရာဇ်မင်းကြီး စတင်တည်ထောင်ခဲ့သည့် ပုဂံမင်းဆက်တွင် ၂၈ ဆက်မြောက်မင်းဖြစ်ပြီး ပထမမြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်ကာ မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံဖြစ်စေရန် ဆောင်ရွက်ပေးခဲ့သူ အနော်ရထာမင်းကြီးထက် မင်းဆက် ၁၄ ဆက်စောသူ ဖြစ်ပါသည်။

''ရွှေလောင်းမင်းတြားကြီးဟာ သက်တော်လေးဆယ့်နှစ်နှစ်ကျော်လာကတည်းက လေနာရောဂါစွဲကပ်ပြီး ရောဂါကသည်းသထက် သည်းလာတဲ့အတွက် သူ နတ်ရွာစံခဲ့ရင် သူ့ရဲ့မြောက်နန်းစံမိဖုရားသားတော် အသက်အန္တရာယ်ကျရောက်ရမှာကို အင်မတန် ပူပန်ခဲ့တယ်ကွဲ့ ...။

ဘာဖြစ်လို့လဲဆိုတော့ မင်းကြီးရဲ့တောင်နန်းစံမိဖုရားခေါင်ကြီးဟာ အင်မတန်မှ ဒေါသမာန်စောင် အတ္တကြီးမားလှလို့ပဲ။ အဲဒီတောင်နန်းစံမိဖုရားကြီးဟာ သူ့ရဲ့သားတော် ထွန်းတွင်





မင်းသားရဲ့ထီးနန်းကို မြောက်နန်းစံမိဖုရားရဲ့သားတော် မောင်ရင်က တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် လုယူမှာစိုးတဲ့အတွက် မောင်ရင့်ကို ငယ်ငယ်ကလေးကတည်းက အပြတ်ရှင်းနေချင်တာ ...။

ဒါကို ရွှေလောင်းမင်းကြီးက ရိပ်မိတဲ့အတွက် သူ နတ်ရွာမစံခင်မှာ သုံးနှစ်သားအရွယ် သားတော်လေးဖြစ်တဲ့ မောင်ရင့်ကို ဘေးကင်းရာဆီပို့ဖို့ လက်ယာဝင်းမှူးဖြစ်တဲ့ ကျုပ်နဲ့ တိုင်ပင်ခဲ့တယ် ...။

ဒီလိုနဲ့ ကျုပ်ဟာ သွေးသောက်ရဲဘော်ဖြစ်တဲ့ ဟောဒီက လက်ဝဲဝင်းမှူးဒိဗ္ဗနဲ့ ညှိနှိုင်းပြီး ဘုရင်ကြီးနတ်ရွာမစံခင် နှစ်ရက်အလိုမှာပဲ မောင်ရင်တို့သားအမိကို ပုဂံနေပြည်တော်ထဲကနေ ရုပ်ဖျက်ခေါ်ထုတ်ခဲ့ရတယ် ...။

ဘုရင်ကြီးရဲ့အစီစဉ်ကတော့ သားတော်အငယ်ဖြစ်တဲ့ မောင်ရင့်ကို သားတော်အကြီးနဲ့ ပဋိပက္ခမဖြစ်ရအောင် ပုဂံနေပြည်တော်နဲ့ဝေးရာ အရှေ့မြောက်အရပ်က စေတုတ္တရာဆီ ပို့ပြီး မြို့ပြနိုင်ငံတည်ထောင်လို့ စေတုတ္တရာထီးနန်း စိုးစံစေဖို့ပဲကွဲ့''



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ထိုအချိန်ကာလက မြန်မာနိုင်ငံ၏ အခြေအနေမှာ စည်း လုံးညီညွတ်ခြင်းမရှိဘဲ နိုင်ငံရေးယာအန္တရာယ်ကွင် မြို့ပြနိုင်ငံငယ်များ များစွာ ကွဲပြားတည်ရှိခဲ့လေသည်။

"ဒီလိုနဲ့ ကျုပ်၊ ဒီဗွနဲ့ မြောက်နန်းမိဖုရားကြီးတို့ဟာ သစ္စာရှိနောက်လိုက်အခြွေအရံတွေနဲ့အတူ တောတောင်အထပ်ထပ်၊ မြစ်ချောင်းအသွယ်သွယ်ကို ကျော်ဖြတ်ပြီး ဟောဒီတောင်တန်းကြီးရဲ့ အရှေ့ဘက်စူးစူးက စေတုတ္တရာရွာလေးမှာ အခြေချခဲ့တယ်' ...၊

မောင်ရင်ရဲ့မိခင်မိဖုရားကြီးနဲ့အတူပါလာတဲ့ ကျောက်သံ ပတ္တမြား ရွှေစင်ရွှေသားတွေကို နန်းစောတို့ရဲ့နယ်မှာ သွားရောက် ထုခွဲရောင်းချပြီး စေတုတ္တရာ မြို့ပြနိုင်ငံကို တည်ထောင်ခဲ့ကြတယ်ကွဲ့ ...၊

ဒါပေမဲ့ ... မောင်ရင့်ရဲ့မယ်တော် မြောက်နန်းမိဖုရားကြီး ပုဂံကနေ လျို့ဝှက်ထွက်ခွာလာကတည်းက လူယုံအပျိုတော်

ခု နှစ် စဉ် ကြယ် တာ ပေ



ထိန်းကြီး မယ်နိုင်ပါ ပါလာခဲ့တယ်ကွဲ့။ အဲဒီအပျိုတော်ထိန်းကြီး မယ်နိုင်ဟာ တကယ်တော့ တောင်နန်းစံမိဖုရားကြီးရဲ့ သူလျှိုမှန်း ကျုပ်တို့အားလုံး မသိခဲ့ကြဘူး ...၊

မယ်နိုင်ဟာ မြောက်နန်းမိဖုရားကြီးကို မောင်ရင့်မမွေးခင်ကတည်းက အယုံသွင်းနေခဲ့တော့ စိတ်ထားရိုးဖြောင့်ပြီး လူတိုင်းကို သူ့လိုပဲလို့ ယူဆထားတဲ့ မြောက်နန်းမိဖုရားကြီးဟာ သံသယနည်းနည်းမှကို မဝင်ခဲ့ရှာဘူးလေ ...၊

ဒီလိုနဲ့ စေတုတ္တရာမြို့ပြနိုင်ငံကို ထူထောင်ပြီးတဲ့နောက် စေတုတ္တရာနန်းတော်ကြီးထဲမှာ မောင်ရင့်ကို ရင်ခွင်ပိုက်ဘုရင်လေးအဖြစ် တင်မြှောက်ဖို့ မြောက်နန်းမိဖုရားကြီးက စီစဉ်ခဲ့တယ်ကွဲ့ ...၊

အဲဒီအချိန်မှာ မောင်ရင်ဟာ လေးနှစ်သားအရွယ်လောက်ရှိပြီလေ။ အဲဒီလို ညီလာခံခန်းမကြီးထဲမှာ နန်းအပ်ပွဲတောင်ကျင်းပချိန်မှာပဲ နန်းတော်ကြီးထဲ ဘယ်သူမှမသိအောင် မယ်နိုင် နိုးသွင်းထားတဲ့ သူလျှိုတစ်စုဟာ နန်းတော်ရဲ့အတွင်းဆောင်ကနေ ရုတ်တရက် ထွက်လာပြီး ရာဇပလ္လင်ကို စီးလိုက်ကြတော့တယ်။ တကယ်တော့ အကြံကြီးမားတဲ့ မယ်နိုင်ဟာ

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com


စေတုတ္တရာမြို့ပြနိုင်ငံ စတည်ကတည်းက သူ့ဘက်သားတွေကို ပန်းရံအလုပ်ကြမ်းသမားတွေအဖြစ် အလုပ်ဝင်စေခဲ့ပြီး နောက်တော့ အဲဒီလူတွေကို နန်းစောင့်ရဲမက်တွေအဖြစ် အလုပ်ဝင်စေခဲ့တယ် ...။

အဲဒီ သူ့ရဲ့ဘက်တော်သား ရဲမက်တွေ၊ သူ့လျှိုတွေရဲ့ အင်အားနဲ့ပဲ နန်းတော်ကိုဝင်စီးပြီး တောင်နန်းစံမိဖုရားကြီးရဲ့ တူမတော် စောမြတ်နန္ဒီကို ဘုရင်မအဖြစ် နန်းအပ်လိုက်တယ်ကွဲ့ ...။

အဲဒါနဲ့ တစ်ပြိုင်နက်တည်း မြောက်နန်းစံမိဖုရားကြီးနဲ့ သားတော်တို့ကိုပါ အပြတ်ရှင်းဖို့ ကြိုးစားတော့ ကျုပ်နဲ့ဒိဗ္ဗတို့က သူတို့ရဲ့ရန်က ကာကွယ်ပြီး မောင်ရင်တို့သားအမိကို ကယ်ထုတ်ဖို့ ကြိုးစားခဲ့ကြတယ်ကွဲ့ ...။

ဒါပေမဲ့ ... သူတို့ရဲ့ဘက်သားတွေ၊ သူ့လျှိုတွေရဲ့ လက်ချက်ကြောင့် မောင်ရင်ရဲ့မယ်တော် မြောက်နန်းစံမိဖုရားကြီးဟာ နန်းတော်ရဲ့အနောက်တံခါးက အထွက်မှာပဲ ကံတော်ကုန်ရရှာတယ်ကွဲ့ ...။

ကျုပ်နဲ့ဒိဗ္ဗလည်း မောင်ရင့်ကိုပဲ မရ,ရအောင် ကယ်ထုတ်ခဲ့ကြတယ်ကွဲ့၊ အဲဒီလိုကယ်ထုတ်ခဲ့ပြီးတဲ့နောက် ဒီဘရသေ့ရဲ့ကျောင်းမှာ လာဝှက်ထားခဲ့ကြတယ်ကွဲ့၊ ဒီဘရသေ့ဟာ မြောက်နန်းစံမိဖုရားကြီးရဲ့ အစ်ကိုဝမ်းကွဲတော်တယ် ...။

ဒါကြောင့် ... ကျုပ်ရယ်၊ ဒိဗ္ဗရယ်၊ ဒီက ဘရသေ့ရယ်ဟာ မဟာဇျူဟာ အစီအစဉ်တစ်ရပ်ကို စတင်ခဲ့ကြတယ် ...။

ကျုပ်တို့ရဲ့ပန်းတိုင်ကတော့ မောင်ရင့်ကို စေတုတ္တရာထီးနန်းပြန်တင်ဖို့ပါပဲ။ ဒါကြောင့်လည်း မောင်ရင့်ကို ကျုပ်နဲ့ဒိဗ္ဗက အဝေးကနေ စောင့်ရှောက်ကြပြီး ဘရသေ့ကတော့ မောင်ရင့်ကို မင်းညီမင်းသားတို့ တတ်အပ်တဲ့ အဌရသတစ်ဆယ့်ရှစ်ရပ်အပြင် အထူးပညာရပ်တွေကိုပါ သင်ကြားပေးခဲ့တာပဲကွဲ့ ...။

ဘာဖြစ်လို့ စေတုတ္တရာရဲ့ ရာဇပလ္လင်ပေါ် မောင်ရင့်ကို မရောက်ရောက်အောင် တင်ချင်ရသလဲဆိုတော့ စေတုတ္တရာမြို့ပြနိုင်ငံ တည်ဆောက်ကတည်းက မြောက်နန်းမိဖုရားကြီးရဲ့ ရှေ့တော်မှောက်မှာ ကျုပ်နဲ့ ဒိဗ္ဗဟာ သစ္စာရေသောက် အဓိဋ္ဌာန်ခဲ့ကြတယ် ...။

မြောက်နန်းစံမိဖုရားကြီးတို့ သားအမိအပေါ်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ သစ္စာမဖောက်ပါဘူးလို့ ကတိပြုသစ္စာရေသောက်ခဲ့သလို စေတုတ္တရာထီးနန်းဟာ မောင်ရင့်အတွက်ပဲ ဖြစ်ရမယ်လို့ အဓိဋ္ဌာန်ပြုခဲ့လို့ပါပဲ ...၊

ဒါကြောင့် ... ခုလို မောင်ရင့်ကို စေတုတ္တရာထီးနန်း မရရအောင် ကျုပ်တို့က ဆောင်ကြဉ်းပေးဖို့ စီမံရတာပါပဲကွယ်''

ဦးပုဏ္ဏထံမှ ကျွန်ုပ် မည်သို့မျှ မျှော်လင့်မထားခဲ့သည့် စကားများကို ကြားရသည်တွင် ကျွန်ုပ်မှာ အိပ်မက်မက်သူနှယ် ခံစားနေရကာ ကျွန်ုပ်၏မိခင်ကြီး မရှုမလှ သေပွဲဝင်ခဲ့ရပုံကို မျက်လုံးထဲ၌ မြင်ယောင်လာလျက် ရင်ထဲဝယ် မချိတင်ကဲ ဒေါသအမျက်တို့ လှိုင်းထန်ပေါက်ကွဲလျက်ရှိလေသည်။

''ဒီတော့ ဒီနေ့ပဲ ကျုပ်တို့နဲ့ စေတုတ္တရာမြို့ပြနိုင်ငံဘက်ဆီ လိုက်ခဲ့ရမယ်၊ ကျုပ်တို့ကတော့ စေတုတ္တရာမြို့ထဲဝင်လို့ မဖြစ်ဘူး၊ မြို့စောင့်ရဲမက်တွေက ကျုပ်တို့ကို မှတ်မိနေလိမ့်မယ် ...၊

ဒီတော့ မောင်ရင်က မြို့တော်ထဲကို ရုပ်ဖျက်ပြီးဝင်ရမယ်။ နန်းတော်ထဲမှာ တစ်နည်းနည်းနဲ့ အမှုထမ်းခွင့်ရအောင် ကြိုးပမ်းရမယ် ...၊





အဲဒီလို မောင်ရင်ကြိုးပမ်းတဲ့အခါ ဟောဒီ နန်းကလျာက အတတ်နိုင်ဆုံး ကူညီမှုတွေ ပေးလိမ့်မယ်။ နန်းကလျာဟာ တော်ဝင်နန်းသုံး ကချေသည်အဖြစ် နန်းတော်ထဲ ဝင်ထွက်ခွင့်ရထားပြီးပြီကွဲ့ ...၊

နန်းကလျာက ကျုပ်ရဲ့တူမပါ။ ကျုပ်ရဲ့တူမမှန်း ဘယ်သူမှ မသိကြဘူး ...၊

မောင်ရင်ရော နန်းကလျာပါ နန်းတော်ထဲရောက်ပြီးတဲ့အချိန်မှာ မောင်ရင်က ဘုရင်မ စောမြတ်နန္ဒီကို သတ်ဖြတ်လုပ်ကြံရမယ်။ အခုခေတ် မြို့ပြနိုင်ငံတွေမှာ ဘုရင်ကိုသတ်ရဲသူသာ ဘုရင်ဖြစ်ခွင့်ရှိတယ်။ ဒါကြောင့် လက်ရှိအုပ်ချုပ်ပြီး ဘုရင်မဘွဲ့ခံထားတဲ့ စောမြတ်နန္ဒီကို မဖြစ်မနေလုပ်ကြံပါ ...၊

နန်းကလျာက မောင်ရင့်ကို ပြင်ပက ကျုပ်တို့ရဲ့ဒလန်သူလျှိုအင်အားစုတွေနဲ့ အဆက်အသွယ်ပြုလုပ်ပေးလိမ့်မယ်။ အခွင့်သာတာနဲ့ ဘုရင်မလုပ်နေတဲ့ စောမြတ်နန္ဒီကို လုပ်ကြံပါ။ မောင်ရင်ရဲ့လုပ်ကြံမှု အောင်မြင်ပြီးတာနဲ့ ကျုပ်တို့ဘက်တော်သားတွေဟာ နန်းတော်ရဲ့ ရာဇပလ္လင်ကို ဝင်စီးပြီး မောင်ရင့်ကို နန်းတင်မယ်''



www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဦးဒိဗ္ဗကလည်း ဝင်ပြောသည်။

''ဟုတ်တယ် . . . ရွှေစကြာ၊ မောင်ရင့်ကို စေတုတ္တရာရဲ့ ဘုရင် မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်လို့ မောင်ရင့်ရဲ့ မယ်မယ် မြောက်နန်းစံမိဖုရားကြီးဆီမှာ ကတိပြုသစ္စာဆိုထားပြီးပြီ။ ကျုပ်တို့ရဲ့သစ္စာ၊ ကတိ၊ အဓိဋ္ဌာန်တို့ကို အပျက်အယွင်း မခံနိုင်ဘူး။ ဒါကြောင့်လည်း . . . မောင်ရင့်ကို ငယ်ငယ်ကတည်းက ထောက်ပံ့ပြီး ခုလိုအရွယ်ရောက်တဲ့အထိ မွေးမြူလာခဲ့ကြတာပဲ''

ဤတွင် ကျွန်ုပ်ကလည်း လည်ပင်းကြောကြီးများထောင်အောင် အံကိုကြိတ်လျက် ကြုံးဝါးလိုက်တော့၏။

''ကျုပ်ကလည်း ကျုပ်ရဲ့မယ်မယ်ကို သွေးမြေကျစေခဲ့တဲ့ သူတွေအပေါ် လက်စားချေရမှ ကျေနပ်မှာပါ။ သင်းတို့ တစ်ပြန် တစ်လှည့် ပြန်ပြီးခံစားစေရမယ်၊ ခံစားစေရမယ်''

ကျွန်ုပ်က လက်ယာလက်သီးကိုထောင်လျက် လက်ရုံးလက်မောင်းတန်းကာ ကြွေးကြော်လိုက်ရာ ဘရသေ့၊ ဦးဒိဗ္ဗနှင့် ဦးပုဏ္ဏတို့မှာ လွန်စွာသဘောကျအားရသွားကြပြီး အားပါးတရ ပြုံးကာ လက်ခုပ်လက်ဝါးတီးလိုက်ကြလေရာ နန်းကလျာကပါ





လက်ယာလက်သီးလေးဆုပ်လျက် –

''ဝေး . . . ဒါမှတို့ရဲ့အစ်ကိုတော်ရွှေစကြာ။ ဒါမှ . . . စေတုတ္တရာရဲ့အရှင်သခင် ရွှေစကြာ''

ဟု ပြုံးရွှင်စွာ အော်ဟစ်ကြွေးကြော်လိုက်လေသည်။

ကျွန်ုပ်အနေဖြင့် မွေးသမိခင်ကြီးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည့် မယ်နိုင်တို့လူစုကို သွေးကြွေးဆပ် ကလဲ့စားချေလိုစိတ် ရင်ထဲ၌ ပြင်းပြစွာ ဖြစ်ပေါ်သွားပြီး –

ယင်းလူစုကို ချေမှုန်းပြီး အောင်မြင်မှုသရဖူ ရယူနိုင်မည့် အရေးမှာ ကချေသည်မလေး နန်းကလျာ၏ အထောက်အပံ့များစွာလိုအပ်မည်ကို တွက်မိသဖြင့် သူမကို အလိုက်အထိုက် ဆက်ဆံပြောဆိုရပေသည်။

''နန်းကလျာ . . . ကျုပ်ကတော့ ရွှေမြို့တော်ကြီး စေတုတ္တရာနဲ့ရော နန်းတော်ကြီးနဲ့ပါ သိပ်စိမ်းနေတယ်။ ဒါကြောင့် . . . ရွှေမြို့တော်ကြီးနဲ့ရော နန်းတော်နဲ့ပါ ယဉ်ပါးနေတဲ့ နန်းကလျာဆီကပဲ အကူအညီယူရမှာပဲ''

''စိတ်ချပါ အစ်ကိုတော်။ ဦးရီးရဲ့လမ်းညွှန်ချက်ကြောင့် ကလျာက စေတုတ္တရာ နန်းတော်ကြီးရဲ့အတွင်းအပြင်အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်စွက်ပေါက်တွေကအစ ရူးစမ်းလေ့လာထားပြီးသားပါ။ အစ်ကိုတော် အစစ အဆင်ပြေအောင် ကလျာကူညီမှာပါ''

ဦးပုဏ္ဏက သူ့တူမကို ပြုံးကြည့်ရင်း သတိပေး၏။

''ကလျာ . . . ညည်းလည်း သတိဝီရိယနဲ့နေနော်။ စောမြတ်နန္ဒီဟာ အင်မတန် အကင်းပါးပြီးထက်မြက်တဲ့မိန်းမလို့ သိထားရတယ်။ သူရိပ်မိအောင် မပြုမူ, မပြောဆိုမိစေနဲ့။ ရွှေစကြာနဲ့ ဆက်ဆံတဲ့အခါ ထီးသုံးနန်းဟန် လုံးဝမပါစေနဲ့။ နောင်ကို အစ်ကိုတော်လို့မခေါ်နဲ့။ အစ်ကိုဆို တော်ပြီပေါ့။ တော်ဆိုတဲ့ ထီးသုံးနန်းသုံးတွေကို ထုတ်မသုံးမိစေနဲ့ . . . သတိထား၊ ဒါမှမဟုတ် မောင်ကြီးလို့ အရပ်အခေါ်မျိုးခေါ်''

''ဟုတ်ကဲ့ ဦးရီး''

ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် ရှေ့လုပ်ရမည့်အစီအစဉ်များ၊ ဆောင်ရန် ရှောင်ရန်များ၊ သတိပြုစရာများကို ဆက်လက် ဆွေးနွေးကြရာ နန်းကလျာက ကျွန်ုပ်အား ထူးထူးခြားခြား သတိပေးစကားပြောလေသည်။

''ဘုရင်မ စောမြတ်နန္ဒီနဲ့ တွေ့ကြုံဆက်ဆံရတဲ့အခါမှာ သူ့ရဲ့မာယာကွန်ရက်ထဲ မဝင်သွားအောင် မောင်ကြီး အထူးသတိ





ထားရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ စောမြတ်နန္ဒီနဲ့ တွေ့ကြုံဆက်ဆံမိတဲ့ ယောကျ်ားပျိုတိုင်းဟာ သူ့ရဲ့မာယာကွန်ရက်ကနေ ရုန်းမထွက်နိုင်ကြလို့ပဲ''

''ဒီလောက်တောင်ပဲလား''

''ဟုတ်တယ် . . . အဲဒီထက်တောင် ပိုလိမ့်မယ်။ မောင်ကြီး အထူးသတိထားဖို့လိုမယ်''

''ကျုပ်ကို သမာဓိခိုင်အောင် ဘရသေ့က အထပ်ထပ်အခါခါ လေ့ကျင့်သင်ကြားပေးပြီးသားပါ။ မိန်းမတစ်ယောက်ရဲ့ မာယာညွှတ်ကွင်းထဲ ကျုပ်ဟာ ဘယ်တော့မှ သက်ဆင်းမယ့်သူ မဟုတ်ပါဘူး''

ကျွန်ုပ်က ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်ရာ ဘရသေ့က သူ၏တပည့်ဖြစ်သလို တူလည်းတော်စပ်သည့် ကျွန်ုပ်ကို ထောက်ခံဟန်ဖြင့် ပြုံးပြုံးကြီးလုပ်နေသည်။

သို့တိုင် နန်းကလျာက ထပ်ကွန့်ကာ သတိပေးသေး၏။

''ဗိုသံတ္တာဝါတွေနဲ့ ပတ်သက်ရင် ဘုရင်မစောမြတ်နန္ဒီဟာ ညို့အားပြင်းလွန်းတယ် မောင်ကြီးရဲ့။ ကုတ္တိယမိန်းမတို့နဲ့


www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်ရင် အတွေ့အကြုံရင့်လှတဲ့ တခြားမြို့ပြနိုင်ငံတွေက မင်းညီမင်းသားတွေတောင် ဘုရင်မစောမြတ်နန္ဒီရဲ့ရှေ့မှောက် ဒူးထောက်အရည်ပျော်ကျသွားရတာချည်းပဲ။ မှန်တာပြောရရင် ကလျာတို့ရဲ့စီမံချက်ကြီး အောင်မြင်ဖို့ရာမှာ အဲဒီအချက်ဟာ အရေးအကြီးဆုံးပဲလို့ ထင်တယ်''

''ဒီလောက်လည်း မပူပါနဲ့ ကလျာရယ်''

''မဟုတ်ဘူး မောင်ကြီး၊ မောင်ကြီးဟာ ဘုရသေ့သင်ကြားလေ့ကျင့်ပေးထားလို့ ဘက်စုံထူးချွန်တဲ့ ယောက်ျားဖာနည်ဖြစ်နေမယ်ဆိုတာ ကလျာ ခန့်မှန်းလို့ရပါတယ်။ ဒါပေမဲ့ ... မောင်ကြီးဟာ တောတောင်ထဲမှာနေရတဲ့သူ''

''စောမြတ်နန္ဒီဟာ အစ်ကိုတွေ့ဖူးကြုံဖူးတဲ့ တောရွာဖနပုဒ်က ရိုးသားဖြူစင်တဲ့ မိန်းမမျိုးမဟုတ်ဘူး။ တကယ့်အသည်းစား လူစားဘုရင်မ''

''ဘုရင်မ စောမြတ်နန္ဒီရဲ့ မာယာညွှတ်ကွင်းမှာ သက်ဆင်းသွားရတဲ့ ယောက်ျားပျိုတိုင်းဟာလည်း သက်ဆိုးမရှည်ကြဘူး။ စောမြတ်နန္ဒီဟာ ဘယ်မင်းပျိုမင်းလွင်ကိုမှ ကြင်ယာတော်အဖြစ် အတည်တကျ မရွေးချယ်ဘူး။ ယောက်ျားပျိုတစ်ဦးကို





သူ့ရဲ့မာယာနွံထဲဆွဲနှစ်ပြီးလို့ ရိုးအီလာရင် တစ်နည်းနည်းနဲ့ သတ်ပစ်လေ့ရှိတယ် မောင်ကြီးရဲ့။ နောက်ဆုံး မကြာသေးခင်ကမှ ချစ်ကြည်ရေးခရီးအဖြစ် စေတုတ္တရာကို အလည်အပတ်ရောက်လာတဲ့ ကမ္ဘောဇတိုင်းက စော်ဘွားလောင်းလျာ ယောက်ျားပျိုတစ်ဦးဟာ ဘုရင်မ စောမြတ်နန္ဒီရဲ့ မာယာညွှတ်ကွင်းထဲ သက်ဆင်းမိရာက ကမ္ဘောဇတိုင်းသို့ ခဏအပြန်မှာ သူ့ရဲ့စီးတော်မြင်းက စိတ်ဖောက်ပြီး ချောက်ထဲခုန်ချသွားလို့ အဲဒီစော်ဘွားလောင်းလျာလေးဟာ လူ့လောကကနေ ပျောက်ကွယ်သွားရတယ်၊ ဒါကြောင့် ... မောင်ကြီးကို အထပ်ထပ်အခါခါ သတိပေးရတာပါ''

ဤအတိုင်းဆိုလျှင် အသည်းပင်မကာ လူကိုပါ စားသောလူ့အသက်တွေကိုပါစားသော မာယာကေရီဘုရင်မနှင့် သမာဓိခိုင်စေရန် အထပ်ထပ်လေ့ကျင့်ထားသည့် ကျွန်ုပ်တို့ ပွဲကြီးပွဲကောင်း ဆုံရပေဦးတော့မည်။

တွေးရင်း ကျွန်ုပ် ရင်ခုန်လာမိပါတော့သတည်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းဆေးမင်္ဂလာပွဲ

လက်ရှိ ပုဂံထီးနန်းကို စိုးစံလျက်ရှိသော ထွန်တွင်မင်း၏နှမဝမ်းကွဲတော်စပ်သည့် ဘုရင်မ စောမြတ်နန္ဒီ၏လက်ထဲမှ စေတုတ္တရာမြို့ပြနိုင်ငံကို ပြန်လည်ရရှိစေရန် ကျွန်ုပ်တို့သည် သုံးရက်လုံးလုံး နေ့ရောညပါ တိုင်ပင်စည်းဝေးခြင်း အကြိမ်ကြိမ် ပြုခဲ့ကြလေသည်။

ထို့နောက် တစ်နေ့သောနံနက်တွင် ဦးပုဏ္ဏနှင့် တူမဖြစ်သူ နန်းကလျာတို့သည် စေတုတ္တရာ ရွှေမြို့တော်ကြီးဆီသို့ ဦးစွာ ထွက်ခွာသွားကြပါတော့၏။





နောက်နှစ်ရက်အကြာတွင် ကျွန်ုပ်လည်း ဦးရိုးတော်ဘရသေ့အား ဖျပ်ဝပ်ကျိုးနွံစွာ ကန်တော့နှုတ်ဆက်ပြီးနောက် ဦးဒိဗ္ဗနှင့်အတူ စေတုတ္တရာသို့ ရှေ့ရှုခရီးနှင်ခဲ့ကြလေသည်။

သုံးရက်တာမျှ တောတောင်လျှိုမြောင်တို့ကို ဖြတ်သန်းခရီးနှင်ခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် ရွှေမြို့တော်ကြီး စေတုတ္တရာနှင့် ၂–ကောသခန့်အကွာရှိ ရွာငယ်ဇနပုဒ်တစ်ခုသို့ ရောက်ရှိသွားပါတော့၏။

မှတ်ချက် ၁–ကောသတွင် ၆–ဖာလုံကျော်ကျော်ခန့် ရှိပါသည်။

ကျွန်ုပ်တို့သည် ရွာပြင်မှဇရပ်တွင် တစ်ညတာ အိပ်စက်နားခိုကြပြီးနောက် နံနက်မိုးသောက်သည်၌ ဦးဒိဗ္ဗက ယင်းရွာလေးမှာပင် ကျန်နေရစ်ခဲ့ကာ ကျွန်ုပ်တစ်ဦးတည်း ရွှေမြို့တော်ဆီသွားရာလမ်းအတိုင်း ထွက်ခွာလာခဲ့ပါတော့၏။

ကျွန်ုပ် ငယ်စဉ်ကတည်းက လွှမ်းစွာရောက်လိုခဲ့သော ရွှေမြို့တော်ကြီး စေတုတ္တရာသည် နံနက်ဦးနေရောင်အောက်တွင်

www.burmeseclassic.com

လွန်စွာခမ်းနားထည်ဝါလျက်ရှိပေ၏။

ကျွန်ုပ်သည် မြို့တံခါးဝမှနေ၍ အခြားသော ကုန်သည် ခရီးသွားတို့နှင့်အတူ ဝင်ရောက်မည်ပြုရာ ဖော့လုံးအဖြူကို ခေါင်း၌ ပေါင်းထားလျက် အဖြူရောင်ဝတ်ရုံဖားဖားကြီး ဆင်မြန်းထားသည့် ကျွန်ုပ်အား မြို့စောင့်ရဲမက်တို့က တားမြစ်စစ်ဆေးခြင်းပြုတော့သည်။

"အမောင်လုလင် ... သင်က ဘယ်သူလဲ ဘယ်အရပ်က လာသလဲ။ သင့်ရဲ့ဝတ်စားဆင်ယင်မှုက ထူးခြားလှပါလား"

"ကျုပ်ဟာ ရာမညတိုင်းဘက်ကလာတဲ့ ဟူးရားနက္ခတ်ဆရာတစ်ဦးပဲဖြစ်တယ်"

ကျွန်ုပ်၏ ဝတ်စားဆင်ယင်ပုံ ဥပဓိရုပ်လက္ခဏာ၊ တစ်ပါးသူတို့နှင့် ခြားနားသော ဣန္ဒြေတို့ကြောင့် ရဲမက်တို့သည် အကယ်ပင် တစ်ရပ်တစ်ကျေးမှ နက္ခတ်ဆရာတစ်ဦးဟု ယုံကြည်သွားပြီး တားဆီးထားခြင်းကို လေးစားသောအမူအရာတို့ဖြင့် ဖယ်ရှားပေးလိုက်ကြလေ၏။

ကျွန်ုပ်သည်လည်း ဝတ်ရုံတဖားဖားနှင့် မြို့လယ်





မင်းလမ်းမကြီးအတိုင်း ခပ်တည်တည် ဝင်ရောက်လာရာ ကျွန်ုပ်၏ထူးခြားလှသော ဝတ်စားဆင်ယင်ပုံကြောင့် လမ်းသွားလမ်းလာ လူအများမှာ ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြလေ၏။

ကျွန်ုပ်သည် မြေအုတ်၊ ကျောက်အုတ်တို့ဖြင့် လှပစွာ တည်ဆောက်ထားသော တိုက်တာအိမ်ခြေတို့ကိုလည်းကောင်း၊ ပိုးဖဲကတ္တီပါတို့ကို ဆင်မြန်းထားကြသည့် လူကုံထံအချို့ကိုလည်းကောင်း၊ ထမီရင်လျားဝတ်ကာ ဆံပင်ဖားလျားချလျက် ဟိုမှသည်မှ သွားလာနေကြသော သူဆင်းရဲမတို့အားလည်းကောင်း၊ အပေါ်ပိုင်းအင်္ကျီဗလာ၊ ပုဆိုးကိုတိုတိုဝတ်လျက် ကုန်ထမ်းနေကြသည့် ယောက်ျားအချို့အားလည်းကောင်း၊ အပေါ်ဖုံးအင်္ကျီ တောင်ရှည်ပိုးပုဆိုးဝတ်လျက် ထီးတော်မိုးတို့ဖြင့် မြို့လယ်ပိုင်းသို့ ဦးတည်သွားနေကြသည့် မင်းစိုးရာဇာများ၊ သူဌေးသူကြွယ်များအားလည်းကောင်း ကြည့်ရှုလေ့လာရင်း မြို့လယ်ဈေးထဲ ဖြတ်သန်းဝင်ရောက်ခဲ့ပါတော့၏။

စေတုတ္တရာမြို့လယ်ဈေးသည် စည်ကားလှပြီး ဈေးသည် ဈေးဝယ်တို့၏ ရောင်းဝယ်ဖောက်ကားသံတို့ဖြင့် ပွက်ပွက်ညံလျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဈေးထဲမှ မုန့်ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်ပြီး မုန့်ပျားသလက်နှင့် အခါးရည်တို့ကို နံနက်အဆာပြေအဖြစ် စား သောက်လျက်ရှိစဉ် –

အတန်ကြာသည့်၌ မြို့လယ်ပိုင်းဆီမှ မောင်းသံတဒူ ကြားရပြီး တံပိုးခရာမှုတ်သံများလည်း ကြားရရာ ဈေးသည်အချို့ မှာ သူတို့၏ဆိုင်ကို ကပျာကသီသိမ်းကာ မောင်းထုသံ၊ တံပိုး ခရာမှုတ်သံတို့ကြားရာဆီ ကသုတ်ကရက် ပြေးလွှားသွားကြ သည်ကို ထူးခြားစွာတွေ့ရလေ၏။

ဈေးဝယ်တို့လည်း သူတို့၏ပလိုင်းများကို လွယ်လျက် ဆူဆူညံညံ တံပိုးခရာသံများကြားရာဆီ အပြေးအလွှား သွား ကြရာ မည်သို့သော အရေးအခင်းဖြစ်လို့ပါလိမ့်ဟူ၍ တွေးဆရင်း ကျွန်ုပ်မှာ ငေးမောကြည့်လျက်သာ နေမိတော့သည်။

ကျွန်ုပ်စားသောက်လျက်ရှိသော မုန့်ဆိုင်ရှင်သည်လည်း မုန့်ဘန်းနှင့်အခါးရည်အိုးတို့ကို ပျာပျာသလဲ သိမ်းဆည်းတော့ရာ ကျွန်ုပ်လည်း ကြေးပြားတစ်ပြားကို မုန့်ဖိုးအဖြစ်ပေးပြီး ထိုင်ရာမှ ထရပ်လိုက်ရလေ၏။

"သင်တို့ ဈေးသိမ်းတာ စောလှချေလား"

ခု နှစ် စဉ် ကြယ် တာ ပေ



ဆိုင်ရှင်က ကျွန်ုပ်ကို မျက်လုံးပြူးကြည့်ပြီး –

"ဟော် ... ကိုရင် မသိသေးဘူးလား။ ဒီနေ့မနက် ၁၈– နာရီနဲ့ ၂–ပါဒ်တိတိမှာ ကျုပ်တို့ရဲ့ဘုရင်မ မင်္ဂလာကန်တော်မှာ နန်းစံသက် တစ်ဆယ့်လေးနှစ်မြောက်အဖြစ် ခေါင်းဆေးမင်္ဂလာပွဲ ဆင်ယင်ပြုလုပ်တော်မူမယ်လေ"

ဟု ပြောလေ၏။

မှတ်ချက် ရှေးရိုး မြန်မာနာရီမှာ တစ်ရက်လျှင် နာရီ (၆၀) ရှိပါသည်။ နေ့နာရီ (၃၀)၊ ညနာရီ (၃၀) ရှိပါသည်။ ရှေးမြန်မာ အချိန်အတိုင်းအတာ သတ်မှတ်မှုကို ဗဟုသုတအလို့ငှာ အောက်တွင် ဖော်ပြပေးလိုက်ပါ သည်။

| | | | | | | |
|---|---|---|---|---|---|---|
| မျက်စိ | ၁၀ | မိုက် | = | ၁ | ခဏ | |
| | ၁၀ | ခဏ | = | ၁ | လယ | |
| | ၁၀ | လယ | = | ၁ | ဗေဒ | (၁ မဟုတ်) |
| | ၁၀ | ဗေဒ | = | ၁ | ပြန် | |

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၆ | ပြန် | = | ၁ | ဗိဇနာ |
| ၁၅ | ဗိဇနာ | = | ၁ | ပါဒ် |
| ၄ | ပါဒ် | = | ၁ | နာရီ |
| ၆၀ | နာရီ | = | ၁ | ရက် |
| ၃၀ | ရက် | = | ၁ | လ |
| ၁၂ | လ | = | ၁ | နှစ် |

''ဩော် . . . ဘုရင်မက ဒီလိုပဲ တစ်နှစ်တစ်ခါ ခေါင်းဆေးမင်္ဂလာပြုသလား''

''ဟုတ်တယ်လေ . . . နန်းတော်ထဲကထွက်ခဲ့လှတဲ့ ဘုရင်မ ဒီလိုနန်းပြင်ကိုထွက်ပြီး မင်္ဂလာအမှုပြုတိုင်း မြို့သူ မြို့သားတွေဟာ ဘုရင်မကို သွားရောက်ကြိုဆို ဂါရဝပြုရတယ်။ အနည်းဆုံး တစ်အိမ်တစ်ယောက်တော့ သွားရတယ်။ မသွား ရောက်ခဲ့ရင် ဘုရင်မကို ဆန့်ကျင်ဝံ့သူအဖြစ် ခေါင်းဖြတ်ကွပ် မျက်ခံရကယ်''

ကျွန်ုပ်မှာ တိုင်းသူပြည်သားတို့အပေါ် ချမှတ်ထားသည့် ပြင်းထန်လှသော ဥပဒေသတ်မှတ်ချက်ကြောင့် စိတ်မသက်





မသာ ဖြစ်သွားရလေသည်။ မုန့်ဆိုင်ရှင်က ထိုမျှနှင့်မရပ်ဘဲ ဆက်ပြောသည်။

''ပြီးတော့ . . . တိုင်းတစ်ပါးက ကုန်ရောင်းကုန်သွယ် လာသူ ဧည့်သည်တို့လည်း ဘုရင်မကို ကြိုဆိုဂါရဝပြုရတယ်။ အဲဒီလို ဂါရဝမပြုဘဲ ဆန့်ကျင်ဖီလာပြုသူတွေကို ဘုရင်မရဲ့ လျှို့ဝှက်အထောက်တော်တွေက စာရင်းတို့မှတ်ထားပြီး ည လူခြေတိတ်ချိန်ကျမှ တည်းခိုရာအရပ်မှာ ဝင်ဖမ်းလေ့ရှိတယ် ဗျ''

''အဲဒီလိုဖမ်းပြီး သတ်တာပဲလား''

''မသတ်ခင် နရသိန်အကျဉ်းထောင်ထဲမှာ လျှို့ဝှက် အထောက်တော်အဖွဲ့က ရန်သူရဲ့သူလျှိုဒလန်လားလို့ ညှဉ်းပန်း နှိပ်စက် စစ်ဆေးသေးတယ်ဗျ။ သူတို့နှိပ်စက်စစ်ဆေးခံရသူ တိုင်းဟာ နေရသိန်အကျဉ်းထောင်ထဲမှာ တစ်လပြည့်အောင် အသက်ရှင်လေ့မရှိဘဲ စစ်ဆေးခံရတုန်းက ရရှိတဲ့ဒဏ်ရာတွေ ကြောင့် အသက်ဆုံးသွားရတာချည်းပဲ''

''ဟုတ်တယ် . . . အဲဒီလို ကြောက်စရာကောင်းတဲ့ ပြစ်ဒဏ် ခံရမှာစိုးလို့ မောင်းသံ၊ ခရုသင်းမှုတ်သံကြားရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

မြို့သူမြို့သားတွေရော ညည့်သည်ကုန်သည်တွေပါ ကန်တော်မင်္ဂလာဆီ အပြေးအလွှား သွားနေကြရတာပေါ့။ ကျုပ်လည်း သွားတော့မယ်ဗျို့။ ဟောဟိုက မြက်ခမောက်ဆောင်းထားသူနှစ်ယောက်ဟာ ဘုရင်မရဲ့လျှို့ဝှက်အထောက်တော်တွေ ဖြစ်နိုင်တယ်၊ သူတို့က ရုပ်ဖျက်ပြီး လူတွေကို ဝံပုလွေမျက်လုံးတွေနဲ့ စောင့်ကြည့်တတ်ကြတာဗျ။ ကဲ . . . သွားပြီ, သွားပြီဗျာ''

မုန့်ဆိုင်ရှင်လည်း တဘက်တစ်ထည်ကို ခေါင်းပေါင်းကာ မောင်းသံကြားရာဆီသို့ ကသောကမျော ထွက်ခွာသွားပါတော့၏။

ကျွန်ုပ်သည် စိတ်မသက်သာစွာ ခေါင်းကို ဖြည်းဖြည်း ရမ်းလိုက်ပြီးနောက် မုန့်ဆိုင်ရှင် မေးဆတ်ပြခဲ့သည့် မြက်ခမောက်ဆောင်းထားသူနှစ်ဦးကို လှည့်ကြည့်လိုက်ရာ . . .

ထိုလူနှစ်ဦးသည် ဈေးနှင့်ခပ်လှမ်းလှမ်းရှိ လမ်းထောင့်၌ မယောင်မလည်ရပ်ရင်း ကျွန်ုပ်ရှိရာဆီသို့ လှမ်းကြည့်နေသည်ကို တွေ့ရလေသည်။

ကျွန်ုပ်လည်း ထိုသူနှစ်ဦးရှိရာဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းလျှောက်သွားရာ ထိုလူနှစ်ဦးသည် ကျွန်ုပ်ကို စိမ်းစိမ်း





ကြည့်လျက်ရှိလေ၏။

ကျွန်ုပ်က သူတို့နှစ်ဦး၏ရှေ့အရောက်ဝယ် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး . . .

''ရောင်းရင်းတို့ . . . ဒီမှာ ဘာလုပ်နေကြတာလဲ။ ကျုပ်တို့ရဲ့ဘုရင်မ ခေါင်းဆေးမင်္ဂလာပြုရာဆီ မသွားကြဘူးလား။ တော်ကြာ . . . ခေါင်းဖြတ်ခံနေရမယ်နော်''

ဟု ခပ်တည်တည်ပြောလိုက်ပြီးနောက် လူအများ ဦးတည်သွားနေရာဘက်သို့ ကျွန်ုပ်လည်း ထွက်ခွာခဲ့ရာ မြက်ခမောက်နှင့် လူနှစ်ဦးမှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ကြလေ၏။

လေးထောင့်စပ်စပ် တည်ရှိသည့် ကန်တော်မင်္ဂလာသည်ကား မြို့လယ်ဥယျာဉ်တော်ထဲတွင် တည်ရှိပြီး အနားတစ်ဖက်လျှင် ၁၀–တာမျှရှိကာ ကန်ပေါင်ပတ်ပတ်လည်ကို ရောင်စုံကျောက်စရစ်တို့ဖြင့် လှပစွာ အနားသတ်ထားချေ၏။



www.burmeseclassic.com

www.burmeseclassic.com

မှတ်ချက်။ ရှေးရိုး မြန်မာအလျားအရှည် အတွာအဝေး အတိုင်းအတာအရ ၁–တာတွင် ၇ တောင် ရှိသဖြင့် ၁၀–တာမှာ အတောင် ၇၀ (ပေအားဖြင့် ၁၀၅–ပေ) ရှိပေသည်။

မြန်မာ့အကွာအဝေးအတိုင်းအတာတို့ကို ဗဟုသုတ အလို့ငှာ အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁၀ | ဆံခြည် | = | ၁ | နှမ်း |
| ၆ | နှမ်း | = | ၁ | မုယော |
| ၄ | မုယော | = | ၁ | လက်သစ် |
| ၈ | လက်သစ် | = | ၁ | မိုက် |
| ၃ | မိုက် | = | ၁ | တောင် |
| ၇ | တောင် | = | ၁ | တာ |
| ၂၀ | တာ | = | ၁ | ဥသဘ |
| ၂၀ | ဥသဘ | = | ၁ | ကောသ |
| ၄ | ကောသ | = | ၁ | ဂါဝုတ် |
| ၄ | ဂါဝုတ် | = | ၁ | ယူဇနာ |





ကန်ပေါင်၏အနောက်ဘက်တွင် ယာယီမဏ္ဍပ်တစ်ခုကို လုပ၍ခမ်းနားစွာထိုးထားရာ ယင်းမဏ္ဍပ်မှာ ဘုရင်မ ခေတ္တ စံမြန်းမည့် မဏ္ဍပ်ဖြစ်ဟန်တူပြီး မဏ္ဍပ်၏ရှေ့ ကန်ပေါင်ပေါ်မှနေ၍ ကန်ရေပြင်ဆီသို့ ကျောက်ဖြူသားလှေကားထစ်ဝိုင်းဝိုင်းလေးများ အဆင့်ဆင့် လုပ၍စွာ တည်ရှိလို့နေသည်။

ဘုရင်မမှာ မင်္ဂလာမဏ္ဍပ်မှတစ်ဆင့် ယင်းကျောက်ဖြူသား လှေကားထစ်များကို တစ်ထစ်ချင်းနင်းဆင်းကာ မင်္ဂလာကန်တော်၌ အရှေ့နေထွက်ရာအရပ်သို့ မျက်နှာမူလျက် ခေါင်းဆေးမင်္ဂလာပြုပေလိမ့်မည်။

မင်္ဂလာမဏ္ဍပ်၏အလယ်တွင် လုပသော ကျောက်ဖြူသား ထိုင်ခုံတစ်လုံးရှိနေပြီး မဏ္ဍပ်ထဲတွင် မည်သူမျှ ရှိမနေဘဲ မဏ္ဍပ်၏ဝဲယာ ဘေးတစ်ဖက်တစ်ချက်တွင်သာ လှံကိုင်ရဲမက် လေးဦးစီ တောင့်တောင့်ကြီးရပ်လျက် စောင့်ကြပ်နေကြချေ၏။ မဏ္ဍပ်၏ရှေ့တွင်မူ ပုရောဟိတ်ပုဏ္ဏားနှစ်ဦးက ခရုသင်းများကိုင်လျက် တောင်ဘက်မုခ်ဦးဆီ လှမ်းကြည့်နေကြ၏။

ကန်ပေါင်ဘေးတစ်လျှောက် မင်္ဂလာမဏ္ဍပ်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com

ကော်ဇောအနီရောင်ကို ခင်းထားရာ ယင်းသည် ဘုရင်မကြွလာမည့် မင်းလမ်းပင်ဖြစ်ပေမည်။

မင်္ဂလာကန်တော်၏အနောက်ဘက် ကန်ပေါင်ဘက်မှလွှဲ၍ ကျန်သည့်မျက်နှာစာ သုံးဖက်သုံးတန်တွင် လူသူပရိသတ်ပြည့်ကြပ်လျက်ရှိချေပြီ။

ယင်းအပြင် ဘုရင်မကြွလာမည့် တောင်ဘက်မုခ်ဦးမှ မင်္ဂလာကန်တော်အထိ ကျောက်ပြားဖြူများခင်းထားသော မင်းလမ်း၏ ဝဲယာတွင်လည်း ကြိုဆိုဂါရဝပြုမည့် တိုင်းသူပြည်သားတို့မှာ ဖွေးဖွေးလှုပ်လျက်ရှိချေပြီ။

ကျွန်ုပ်သည် မိမိစိုးစံရမည့်ထီးနန်းကို မတရားသိမ်းပိုက်ထားသော ဘုရင်မ စောမြတ်နန္ဒီအား အနီးကပ်မြင်တွေ့လိုသဖြင့် တောင်ဘက်မုခ်ဦးဘက်ဆီသို့ လူတွေကြားမှ တိုးဝှေ့သွားလိုက်တော့သည်။

တိုးရင်းဝှေ့ရင်း မင်းလမ်း၏အစပ်သို့ ကျွန်ုပ်ရောက်ရှိသွားစဉ်မှာပင် မင်္ဂလာဥယျာဉ်၏တောင်ဘက်စူးစူးအရပ်ဆီမှ တံပိုးခရာမှုတ်သံများ၊ မောင်းထုသံများ ပိုမိုကျယ်လောင်စွာထွက်ပေါ်လာရာ စောင့်စားနေသူတို့လည်း ပိုမို၍ အုတ်အုတ်





ကျက်ကျက်ဖြစ်လျက်ရှိတော့သည်။

ထိုစဉ် . . . ရှေ့ပြေးအဖြစ် ဘုရင်မ၏လုံခြုံရေးစစ်သည်နှစ်ဦးစီသည် မင်းလမ်း၏ဝဲယာမှ ကြာပွတ်တရွှမ်းရွှမ်း ဝှေ့ရမ်းရင်း ဘုရင်မကြွလာမည့်မင်းလမ်းပေါ်သို့ လူထုပရိသတ် ကျွံမကျလာစေရန် သတိပေး ဟျောက်လှမ်းလာကြလေ၏။

သူတို့၏နောက် ဝါးနှစ်ပြန်ခန့်အကွာတွင်မူ ဘုရင်မစီးမြန်းလိုက်ပါလာသည့် လှပသော ရွှေဝေါယာဉ်ကို မင်းချင်းယောက်ျားရှစ်ဦးက ထမ်းလာနေချေသည်။

"ရွှမ်း ရွှမ်း ရွှမ်း"

"ဘေးကပ် ဘေးကပ် ဘေးကပ်"

ထိုစဉ် ဘုရင်မ၏ဝေါယာဉ်သည် တောင်ဘက်မုခ်ဦးမှ ဝင်လာတော့ရာ စောင့်စားနေသူတို့မှာ ပိုမို၍ အုတ်အုတ်ကျက်ကျက် ဖြစ်လာတော့၏။ အထူးသဖြင့် လူငယ်ကာလသားတို့မှာ လှပချောမောသည်ဟု သတင်းကြီးလှသော ဘုရင်မ စောမြတ်နန္ဒီအား အနီးကပ်တွေ့မြင်လိုလှသဖြင့် ရှေ့မှ လူတို့ကို အတင်းတိုးဝှေ့တော့ရာ –

ကျွန်ုပ်ရပ်နေရာမှ ခပ်လှမ်းလှမ်းရှိ အဘွားအိုတစ်ဦးမှာ


www.burmeseclassic.com

www.burmeseclassic.com



နောက်မှလူအုပ်၏ ရုတ်တရက် ဆောင့်တိုးမှုကြောင့် ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ရှေ့သို့ ဟပ်ထိုးလဲကျသွားတော့၏။

"အာ ...ဒီအဘွားကြီး ဘာရှုပ်တာလဲ"

"ကဲဟာ"

"ရွှမ်း ရွှမ်း"

မင်းလမ်းအတိုင်း လျှောက်လာသည့် ခပ်ထွားထွား ထောင်ထောင်မောင်းမောင်း လုံခြုံရေးရဲမက်က အဘွားအို၏ ကျောပေါ်သို့ ကြာပွတ်ဖြင့် နှစ်ချက်ဆင့်ရိုက်လိုက်ရာ ရိုက်ချက်က ပြင်းလှသဖြင့် အဘွားအို၏ ကျောပြင်နှင့် လက်မောင်းတို့အပေါ်မှ သွေးစိမ်းတို့က တဖြန်းဖြန်းကျလာတော့သည်။

"အား ...အမယ်လေး"

"အာ ...ဒီအဘွားကြီး ခုထိ မထသေးဘူး"

"ကဲဟာ"

"ရွှမ်း ရွှမ်း"

ပြင်းထန်သည့် ကြာပွတ်ရိုက်ချက်များက မင်းလမ်းပေါ် လဲကျနေရှာသည့် အဘွားအို၏ ကျောပြင်ထက် ထပ်မံကျရောက်လာပြန်၏။ သို့သော် ရပ်ကြည့်နေသူတို့ထဲမှ ဝင်ဆွဲ၊ ဝင်တားဝံ့သူ





မရှိချေ။

ကျွန်ုပ်မှာမူ အနှိပ်စက်ခံအဘွားအို၏အဖြစ်ဆိုးကို ကြည့်မနေရက်တော့ပါ။

ကိုယ့်မိခင်အရွယ်၊ ဘွားအေအရွယ်အပေါ် မတော်မတရား ညှဉ်းပန်းရက်စက်မှုကို မျက်ဝါးထင်ထင် မြင်ရသည်၌ ရင်ဝယ် ဒေါသတို့ မီးတောင်နှယ် ပေါက်ကွဲသွားကာ မင်းလမ်းမပေါ် ရုတ်တရက် လှမ်းထွက်လိုက်ပြီး အဘိုးအိုထံ ထပ်မံကျရောက်လာသည့် ကြာပွတ်အား လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်ဆွဲယူလိုက်မိတော့၏။

"ဟင် ...မင်းက ဘာလုပ်ပါးဝတာလဲ"

လုံခြုံရေးရဲမက်ကြီးမှာ ဒေါသအိုးပေါက်ကွဲသွားပြီး ကြာပွတ်ကို ဆောင့်ဆွဲလိုက်သော်လည်း သန်မာလှသည့် ကျွန်ုပ်၏ ချုပ်ကိုင်မှုမှ ကြာပွတ်သည် လွတ်မသွားချေ။

ထိုအခါ ထင်တိုင်းမဖြစ်သဖြင့် ရဲမက်လူထွားကြီးမှာ အံ့အားသင့်သွားပြီး အားလုံးကလည်း ဝိုင်းကြည့်နေသည့်အတွက် ရှက်ဒေါသပြင်းစွာ ထွက်သွားကာ တောက်တစ်ချက် ခေါက်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

"တောက် … သေဖို့ပြင်စမ်း"

သူက ကြာပွတ်ကိုလွှတ်လိုက်ပြီး ခါး၌ချိတ်ထားသည့် ဓားရှည်ကြီးကို ဓားအိမ်ထဲမှ လျင်မြန်စွာ ဆွဲထုတ်လိုက်ကာ ကျွန်ုပ်ကို အားပါးတရ လွှဲခုတ်ချလိုက်တော့သည်။

"ကဲကွာ"

"ဝိုး"

ကျွန်ုပ်က ဓားချက်ကို ခါးညွတ်ခေါင်းငုံ့ကာ ရှတ်ခနဲ ရှောင်လိုက်ပြီး ညာပတ်ခြေအမြင့်ကန်ချက်ဖြင့် ပွင့်ဟနေသည့် သူ့ရင်ဘတ်ကြီးကို ကန်ထည့်လိုက်ရာ –

"ဖောင်း"

လူထွားရဲမက်ကြီးမှာ ကျောက်ဖြူသားလမ်းပေါ်သို့ ခြေလွှတ်လက်လွှတ် ပက်လက်လန်ပြုတ်ကျသွားပါတော့၏။

ထိုအခါ … အခြားလုံခြုံရေး ရဲမက်တို့က ဆောင်ဓားတို့ကို ဆွဲထုတ်ကာ ကျွန်ုပ်အား ဝိုင်းခုတ်ရန် ပြေးလာကြတော့သည်။

"ဟိတ် … ရပ်လိုက်ကြစမ်း"

ရုတ်ရုတ်သဲသဲ ဖြစ်နေသည့်တိုက်ပွဲကို ရပ်တန့်ရန် အမိန့်





ပေးလိုက်သူသည်ကား ရွှေဝေါယာဉ်ပေါ်မှ စေတုတ္တရာ၏ဘုရင်မ ပင်ဖြစ်ပါသတည်း။

ရွှေသရဖူကို ဆောင်းထားပြီး အဝါရောင်ဖဲသားဝတ်စုံ ပေါ်မှ လိမ္မော်ရောင်ဇာပဝါကို ပခုံး၌ လျော့ရဲရဲလွှမ်းခြုံထားသည့် ဘုရင်မသည် ကျွန်ုပ်တို့ထံ စူးစူးရဲရဲကြည့်လျက်ရှိရာ နံနက် နေရောင်အောက်တွင် သူမ၏မျက်ဝန်းတို့က ဖျပ်ဖျပ်တောက် လက်လျက် ရှိတော့၏။

ဘုရင်မသည်ကား ကျွန်ုပ်တို့၏ဖြစ်ရပ်ကို အစအဆုံး တွေ့မြင်ပြီးဖြစ်ဟန်ရှိပေသည်။

သူမက ဝေါယာဉ်ကို ရပ်တန့်စေပြီး ဦးစွာ ကျွန်ုပ်ကို စူးစူးရဲရဲ ကြည့်လိုက်ပြီးမှ သူမ၏အကြည့်က အဘွားအိုထံ ရောက် ရှိသွားတော့၏။

"အဘွားကြီး … ကျွန်ုပ်လာရာလမ်းမှာ အနှောင့် အယှက်ပြုတာဟာ ရာဇဝတ်ဘေးသင့်တဲ့အဖြစ်မှန်း သိတယ် မဟုတ်လား"

ဘုရင်မ၏ ပြတ်သားသောမေးမြန်းသံက အကြောင် တရားကြောင့် ဆိတ်ဆိတ်ငြိမ်နေသည့် ဝန်းကျင်ဝယ် ပူးရှစွာ


www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာတော့၏။

ရဲမက်များနှင့်တကွ ပရိသတ်လူသူတို့မှာ ဘာများ ဆက်ပြီးဖြစ်လာမည်လဲဟု စိုးရိမ်တကြီး တွေးကာ တုတ်တုတ်မျှ မလှုပ်ကြဘဲ ငြိမ်သက်စွာ စောင့်ကြည့်လျက် ရှိကြတော့သည်။

ကျောပြင်နှင့်လက်မောင်းတို့မှ သွေးဖြန်းဖြန်းထွက်လျက်ရှိသောအဘွားအိုသည် ကျောက်ခင်းလမ်းပေါ် လဲကျနေရာမှ ကပျာကသီ အားယူကာထထိုင်လိုက်ပြီး ဘုရင်မအား လက်အုပ်ချီလျက် တုန်တုန်ယင်ယင်ဖြင့် လျှောက်ထားလိုက်၏။

''အရှင် ... အရှင်မကို နှောင့်ယှက်လိုလို့ မဟုတ်ရပါ။ နောက် ... နောက်က လူအုပ်ကတိုးလို့ အရှင်မ ကြွလာမယ့် လမ်းပေါ် လဲကျမိရတာပါ။ ခွင့် ... ခွင့်လွှတ်တော်မူပါ''

''သင်က ဒီနေရာကို ဘာကြောင့် ရောက်နေရတာလဲ။ ဒီလို လူတွေ အုတ်အုတ်ကျက်ကျက်ဖြစ်နေတဲ့နေရာမျိုးကို သင်လို သက်ကြားအိုက ရှောင်သင့်တယ် မဟုတ်လား''

''မှန်ပါ အရှင်မ၊ ကျွန်တော်မျိုးမဟာ သားတစ်ယောက်မိခင် မုဆိုးမပါ။ သားဖြစ်သူ သုံးရက်လုံးလုံး ဖျားနာပြီး အိပ်ရာက မထနိုင်လို့ သူ့ကိုယ်စား အရှင်မအား ကြိုဆိုရန် လာရောက်





ရတာပါ''

''ကဲ ... သွားသွား သင် ဒီနေရာကထွက်သွားတော့''

ဘုရင်မက အော်ဟစ်မောင်းထုတ်လိုက်ရာ အဘွားအိုလည်း တုန်တုန်ယင်ယင်ဖြင့် ထရပ်ရင်း လူအုပ်ကြားသို့ ကုန်းကုန်းကုန်းဖြင့် တိုးဝင်တော့ရာ လူအုပ်က ဘေးသို့ရှဲလျက် အဘွားအိုအတွက် လမ်းဖယ်ပေးလိုက်ကြတော့၏။

ဤအခါတွင်မူ ...

ဘုရင်မ၏ စူးစူးရဲရဲမျက်လုံးအကြည့်တို့က ကျွန်ုပ်ထံသို့ ရောက်ရှိလာပါတော့သည်။

ကျွန်ုပ်ကလည်း မင်းလမ်းမပေါ်မှာပင်ရပ်လျက် သူမကို မော့ကြည့်နေရာ ကျွန်ုပ်၏မျက်ဝန်းတို့တွင် အမုန်းရိပ်တို့မစွန်းထင်းစေရန် ဂရုပြုရင်း ခံစားချက်မဲ့သော မျက်ဝန်းတို့ဖြင့်သာ သူမကို အေးအေးဆေးဆေး ကြည့်နေလိုက်၏။

ရွှေဝေါယာဉ်ပေါ်မှာ ဖဲသားခေါင်းအုံးကြီးများကို ကျောမှီထိုင်လျက် ကျွန်ုပ်အား စူးစိုက်ကြည့်နေသည့် ဘုရင်မ စောမြတ်နန္ဒီ၏ မျက်ဝန်းညိုညိုတို့တွင် ထူးဆန်းသောအရိပ်အငွေ့တို့ ဖြတ်သန်းသွားသည်ကို ကျွန်ုပ် သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းအပြင် ရွှေအဆင်းနှယ် ဝင်းဝါနေဖတ်နေသော အသားအရေ ရွှေသဖူအောက်မှ နဖူးပြေပြေလေးနှင့် ထူထူ တန်းတန်း မျက်ခုံးများ။ ကော့ရွှန်းသော မျက်တောင်တစ်စုံ၊ အညိုဖျော့ဖျော့မျက်ဆံတို့ရှိသည့် မျက်ဝန်းပြာများ ပေါ်လွင်လှပ သည့် နှာတံ၊ နှင်းဆီဖူးနှယ် နီထွေးလှပသော နှုတ်ခမ်းအစုံတို့ ဖြင့် ဖွဲ့စည်းထားသည့် ဘုရင်မ၏ တုလွှတ်ကင်းသည့် အလှ မျက်နှာလေးသည် စွဲမက်ဖွယ်ကောင်းလှကြောင်း အသိအမှတ်ပြု မိပါ၏။

ကျွန်ုပ်ထက် အသက်တစ်ဆယ့်လေးနှစ် ပိုကြီးသော်လည်း ဘုရင်မ၏ ချောမောနုပျိုမှုမှာ အံ့သြဖွယ်ဖြစ်ပြီး ကျွန်ုပ်နှင့် အသက်မတိမ်းမယိမ်းလောက်သာရှိမည်ဟု ထင်ရပေ၏။

သူမက ကျွန်ုပ်ကို စူးစူးရဲရဲကြည့်နေရာမှ ခက်မာစွာ မေးလိုက်တော့သည်။

"သင်ဟာ ကျွန်ုပ်ရဲ့လုံခြုံရေးရဲမက်ကို တိုက်ခိုက်ခဲ့တယ်။ အဲဒါဟာ ရာဇဝတ်မှုပဲဆိုတာ မသိပေဘူးလား။ အဲဒီလို ရာဇဝတ်မှုအတွက် သေဒဏ်စီရင်ခံရနိုင်တယ်ဆိုတာရော မသိဘူးလား"





ကျွန်ုပ်က လက်ပိုက်လျက် ဘုရင်မကို အေးဆေးစွာ ပြန်ကြည့်ရင်း တည်ငြိမ်စွာဖြေလိုက်သည်။

"အပြစ်ရှိရင်တော့ ရာဇဝတ်ဘေးသင့်မှာပါ။ ဒါပေမဲ့ ...ကျွန်တော်မျိုးမှာ အပြစ်မရှိပါ အရှင်မ"

"ဘာ ...အပြစ်မရှိဘူး ဟုတ်လား။ ဘာကြောင့် အပြစ်မရှိရမှာလဲ"

"မှန်ပါ၊ အဘွားအိုအတွက် စာနာပြီး ဝင်ရောက် ရပ်တည်ပေးမိတာမို့ အပြစ်ကျူးလွန်ခြင်း မဟုတ်ပါ။ အဘွားအိုမှာ လည်း အပြစ်မရှိပါ။ သူဟာ ဘုရင်မကို ကြိုဆိုရန်လာခြင်းသာ ဖြစ်ပါတယ်။ နှောင့်ယှက်ဖို့လာခြင်း မဟုတ်ရပါ။ လုံခြုံရေးရဲမက် တို့ဟာလည်း သူတို့ရဲ့တာဝန် သူတို့ထမ်းဆောင်တာမို့ အပြစ်မရှိ ပါ"

"ဩော် ...ဒါဆို အဘွားအိုကို တွန်းလိုက်တဲ့ ကာလ သားတွေမှာပဲ အပြစ်ရှိတယ်ပေါ့ ဟုတ်လား"

"ကာလသားတွေဟာလည်း အရှင်မရဲ့ တုလွှတ်ကင်းတဲ့ အလှကို တစ်နှစ်မှတစ်ခါသာ နီးနီးကပ်ကပ် ဖူးတွေ့ခွင့်ရတာမို့ သူထက်ငါ ကြည့်လိုဇောနဲ့ တိုးဝေ့မိခြင်းသာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ... သူတို့မှာလည်း အပြစ်မရှိပါ''

''ဩော် ... ဒါဆို ဘယ်သူ့မှာအပြစ်ရှိသလဲ''

''မှန်ပါ ... အရှင်မမှာပဲ၊ အပြစ်ရှိပါတယ်''

ကျွန်ုပ်၏ရဲတင်းလှသော လျှောက်ထားချက်ကြောင့် ရွှေဝေါယာဉ်ပေါ်မှ ဘုရင်မသာမက ဝိုင်းဝန်းကြည့်ရှုနေကြသည့် လူထုပရိသတ်ကြီးပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြတော့၏။

''ဘာပြောတယ်၊ နေပါဦး ... ကျွန်ုပ်က ဘာဖြစ်လို့ အပြစ်ရှိရတာလဲ''

''မှန်လှပါ။ အရှင်မဟာ ပုရိသယောကျ်ားတိုင်း စွဲမက်နှစ်လိုလောက်အောင်ကို လှပချောမော ပျိုမြစ်နုနယ်နေတာဟာ အပြစ်ပါ ...၊

အဲဒီအလှကြောင့် လူငယ်ကာလသားတို့ဟာ တိုးဝှေ့မိရာက ခုလိုဖြစ်သွားကြရတာပါပဲ အရှင်မ ...၊

ဒါကြောင့် လှပချောမောလွန်းတဲ့ အရှင်မမှာသာ အပြစ်ရှိကြောင်း တင်လျှောက်ရခြင်းပါ''

ကျွန်ုပ်၏စကားကြောင့် ဒေါသသွေးတို့ဖြင့် ပန်းနုသွေးရောင် ပြေးနေသည့် ဘုရင်မ၏အလှမျက်ဝန်းတို့တွင် ပြာလဲ့





နူးညံ့သော နှစ်သက်မှုအရိပ်အယောင်တို့ တဖျပ်ဖျပ်လက်ဖြာသွားကြပါတော့၏။

''ကျွတ္တိယမိန်းမတို့မည်သည် ဘုရင်မကာနေ သူဖုန်းစားမအထိ ဘယ်လိုအခြေအနေမှာဖြစ်ဖြစ် သူတို့ရဲ့အလှဂုဏ်ကို ပါးပါးနပ်နပ်လေး ဖော်ကြူးပေးလိုက်ရင် ဘဝင်မြူးသွားတတ်စမြဲပဲကွဲ့။ ငါတပည့် အဲသဟာကို သေချာမှတ်ထား''

ယင်းသို့လျှင် ဘရသေ့က သင်ကြားပို့ချပေးထားသည်ကို အမှတ်ရကာ ကျွန်ုပ်က ထိုအချက်ကို လက်နက်အဖြစ် အသုံးချလိုက်ခြင်းပင်ဖြစ်ပါ၏။

ရာဇက္ကာမြွေရှင် ဘုရင်မစောမြတ်နန္ဒီ၏ လှပသောနှင်းဆီပွင့်ဖတ်လွှာ နှုတ်ခမ်းနှစ်လွှာ၏ထောင့်စွန်းလေးတို့ မသိမသာ ကွေးတက်သွားကာ ဖူးဖူးနုသော လှမျက်နှာလေး၌ ပြုံးရောင်သမ်းသွားချေသည်။

''ရော ... အမောင်က ကျွန်ုပ်ကိုတောင် တရားခံရှာလိုက်သေးသကိုး။ ရှိစေ ... ဖြစ်ပျက်မှုတွေကို အစအဆုံး ကျွန်ုပ်မြင်ပေတယ်။ ကျောက်ဘီလူးရဲ့ လုပ်ကိုင်ခွင့်ထက် ကျော်လွန်မှုကိုလည်း ကျုပ် သိပေတယ်။ ရှိစေ ... ဒီလို မင်္ဂလာယူရေးသို့


www.burmeseclassic.com

www.burmeseclassic.com

နေ့မှာ မင်္ဂလာတရားတော်နဲ့အညီ ခန္တီစ သည်းခံခြင်းတရားတို့သာ ထုံမွှန်းစေလိုတယ်။ ကျွန်ုပ် အားလုံးကို ခွင့်လွှတ်တယ်''

လွန်စွာ ပြတ်သားရက်စက်တတ်သည်ဟု နာမည်ဂုဏ်သတင်းကြီးလှသော ဘုရင်မ စောမြတ်နန္ဒီ၏နှုတ်ဖျားမှ မကြားရစဖူးသော ခွင့်လွှတ်ခြင်းစကားကို ကြားရ၍ထင့်။

သူမ၏လုံခြုံရေးစစ်သည်များမှလွဲ၍ ရွှေဝေါထမ်းမင်းချင်းများ၊ ဝေါယာဉ်နောက်မှ လိုက်ပါလာသော ထီးတော်မိုးတို့နှင့်အပျိုတော်များရော စိုးတထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြသည့် လူထုပရိသတ်ကြီးပါ စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်ကြသံကြီးက ကောင်းချီးဩဘာသံနှယ် ဝန်းကျင်၌ သဲ့သဲ့မျှ ထွက်ပေါ်သွားပါတော့၏။

ထို့နောက်တွင်မူ ဘုရင်မက ဝေါယာဉ်ကို ရှေ့သို့ ဆက်သွားရန် အမိန့်ပေးလိုက်ရာ ရွှေဝေါတော်ထမ်း မင်းချင်းတို့လည်း ရှေ့သို့ ဆက်လှမ်းသွားကြပါတော့သည်။

ဝန်းကျင်မှ လူထုပရိသတ်ကား ကျွန်ုပ်ကို တိုးတိုးတိတ်တိတ်ဖြင့် ဝိုင်းဝန်းချီးကျူးမဆုံးတော့ပေ။

''ကံကောင်းလှတဲ့ မောင်ပါလားဟရို့၊ သင့်လုပ်ရပ်က





ရာဇဝတ်ဘေး လုံးဝသင့်စေမယ့်လုပ်ရပ်ပဲ။ ခုတော့ ကံကောင်းလှပေစွ''

''ရော် ... ကိုရင်မျိုးဝင်းဝဏ္ဏရဲ့ ... ကံကောင်းတာမဟုတ်ဘူး အံ့မခန်းရဲရင့်တာဗျ။ ကျုပ်ဖြင့် ဘုရင်မကို ခုလိုရဲရဲဝံ့ဝံ့ လျှောက်တင်ရဲသူ ရှေးက 'တွေ့ဖူးပေါင်ဗျာ''

''ဟုတ်ပါတယ်လေ၊ ကိုရင်ကြီးစီရဲ့ ရဲဝံ့သလို လျှောက်ထားချက်ကလည်း ကျိုးကြောင်းသင့်လှပေတာပဲ။ အလျှောက်ကောင်းတော့ အထောင်းသက်သာသွားတာပ''

ထိုစဉ် ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို တစ်စုံတစ်ဦးက ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး နားနားသို့ကပ်ကာ တစ်စုံတစ်ရာပြောလိုက်ချေ၏။

''အနီရောင်သစ္စာ''

ကျွန်ုပ်မှာ ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားပြီး ထိုသူ့ကိုဖျတ်ခနဲ လှည့်ကြည့်လိုက်မိတော့သည်။

ထိုသူသည်ကား အသက် (၄၀) ကျော်ခန့်ရှိ နှုတ်ခမ်းမွေးကားကားနှင့် အသားညိုညိုလူကြီးတစ်ဦးဖြစ်ပြီး ပုဆိုးကြမ်းကွက်တုံးကြီးနှင့် ဖျင်ကြမ်းအင်္ကျီကိုဝတ်ကာ ပိုးပဝါအစိမ်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com

ကို ပေါင်းထားချေ၏။

အုတ်အုတ်ကျက်ကျက်ဖြစ်နေသည့် လူသူကြားတွင် ထိုလူကြီးပြောလိုက်သောစကားလုံးမှာ ကျွန်ုပ်၊ ဦးဒိဗ္ဗ၊ ဦးပုဏ္ဏနှင့် နန်းကလျာတို့သုံးဦး တိုင်ပင်ကာ သူတို့လူစု လျှို့ဝှက်စည်းရုံးထားသော စေတုတ္တရာမြို့တော်ထဲမှ ကျွန်ုပ်တို့၏ဘက်တော်သားအချို့နှင့် လျှို့ဝှက်ဆက်သွယ်ရန် သတ်မှတ်ထားသည့် ပထမစကားဝှက်ပင် ဖြစ်ပေသည်။

ကျွန်ုပ်က ထိုသူ့ကို စိမ်းစိမ်းကြည့်လိုက်ပြီး သေချာစေရန် ဒုတိယစကားဝှက်ကို သူကြားရုံပြောလိုက်၏။

''ထားရာမှာနေမှာလား''

ထိုအခါ ထိုလူကြီးက တတိယစကားဝှက်ကို တိုးတိုးပင် ပြောလိုက်လေသည်။

''သစ္စာမှာနေမယ်''

ယင်းနောက် ထိုလူကြီးက လူအုပ်ကြားထဲမှ မသိမသာ တိုးထွက်သွားရာ ကျွန်ုပ်လည်း ဘုရင်မရှိရာဆီ လှမ်းကြည့်လိုက်ပြီးနောက် လူကြီး၏နောက်မှ ခပ်ခွာခွာ တိုးဝှေ့လိုက်သွားလိုက်၏။

ထိုအချိန်တွင် ဘုရင်မှာ မင်္ဂလာမဏ္ဍပ်ထဲရှိ ကျောက်ဖြူ





သားခုံတွင် ထိုင်လိုက်ပြီဖြစ်ပြီး သူမ၏ဝဲယာရှိ ပုဏ္ဏားဖြူ ပုဏ္ဏားညိုနှစ်ဦးက ခရုသင်းတို့ကို ပြိုင်တူမှုတ်လိုက်ပြီဖြစ်သည်။

ခေါင်းဆောင်မင်္ဂလာအခမ်းအနားကား စတင်ချေရော့မည်။

မင်္ဂလာဥယျာဉ်တော်ထဲသို့ ယခုမှဝင်လာသူများ၊ ဥယျာဉ်တော်ထဲမှ တပို့တပါးသွားရန် ခေတ္တပြန်ထွက်သူများနှင့် ပျားပန်းခတ်နေစဉ်မှာပင် ကျွန်ုပ်သည် ရှေ့မှလူကြီးကို မျက်ခြည်ပြတ်မခံဘဲ လူကြားထဲ တိုးဖြတ်လိုက်ပါသွားပါတော့၏။

အနောက်ဘက်မုခ်မှ ကျွန်ုပ်ထွက်မည်ပြုစဉ် မြက်ခမောက်ဆောင်းထားသူတစ်ဦးက ကျွန်ုပ်၏ရှေ့မှ ဖျတ်ခနဲ ပိတ်ဆီးရပ်လိုက်ကာ မေးခွန်းထုတ်တော့သည်။

''မိတ်ဆွေ . . . ဘယ်သွားမလို့လဲ။ မင်္ဂလာအခမ်းအနားက စတော့မယ်လေ''

ကျွန်ုပ်က ထိုသူ့ကိုမော့ကြည့်လိုက်ရာ ဈေးထောင့်တွင် ဆာစောက တွေ့ခဲ့ရသော မြက်ခမောက်ဆောင်းထားသူ နှစ်ဦးအနက်မှ တစ်ဦးဖြစ်ကြောင်း သတိပြုမိလိုက်၏။ သူ၏မျက်နှာတွင် ကျောက်ပေါက်မာသဲ့သဲ့ ရှိနေသဖြင့် မှတ်မိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်မှာ ဆီးရောဂါရှိတယ်ဗျ။ ခု ဆီးပေါက်ချင်လို့ ဟောဒီချုံနားမှာ ပေါက်လို့ရမလား"

ထိုသူရပ်နေသည့်ဘေးနားမှ စွယ်တော်ချုံကို လက်ညှိုး ညွှန်ပြလျက် မေးလိုက်ရာ ထိုသူမှာ မျက်လုံးပြူးသွားတော့၏။

"အာ ... ဘယ်ရမှာလဲ။ သင် ရာဇဝတ်သင့်သွားမှာပေါ့။ ဒါ ... ဘုရင်မရဲ့မင်္ဂလာပန်းခြံထဲမှာဗျ။ ဘာမှတ်လို့လဲ"

"ဒါကြောင့် ... အပြင်မှာသွားပေါက်ဖို့ ဥယျာဉ်တော်ထဲက ထွက်တာပေါ့ဗျ။ သင်ခွင့်ပြုရင်တော့ ဒီနားမှာပဲ ပေါက်လိုက်မယ်လေ"

"အာ ... တော်တော်ရှုပ်တဲ့လူပဲ။ သွား ... သွား"

ကျွန်ုပ်က ပြုံးစေ့စေ့ဖြင့် ဥယျာဉ်တော်ထဲမှ ထွက်ခဲ့ရာ ထိုသူမှာ မျက်နှာရှုံ့မဲ့လျက် ကျန်ရစ်ခဲ့ပါတော့၏။

ကျွန်ုပ်တို့၏ အဆက်အသွယ်လူကြီးသည် အနောက်ဘက်မုခ်ဦးနှင့် ခပ်လှမ်းလှမ်းရှိ လမ်းနံဘေးမှ ရေအိုးစင်တွင် ရေခပ်သောက်ဟန်ပြုရင်း မယောင်မလည်ဖြင့် ကျွန်ုပ်ကို စောင့်စားလျက်ရှိလေသည်။

ကျွန်ုပ် သူ့အနားရောက်သွားမှ သူက ဘေးချင်းယှဉ်





လိုက်လာပြီး –

"ရွှေစကြာနော်"

ဟု မေးလာတော့၏။

"ဟုတ်ပါတယ်၊ ဦးရီးက ဘယ်သူပါလဲ"

"ကျုပ်က ဦးကုလ္လာပါ"

"ဩော် ... ဟုတ်ပြီ၊ စောင်းဆရာကြီး ဦးကုလ္လာလား"

"ဟုတ်ပါတယ်"

အမှန်တော့ ကျွန်ုပ်အနေဖြင့် ဤစေတုတ္တာရာမင်းနေပြည်တော်ထဲရောက်သည်နှင့် စောင်းဆရာကြီးဦးကုလ္လာ၏ အိမ်ကို စုံစမ်းမေးမြန်းသွားရောက်ရမည်ဖြစ်ရာ ယခုတော့မှာထားအလျားသင့်ဆိုသလို ဦးကုလ္လာနှင့် လွယ်ကူစွာတွေ့ရသဖြင့် ဝမ်းသာသွားတော့၏။

"ဒါထက် ကျုပ်ကို ဦးကုလ္လာက ဘယ်လိုသိနေတာလဲ"

"မောင်ရင် ဘယ်လိုဝတ်စားလာမယ်၊ ရုပ်ရည်သွင်ပြင်က ဘယ်လိုဆိုတာကို မနေ့ညကပဲ နန်းကလျာက ကျုပ်ကို ပြောထားတယ်လေ"

"ဩော်"


www.burmeseclassic.com

www.burmeseclassic.com



''ကျုပ် မောင်ရင့်ကို ထွက်မျှော်စောင့်စားနေတုန်း မောင်ရင် မဂ်လာဥယျာဉ်တော်ထဲ ဝင်သွားတာ တွေ့ရလို့ နောက်က လိုက်လာတာ။ စောစောကအပြုအမူမျိုးကို မောင်ရင် မလုပ်သင့်ဘူး။ ကျုပ် အားလုံးမြင်တယ်၊ ကြားတယ်၊ ကံကောင်းလို့ မောင်ရင် ရာဇဝတ်ဘေးက လွတ်သွားတာ။ အဲဒီဘုရင်မက အတိမ်းအစောင်း လုံးဝခံတာမဟုတ်ဘူး။ မောင်ရင်သာ ခုနေ တစ်ခုခုဖြစ်သွားရင် ကျုပ်တို့ နှစ်ရှည်လများ တည်ဆောက်ထားတဲ့ ရည်မှန်းချက် မဟာဗျူဟာကြီး တစ်ချက်တည်းနဲ့ ပြိုလဲသွားမှာ။ နောင်ကို လျှောလျှော်ရင်း တက်ကျိုးစေမယ့် စိတ်လိုက်မာန်ပါ အလုပ်မျိုး မလုပ်မိဖို့ သတိပေးပါရစေ''

''ကောင်းပါပြီ၊ ကျုပ် ဆင်ခြင်မှာပါ''

ထို့နောက် မကြာမီမှာပင် မြို့တော်၏ဗဟိုလမ်းမကြီး တစ်နေရာရှိ စောင်းဆရာကြီး ဦးကုန္ဒာ၏အိမ်သို့ ရောက်ရှိသွားပါတော့၏။

⁂ ⁂ ⁂






## ကျောက်ဘီလူးကျဆုံးခြင်း

ကျွန်ုပ်သည် စောင်းဆရာကြီး ဦးကုန္ဒာ၏ အိမ်မှာပင် အနားယူနေထိုင်ရင်း ဦးကုန္ဒာနှင့် ရှေ့အစီအစဉ်များအတွက် ဆွေးနွေးတိုင်ပင်လျက် ရှိလေ၏။

''အရေးကြီးတာက စောမြတ်နန္ဒီကို သုတ်သင်ရှင်းလင်းပြီး နန်းတော်ကြီးတစ်ခုလုံးကို စီးမိဖို့ပဲ ...၊

ကျုပ်နဲ့နန်းကလျာတို့က အမောင်ရဲ့မယ်မယ်အပေါ် ခုထိ သံယောဇဉ်ရှိနေကြတဲ့ လူဟောင်းအချို့ကို တိုးတိုးတိတ်တိတ် စည်းရုံးထားပြီးပြီ။ ဒါပေမဲ့ ... စောမြတ်နန္ဒီကို နန်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



မြောက်နန်းမိဖုရားကြီးရဲ့သားတော် မင်းသားလေးကို နန်းတင်ဖို့ အစီအစဉ်ရှိတဲ့ အကြောင်းသာ ကျုပ်တို့ရဲ့လူတွေကိုပြောထားတယ်။ အဲဒီမင်းသားလေးဟာ ခုအထိ ကမ္ဘောဇတိုင်းရဲ့ တစ်နေရာမှာ လျှို့ဝှက်နေထိုင်နေတယ်လို့ ပြောထားတယ် ...၊

မင်းသားလေး ဒီနေပြည်တော်ကိုရောက်နေတယ်လို့ ဘယ်သူ့ကိုမှပြောမထားဘူး။ မင်းသားလေးရဲ့ ရုပ်ရည်သွင်ပြင်ကိုလည်း ဟောဒီနေပြည်တော်ထဲမှာဆို ကျုပ်နဲ့ နန်းကလျာတို့ နှစ်ယောက်တည်းပဲ သိတယ် ...၊

ဒါထက် ... ကိုဒိဗ္ဗတို့ ကိုပုဏ္ဏတို့ရဲ့ မှာကြားချက်အရ အရှင့်သားကို အရပ်သားလိုခေါ်ပြောရတာ ကျွန်တော်မျိုးကြီးကို ခွင့်လွှတ်ပါ''

စောင်းဆရာကြီးဦးဣန္ဒြေက ရင်ဘတ်ရှေ့ဝယ် လက်အုပ်ချီလျက် တောင်းပန်စကားဆိုလာရာ ကျွန်ုပ်က လက်ကာပြရင်း ပျာပျာသလဲ ငြင်းဆန်လိုက်ရတော့၏။

''အာ ဦးဣန္ဒြေ ... အဲဒီလိုမလုပ်နဲ့လေ၊ ဦးဒိဗ္ဗတို့နဲ့ အကြေအလည်တိုင်ပင်ဆွေးနွေးထားပြီးလို့ ကျုပ် အားလုံးကို နားလည်သဘောပေါက်ပြီးသားပါ၊ ခုအချိန်မှာ ကျုပ်တို့ဘက်





သားတွေရဲ့ အပြောအဆို အပြုအမူတစ်ခုခု သင်္ကာမကင်းစရာဖြစ်သွားတာနဲ့ ဦးဣန္ဒြေပြောသလိုပဲ ကျုပ်တို့ရဲ့ရည်မှန်းချက် မဟာစီမံကိန်းကြီး ပြိုလဲသွားလိမ့်မယ်။ ဒါကြောင့် ... ကျုပ်ကို အရပ်သားလိုပဲ ပြောဆိုပါ၊ ပြုမူပါ၊ ကျုပ်အားလုံး နားလည်ခွင့်လွှတ်ပြီးသားပါ။ ကျုပ်ကို ဦးရီးရဲ့တူလို သဘောထားပေးပါ''

ထိုအခါတွင်မှ ဦးဣန္ဒြေက လက်အုပ်ချီထားသော လက်နှစ်ဖက်ကို အောက်သို့ချလိုက်ပြီး –

''ကောင်းပါပြီ ... ကောင်းပါပြီ''

ဟု တတွတ်တွတ်ပြောရင်း ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်နေလေ၏။

ညနေစောင်းချိန်တွင်မူ အိမ်ရှေ့သို့ ဗိရိုလှည်းတစ်စီး ဆိုက်ရောက်လာပြီး လှည်းထဲမှ နှင်းကလျာ ထွက်လာလေ၏။

သူမသည် ပုဂံသူတို့ကဲ့သို့ ရင်စည်းအင်္ကျီနှင့် ပိုးထမီတို့ကို ချပ်ရပ်စွာ ဝတ်စားထားပြီး ပိတုန်းရောင်ဆံနွယ်တို့ကို တစ်ပတ်လျှိုထုံးလျက် စံပယ်ပန်းကုံးလေးတစ်ကုံးကို ဆံထုံး၌ ရစ်ခွေပန်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်စစဖြင့် ချောမောလှပသောသူမသည် သမင်ပျိုမလေး၏လန်းဆန်းသွက်လက်ခြင်းမျိုးဖြင့် အိမ်ပေါ်သို့တက်လာပြီးလျှင် အိမ်ဧည့်ခန်းဆောင်၌ ထိုင်နေသည့် ကျွန်ုပ်၏ရှေ့ဝယ် ကျို့ကျို့လေးဝင်ထိုင်လိုက်တော့၏။

"မောင်ကြီး ... မနက်တုန်းကဘုရင်မရဲ့ ရွှေဝေါတော်နောက်က အပျိုတော်အုပ်စုနဲ့အတူ ကလျာလည်းပါတယ် သိလား။ အပျိုတော်ထိန်းကြီးမယ်ခိုင် သိပ်လမ်းမလျှောက်နိုင်လို့ သူ့ကိုယ်စား အပျိုတော်အုပ်ကိုထိန်းပေးဖို့ အကူအညီတောင်းတာနဲ့ လိုက်လာတာ။ ဒါကြောင့် မောင်ကြီးရဲ့စွန့်စားခန်းကို အစအဆုံးတွေ့လိုက်ရတယ်"

နှင်းကလျာက ခပ်ပြုံးပြုံး အမူအရာဖြင့် ပြောသော်လည်း ဦးကုန္ဒာကမူ မျက်မှောင်ကြီးကြုတ်လျက် ကြေးကွမ်းအစ်ကြီးထဲမှ ကွမ်းသီးတို့ကို ကြေးကွမ်းညှပ်ကြီးဖြင့် တဒေါက်ဒေါက်ညှပ်နေတော့၏။

"ခုပဲ အဲဒီကိစ္စ ထပ်ပြောနေရတယ် ကလျာ။ မလိုအပ်ဘဲ စွန့်စားမှုတွေ ထပ်မလုပ်နဲ့လို့။ လမ်းခုလတ်မှာ ရာဇဝတ်ဘေးသင့်မှာစိုးလို့လေ"





"အင်း ... ဦးရီးပြောတာဟုတ်တယ်။ ဒါပေမဲ့ ... မနက်တုန်းက မောင်ကြီးစွန့်စားလိုက်တာ လူမိုက်ကံကောင်းဖြစ်သွားပြီ"

ပြုံးစနဲ့နဲ့ ပြောနေသည့် သူမကို ကျွန်ုပ်က မျက်မှောင်အတွန့်ချိုးကြည့်လိုက်မိတော့၏။

"ဘာလဲ ... လူမိုက်ကံကောင်း"

"မောင်ကြီးရဲ့ မနက်ကလုပ်ရပ်ဟာ ရာဇဝတ်ဘေးလုံးဝသင့်မယ့်လုပ်ရပ်မျိုးပဲ။ မောင်ကြီးမို့လို့ ဒီပြင်လူဆို အဲဒီနေရာမှာပဲ ခေါင်းပြတ်ပြီးပြီ။ တကယ့်လူမိုက်တွေရဲ့ အလုပ်မျိုး မောင်ကြီး လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ... လူမိုက်ကံကောင်းဖြစ်သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရင်မက မောင်ကြီးကို ထပ်တွေ့ချင်နေတဲ့ဆန္ဒ ပြင်းပြနေတယ်"

"ဘာ ... ဘယ်လို"

ကျွန်ုပ်မှာ များစွာအံ့အားသင့်သွားရတော့သည်။

"အင်း ... ဘာကြောင့်မှန်းမသိဘူး။ ခေါင်းဆောင်မင်္ဂလာပွဲသဘင်ပြီးလို့ နန်းတော်ပြန်ရောက်တော့ ... ဘုရင်မက ကလျာ့ကို အတွင်းဆောင်တော်ထဲ ခေါ်ပြီး ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်တုန်းက ကျောက်ဘီလူးကို တစ်ချက်တည်းနဲ့ လဲကျအောင် ကန်လိုက်တဲ့ ကိုလူချောကို သတိပြုမိသလားတဲ့မေးတယ်။ ဒါနဲ့ ကလျာက သတိပြုမိတာပေါ့လို့ ပြောလိုက်တော့ ဘာကြောင့်လဲ မသိဘူးတဲ့ အဲဒီလူရဲ့မျက်နှာကို သခင်မရဲ့မျက်လုံးထဲမှာ စွဲနေ တယ်တဲ့။ သူ့ကိုထပ်တွေ့ချင်တယ်တဲ့။ အဲဒါ . . . ကလျာတို့ အတွက်တော့ အံကွက်ကောင်းပဲ မောင်ကြီး။ ဘုရင်မနဲ့ မြန်မြန် နီးစပ်ပြီး ရွှေနန်းတော်ထဲ မြန်မြန်ရောက်မှ ကလျာတို့ရဲ့အရေး တော်ပုံကြီး မြန်မြန်အောင်မြင်မှာ''

ဤတွင် ဦးကုန္ဒာလည်း ကြေးကွမ်းညှပ်ကြီးကို ကွမ်းအစ် ထဲ ဒေါင်ခနဲမြည်အောင် လွှတ်ချလိုက်ပြီး စိတ်အားထက်သန်စွာ ဝင်ရောက်ဆွေးနွေးတော့၏။

''ဟာ . . . ဟုတ်လိုက်လေ။ ဒါဆို မောင်ရင် ရွှေနန်း တော်ထဲရောက်ဖို့ အတော်နီးစပ်သွားပြီ''

''သူက တွေ့လိုတယ်ဆိုပေမယ့် တွေ့ဖို့ အခွင့်အရေးက ရှိဦးမှကိုး''

နှင်းကလျာက မျက်လုံးလေးထောင့်ကပ်ပြီး စဉ်းစား သလိုလုပ်နေရာမှ –





''နေဦး မောင်ကြီး . . . ရွှေနန်းတော်နဲ့ နီးစပ်ဖို့ အခွင့် အရေးတစ်ခုတော့ ရှိတယ်။ ဒါပေမဲ့ . . . စွန့်စားရမယ်''

''ဆိုပါဦး''

''ကျောက်ဘီလူးက မောင်ကြီးကို အတော်မကျေမနပ် ဖြစ်နေတယ်။ သူက ဒီစေတုတ္တရာရဲ့ အတော်ဆုံး၊ အကြမ်းဆုံး လက်ဝှေ့သမားကြီးပဲ။ သူ့ကို စေတုတ္တရာမှာ ယှဉ်ဝံ့သူမရှိဘူး။ သူဟာ ဘုရင်မရဲ့ လုံခြုံရေးရဲမက်တွေထဲမှာလည်း ဩဇာ အကြီး ဆုံး၊ မာနအကြီးဆုံးပဲ။ သူက သူ့ကို လူပုံအလယ်မှာ လဲကျ အောင် တိုက်ခိုက်သွားတဲ့မောင်ကြီးကို အခဲမကြေဖြစ်နေတယ်။ ဒီတော့ ကလျာတစ်ခုမေးမယ် မောင်ကြီး။ ကျောက်ဘီလူးနဲ့ ယှဉ်ပြိုင်သတ်ပုတ်ရဲသလား''

''ကျုပ် ရန်မဖြစ်ချင်ဘူး။ ဒါပေမဲ့ . . . ယောက်ျားချင်း တရားမျှမျှတတ ယှဉ်ပြိုင်သတ်ပုတ်ဖို့ ဝန်မလေးဘူး။ ကျောက် ဘီလူးမကလို့ သံဘီလူးပဲဖြစ်ဖြစ်''

''ဟုတ်ပြီ . . . ဒါဆို နန်းရင်ပြင်မှာ အထူးလက်ဝှေ့ပွဲ ကြီး ကျင်းပနိုင်အောင် ကလျာ လုံးပန်းလိုက်မယ်''

ဤတွင် ဦးကုန္ဒာက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်တားမြစ်တော့သည်။

''ဟာ ကလျာ ... အဲဒီလိုလုပ်လို့မဖြစ်ဘူးလေ။ တော်ကြာ ကိုယ်တော်လေး၊ အဲလေ ... ဒီမောင်ရင်လေးတစ်ခုခု ဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ။ ကျောက်ဘီလူးက တကယ့် နာမည်ကြီး။ ဘုရင်မ တော်ဝင်လက်ဝှေ့ပွဲတွေမှာ သူ့ကြောင့် အသက်ပေးသွားရတဲ့ လက်ဝှေ့သမားတွေ မနည်းဘူး။ အာယုဒ္ဒယကနေ လာပြိုင်တဲ့ ယိုးဒယားလက်ဝှေ့ကျော်တွေ တောင် ကျောက်ဘီလူးကို မရှုမလှ အရှုံးပေးရတာချည်းပဲ။ မဖြစ်ပါဘူး ... တစ်ခုခုဖြစ်သွားမှဖြင့် တစ်ခုခုဖြစ်သွားမှဖြင့်''

''မဟုတ်ဘူး ဦးရိုးရဲ့။ ဘုရင်မက ဒီမောင်ကြီးကို ထပ် တွေ့ချင်တဲ့ဆန္ဒ ပြင်းပြနေချိန်မှာ ဘုရင်မကိုယ်တိုင် ရှုစားမယ့် အဲဒီလို တော်ဝင်လက်ဝှေ့ပွဲကြီးမှာ မောင်ကြီးသာ အနိုင်ရသွား ရင် ကလျာတို့ရဲ့ အရေးတော်ပုံကြီး တစ်ဝက်အောင်ပြီပဲ။ ဒါ ကြောင့် ... အဲဒီပွဲကို ဖြစ်မြောက်စေချင်တာ''

ထို့နောက် ... တက်ကြွနေသည့် နှင်းကလျာ၏မျက်နှာ လေးမှာ ညှိုးကျသွားပြီး သူမက ဖော့ဖယောင်းနှယ် သွယ်ပျောင်း သည့် လက်ချောင်းလေးများဖြင့် ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို





ဖွဖွညင်သာကိုင်တွယ်လျက် ကျွန်ုပ်၏မျက်နှာကို ငေးစိုက် ကြည့်ရင်း ...

''အင်း ... ပြောသာပြောရတာပါ။ မောင်ကြီး တစ်ခုခုဖြစ်သွားမှာကို ကလျာလည်း စိုးရိမ်တာပဲ။ ဖြစ်ပါ့မလား မောင်ကြီးရယ်''

ဟု ခပ်တိုးတိုးပြောလိုက်လေလျှင် ကျွန်ုပ်လည်း သူမ၏ မျက်ဝန်းတို့အထဲသို့ စိုက်ကြည့်လိုက်ပြီး ပြတ်သွားစွာပြောလိုက် ရလေသည်။

''ကျုပ်အတွက် ဘာမှ စိုးရိမ်ပူပန်မှုမဖြစ်ကြစေချင်ဘူး။ ကျုပ်ဟာ တောထဲတောင်ထဲမှာ ဝက်ဝံတွေနဲ့ သတ်ပုတ်လေ့ကျင့် ထားသူပါ၊ လူလူချင်းဆိုရင် ဒီဇမ္ဗူမှာ မှုစရာလူ မရှိပါဘူး။ ကလျာပြောတဲ့အတိုင်း တော်ဝင်လက်ဝှေ့ပွဲဖြစ်အောင် လုပ်လိုက် ပါ။ အဲဒီလက်ဝှေ့ပွဲ မဖြစ်မြောက်မှာပဲ ပူပါတယ်။ ဖြစ်မြောက်ခဲ့ ရင်လည်း ဘုရင်မကိုယ်တိုင် လာမကြည့်မှာပဲ ပူပင်မိပါတယ်''

''အို ... အဲဒီလက်ဝှေ့ပွဲ မဖြစ်မြောက်မှာကိုမပူနဲ့။ ကလျာက ကျောက်ဘီလူးနဲ့ ရင်းနှီးပါတယ်။ သူ့ကို မခံချင်အောင် သွေးပေးရင် သူက ဘုရင်မကို လက်ဝှေ့ပွဲကျင်းပပေးဖို့ အရေး



www.burmeseclassic.com

www.burmeseclassic.com

ဆိုမှာပဲ။ မယ်နိုင် ခုနောက်ပိုင်း သိပ်နေမကောင်းဖြစ်နေလို့ ဘုရင်မက မယ်နိုင့်နေရာမှာ ကလျာ့ကို တာဝန်ထမ်းဆောင်ခိုင်းရင်း ဘုရင်မနဲ့ကလျာ အတော်လေး တရင်းတနှီး ဖြစ်နေပြီ။ ကလျာကလည်း လက်ဝှေ့ ပွဲဖြစ်မြောက်ဖို့ ဘေးတီးပေးလိုက်မယ်။ အဲဒါဆို လက်ဝှေ့ပွဲက ဖြစ်ကိုဖြစ်မှာပါ''

''ဖြစ်အောင်သာလုပ်ပါ ကလျာ။ ကျုပ်လည်း အနိုင်ရသူအပေါ် အနိုင်ကျင့်ရက်စက်ကြမ်းကြုတ်တတ်တဲ့ ကျောက်ဘီလူးနဲ့ ပြန်ဆုံချင်ပါသေးတယ်''

ကျွန်ုပ်က ပြတ်သွားစွာ ပြောဆို တိုက်တွန်းလိုက်ရာ နှင်းကလျာက တက်ကြွစွာ ပြုံးလိုက်သော်လည်း ဦးကုန္ဒာကမူ ဦးခေါင်းကို ခပ်ဖြည်းဖြည်းရမ်းရင်း သက်ပြင်းကိုသာ အခါခါချလျက် ရှိပါတော့သတည်း။

သည်ကနေ့ နံနက်နှင်းကွဲပြီးချိန်မှစ၍ စေတုတ္တရာ မြို့သူမြို့သားတို့မှာ နန်းရင်ပြင်ဆီသို့ တစ်သုတ်ပြီးတစ်သုတ် စိတ်အားထက်သန်သောအမူအရာများနှင့် သွားရောက်လျက်ရှိကြလေသည်။

ယနေ့နံနက်တွင် ဘုရင်မ၏နန်းရင်ပြင်ဝယ် စေတုတ္တရာ





၌ တုယှဉ်ဝံ့သူမရှိသော လက်ဝှေ့ကျော်ကြီး ကျောက်ဘီလူးနှင့် ရာမညတိုင်းမှ အလည်အပတ်ရောက်ရှိနေသည့် ဟူးရားနက္ခတ်ဆရာလေးတို့၏ ထူးခြားလှသော တော်ဝင်လက်ဝှေ့ပွဲကြီးကို ကျင်းပမည်ဖြစ်သဖြင့် ကျောက်ဘီလူး၏ ပွဲကြီးပွဲကောင်းကို မကြည့်ရတာကြာပြီဖြစ်သည့် မြို့သူမြို့သားတို့မှာ လက်ဝှေ့ပွဲကြည့်ရန် အားခဲလျက် သွားရောက်နေကြခြင်းဖြစ်ပေ၏။

''ကျောက်ဘီလူးကို ယှဉ်ဝံ့သူမရှိတော့ဘူး ထင်တာ။ ခုတော့ . . . ယှဉ်ဝံ့သူပေါ်လာပြီဗျို့။ ပွဲကြီးပွဲကောင်းတော့ ကြည့်ရဦးတော့မှာပေါ့ကွာ''

''ငါတော့ ပွဲကြီးပွဲကောင်း ဖြစ်မယ်မထင်ဘူးကွ။ ခုတစ်ခါ ကျောက်ဘီလူးနဲ့ ယှဉ်ပြိုင်မယ့်သူက ဟူးရာနက္ခတ်ဆရာလေးတဲ့ကွ။ ဟူးရာနက္ခတ်ဆရာလို ပျော့ပျော့ညံ့ညံ့လေးက ကျောက်ဘီလူးလို လူကြမ်း၊ လူ့ဘီလူးကြီးကို ဘယ်လိုလက်ရည်တူယှဉ်နိုင်ပါ့မလဲကွာ။ တစ်ဖက်စောင်းနင်းပွဲကြီး ဖြစ်နေမှတော့ ကြည့်ရတာ အရသာရှိမှာမဟုတ်ပါဘူး။ တစ်ချီတစ်မောင်းတည်းနဲ့ ပွဲပြတ်သွားမှာပါကွာ''

''အံမယ် . . . ကိုဖေယျာကြီး မထင်နဲ့နော်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ရွှေစကြာဆိုတဲ့လူကို ကျုပ်တွေ့ဖူးလိုက်တယ်။ ဘုရင်မရဲ့ ခေါင်းဆေးမင်္ဂလာနေ့ကလေ။ ကျုပ်ရဲ့ရှေ့မှာတင် ကျောက်ဘီလူးကို တစ်ချက်တည်း ကန်ထည့်လိုက်တာ ကျောက်ဘီလူးရဲ့ ခြေထောက် ကျောက်ခင်းလမ်းပေါ်ကနေ တစ်တောင်လောက် မြင့်တက်သွားပြီး ခန္ဓာကိုယ်ကြီးတစ်ခုလုံး ဖွဲ့အိတ်လို ပက်လက်လန်ပစ်ကျသွားတာများ ဖုံးခန်ဲနေတာပဲ။ တော်ရုံနဲ့ မထနိုင်ဘူး။ ရဲမက်တစ်ယောက်က မနည်းဆွဲထူရတယ်''

''ကျုပ်လည်း ကြားပါတယ် ကိုကြီးစီရဲ့။ ဒါပေမဲ့ ... အဲဒါ ကျောက်ဘီလူးက အလစ်အငိုက်ခံလိုက်ရတာပါဗျ။ ခုပွဲက သေချာသတိထားတိုက်ခိုက်မှာ။ အဲဒီ ရွှေစကြာဆိုတဲ့ သူငယ်တော့ ဟူးရာနက္ခတ်ဗေဒင် အေးအေးဆေးဆေးတွက်ပြီး ထမင်းတစ်လုတ်စားနေရင် ကောင်းမယ်ထင်တယ်ဗျို့။ နို့မို့ဆို ... ကျောက်ဘီလူးကြောင့် နဝမမြောက် အသက်ပေးသွားရတဲ့ သားကောင်ဖြစ်မှာ မြင်ယောင်သေးရဲ့ဗျာ ... ဟား ဟား ဟား''

''ဟုတ်တယ်၊ ကျုပ် ကိုဖေယျာကြီးဘက်က ထောက်ခံတယ်။ ဒီပွဲမှာ ကျောက်ဘီလူး အပြတ်အသတ်စားသွားမှာပဲ။ ကြေးပြားငါးပြားကြေး လောင်းကြေးထပ်မယ်ဗျာ''





''ကျုပ်က ရွှေစကြာဘက်က ကြေးပြားငါးပြားဆို နည်းတယ်၊ ဆယ်ပြား ကြေးထပ်မယ်''

''စိန်လိုက်''

အောက်ခြေမှသည် မင်းစိုးရာဇာ သူဌေးသူကြွယ်တို့အထိ ကျွန်ုပ်တို့၏ပွဲအတွက် လောင်းကြေးထပ်ကြသည်။

ကျွန်ုပ်သည်မူ ထိုနေ့တွင် အရုဏ်မတက်မီကတည်းက အိပ်ရာမှထကာ ကိုယ်လက်သုတ်သင်ပြီးလျှင် သမာဓိတည်အောင် ယောဂကျင့်စဉ်ကို သူရိန်နေမင်းထွက်ပြူစပြုလာသည်အထိ ကျင့်ခဲ့လေ၏။

ယောဂကျင့်စဉ်၏ ကျေးဇူးကြောင့် ကျွန်ုပ်၏စိတ်အာရုံသည် တည်ငြိမ်ခြင်းပကတိရှိပြီး ခန္ဓာကိုယ်က ဖက်ရွက်နှယ်ပေါ့ပါးလျက် ရှိပေသည်။

ကျွန်ုပ် ယင်းသို့ ယောဂကျင့်စဉ်ကျင့်နေသည့်အချိန်တွင် ကျောက်ဘီလူးသည်မူ ဝါးပိုးဝါးအဆစ်ပိုင်းတို့ကို လက်သီးဖြင့် တခွမ်းခွမ်းမြည်အောင် ထိုးခွဲလျက်ရှိပြီး သိပ်သည်းဆမြင့်မားသည့် သဲအိတ်တို့ကို တစ်လုံးပြီးတစ်လုံး ကွဲထွက်စေရန် ခြေထိပ်ခြေစောင်း၊ ခြေဖနောင့်တို့ဖြင့် တဝိုးဝိုးကန်ကာ လေ့ကျင့်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ဟု သိရပေသည်။

အတန်ငယ် နေထွက်ပြူလာပြီမို့ ဆောင်းနံနက်၏ အေးမြခြင်းတို့ လျော့ပါးလာချိန်မှာပင် တံပိုးခရာသံတို့ ထွက်ပေါ်လာပြီး ရွှေသရဖူကိုဆောင်းလျက် အဖြူရောင်ဖာဝတ်စုံကို ဆင်မြန်းကာ ပိုးပဝါဖြူလွလွကို ပုခုံးထက်၌ ရစ်ခြုံထားသော စေတုတ္တရာ၏ဘုရင်မသည် ရွှေနန်းတော်ထဲမှ နန်းရင်ပြင်ဆီသို့ ကြွချီလာခဲ့ပြီ။

ဘုရင်မက နန်းတော်၏အမိုးစွန်းအောက် နန်းရင်ပြင်၏ အစပ်ရှိ ရွှေပိန်းချထိုင်ခုံတွင် ထိုင်လိုက်သည်နှင့် တံပိုးခရာသံတို့ တိတ်ဆိတ်သွားကာ ပြိုင်ပွဲကိုကြီးကြပ်သည့် မြိတိုက်ဝန်က တော်ဝင်လက်ဖွဲ့ပွဲကြီးကို ဆင်နွှဲလေမည့် လက်ဖွဲ့ကျော်နှစ်ဦးအား ကြေညာဖိတ်ခေါ်ခြင်းပြုလေတော့၏။

"ရွှေပွဲလာညီ့ပရိသတ်များရဲ့ ရှေ့မှောက်ဆီ ယခုအခါ လက်ဖွဲ့ရေးပြဖို့ ထွက်လာမယ့်သူကတော့"

"ဇမ္ဗူတစ်လွှား ပြိုင်စံရှားပါတဲ့ ဖေ့သားအကျော် လက်ဖွဲ့တော်မို့ မျက်မွေးတော်၊ မော်လို့မှမကြည့်လာနဲ့ ဘာမထီ ယောက်ျား တစ်ကောင်ဘွား၊ လူထွားလူထူး ကျောက်ဘီလူးပါတဲ့





ခင်ဗျား"

"ဒူ ဟူ ဟူ ဟူ"

မြိတိုက်ဝန်၏ကြေညာသံနှင့် မောင်းသံတို့အဆုံးတွင် နန်းရင်ပြင်၏ ဝဲဘက်ထောင့်မှ ကြီးမားထွားကျိုင်းလှသော ကျောက်ဘီလူးသည် နန်းရင်ပြင်အလယ်သို့ ဝင့်ကြွားစွာ ဝင်ရောက်လာလေရာ နန်းရင်ပြင်၏သုံးဖက်သုံးတန်ရှိ ပြည့်ကြပ်နေသည့် လူအုပ်ကြီးထဲမှ လက်ခုပ်သံတဖြောင်းဖြောင်း ထွက်ပေါ်လာပါတော့၏။

"ဖြောင်း ဖြောင်း ဖြောင်း"

"ကျောက်ဘီလူးကွ ကျောက်ဘီလူး"

သို့သော် ... ရောက်ရှိနေသည့် လူအုပ်ကြီး၏ထုထည်နှင့်စာလျှင် လက်ခုပ်သြဘာသံက နည်းလှသည်။

ဘုရင်မ၏ ဝဲယာရှိ လှံကိုင်လုံခြုံရေးစစ်သည်ရဲမက်တို့၏ ဘေး၌ ရပ်ကြည့်နေကြသည့် မှူးကြီးမတ်ရာမှစ၍ နန်းတွင်းသူ နန်းတွင်းသားတို့ကမူ သူတို့၏သူရဲကောင်း ကျောက်ဘီလူးကို လက်ခုပ်သြဘာတီးကာ ချီးမြှောက်ခြင်းပြုကြလေ၏။

ထို့နောက်မှာမူ ...



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးတိုက်ဝန်က ကျွန်ုပ်ကို ကြေညာဖိတ်ခေါ်ချေပြီ။

"ရွှေပွဲလာညည့်ပရိသတ်ကြီးခင်ဗျား ... ကျွန်ုပ်တို့ရဲ့ စေတုတ္တရာသူရဲကောင်းလက်ဝှေ့ကျော် ကျောက်ဘီလူးကို ယှဉ်ပြိုင်ထိုးသတ်မယ့်သူကတော့"

"ဘက်တူရင် လူမရွေးသူပါတဲ့။ ကုန်းမှာ မြွေပွေး၊ ရေမှာငရွေး၊ သွေးကာနီနီ၊ ဘာမထီယောကျ်ား၊ ပြိုင်စံရှားတဲ့ လက်ဝှေ့ဝိဇ္ဇာ၊ ရွှေစကြာပါတဲ့ခင်ဗျာ"

"ဒူ ဟူ ဟူ ဟူ"

ဖြိုးတိုက်ဝန်၏ကြေညာသံ၊ မောင်းသံတို့အဆုံးတွင် ကျွန်ုပ်သည် လက်ခမောင်းခတ်လျက် နန်းရင်ပြင်၏ လက်ယာထောင့်မှနေ၍ နန်းရင်ပြင်အလယ်သို့ လက်ဝှေ့ရေးပြရင်း ထွက်လာရာ နန်းရင်ပြင်၏ သုံးဖက်သုံးတန်ရှိ လူထုပရိသတ်က တစ်ခဲနက်သော လက်ခုပ်ဩဘာသံကြီးဖြင့် ကြိုဆိုလေရာ ဘဝင်ညံ့သွားသလားပင် ထင်ရပေ၏။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ရွှေစကြာကွ ရွှေစကြာ"

ကျောက်ဘီလူးထက် ကျွန်ုပ်အား လူထုပရိသတ်က





လက်ခုပ်ဩဘာ ပို၍ပေးကြသည်ကို အံ့အားတသင့်တွေ့မြင်သွားကြသည့် မှူးကြီးမတ်ရာမှစပြီး နန်းတွင်းသူ နန်းတွင်းသားတို့မှာ မျက်စိမျက်နှာ ပျက်သွားကြလေတော့သည်။

ဘုရင်မကမူ ကျွန်ုပ်ကို ရွှန်းရွှန်းစားစား လှမ်းကြည့်ပြီး လက်ခုပ်ကို သာသာလေးတီးကာ ဩဘာပေးလေရာ ထိုအခါကျမှ မှူးကြီးမတ်ရာ သေနာပတိတို့နှင့် နန်းတွင်းသူနန်းတွင်းသားတို့မှာ သံယောင်လိုက်လျက် မတီးချင်တီးချင်ဖြင့် လက်ခုပ်ဝိုင်းတီးကြပေတော့၏။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ကျောက်ဘီလူးသည်ကား ကျွန်ုပ်ကို အခဲမကြေနိုင်ဟန်ဖြင့် အံကြိတ်ကြည့်ရင်း လက်ခမောင်း တဖြောင်းဖြောင်းခတ်လျက် လက်သီးတပြင်ပြင် ဖြစ်နေလေ၏။

အပေါ်ပိုင်းဗလာကျင်းထားသဖြင့် ဆေးကွင်းမင်ကြောင်များ ထိုးထားသည့် မို့မောက်သော ရင်အုပ်ကြီးနှင့် တုတ်ခိုင်သန်စွမ်းလှသော လက်ရုံးလက်မောင်းတို့ဝယ် ကြွက်သားအမြှောင်းမြှောင်းဖြင့် လှိုင်းထလျက်ရှိချေ၏။

အရပ်အမောင်းမှာ ကျွန်ုပ်နှင့် မတိမ်းမယိမ်း ဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ၏ခန္ဓာကိုယ်က လွန်စွာကြီးမားတုတ်ခိုင်လျက်ရှိရာ မည်းမည်းကြုတ်ကြုတ် သူ့ရုပ်သွင်က တကယ့်ဘီလူးကြီးတစ်ကောင်နှယ် တူနေချေ၏။

ခါးပုံစရှေ့တွင် ပဝါအနီရောင်ကို ထောင့်ချွန်းချကာ စည်းထားပြီး ပုဆိုးကွက်ကြဲကြီးကို ခါးတောင်းမြှောင်အောင် ကျိုက်ထားရာ သူ၏ကြွက်သား အမြှောင်းကြီးများဖြင့် ဖုထစ်နေသော ပေါင်လုံး ခြေသလုံးကြီးများက ကျွန်းပင်၏ပင်စည်လုံးကြီးများသဖွယ် ကြံ့ခိုင်လှပေ၏။

သို့သော် ကျွန်ုပ်သည် သူ၏ ကြီးမားတုတ်ခိုင်ခြင်း၊ သန်စွမ်းခြင်းတို့အတွက် စဉ်းငယ်မျှပင် မမှုပါချေ။

အဘယ့်ကြောင့်ဆိုသော် တောတောင်တို့ထဲတွင် သူ့ထက် အဆများစွာခွန်အားကြီးလှသော ဝက်ဝံကြီးများနှင့် ကျွန်ုပ် အကြိမ်ကြိမ် ယှဉ်ပြိုင်တိုက်ခိုက်ဖူးသောကြောင့် ဖြစ်ပါ၏။

တောထဲဝယ် ကျားထက်ကြောက်စရာကောင်းသော ဝက်ဝံကြီးတို့ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းရှိအောင် ဘရသေ့က သေနင်္ဂဗျူဟာ ကြွယ်ဝစွာဖြင့် ကျွန်ုပ်ကို အထပ်ထပ် သင်ကြားလေ့ကျင့်စေခဲ့ပြီးဖြစ်သည်။





ကျွန်ုပ်သည် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် လက်ဝှေ့ရေးပြင်ရင်း ဘုရင်မထံ တစ်ချက်တစ်ချက် လှမ်းကြည့်မိရာ သူမသည် ကျွန်ုပ်ကို ကန္ဒြေအပြည့်ဖြင့် စူးစူးနစ်နစ် ကြည့်လျက်ရှိကြောင်း သတိပြုမိပေ၏။

ဘုရင်မ၏အနောက်နား ဝဲဘက်တွင် အပျိုတော်တို့ကြား ရပ်နေသည့် အပျိုတော်ထိန်းအသစ် နှင်းကလျာမှာမူ ကျွန်ုပ်အား စိုးရိမ်သည့်မျက်ဝန်းတို့ဖြင့် ငေးကြည့်လျက်ရှိချေသည်။

ခဏအကြာမှာပင် လက်ဝှေ့ဒိုင်နှစ်ဦးက နန်းရင်ပြင်ဆီ လှမ်းဝင်လာပြီး ကျွန်ုပ်နှင့် ကျောက်ဘီလူးတို့အား လက်ဝှေ့ပွဲ၏ စည်းမျဉ်းစည်းကမ်းတို့ကို ပြောကြားလေ၏။

ထို့နောက်မှာမူ ကျွန်ုပ်တို့ လက်ဝှေ့သမားနှစ်ဦးအကြားမှ တားထားသောလက်တို့ကို ဒိုင်တို့ကဖြုတ်ကာ လက်ဝှေ့ပွဲကြီး၏ ပထမဆုံးအချီကို စတင်စေလိုက်ပါတော့သည်။

"ဝိုး ဝိုး ဝိုး"

လက်ဝှေ့ပွဲစတင်သည်နှင့် ကျောက်ဘီလူးသည် ထန်းသီးလုံးခန့် ရောမလက်သီးကြီးတို့ဖြင့် ကျွန်ုပ်အား အမှန်ချေနိုင်ရန် ရပ်မနားတရစပ် တိုက်ခိုက်တော့ရာ ကျွန်ုပ်က သူ၏လက်သီး



www.burmeseclassic.com

www.burmeseclassic.com



ချက်တို့ကို ပါးနပ်စွာရှောင်ရင်း တစ်ချက်တစ်ချက် ပူရွဲနေသော သူ၏ဝမ်းဗိုက်ကြီးဆီသို့ ထောက်လက်သီး ပစ်ပစ်သွင်းလေရာ ထောက်လက်သီးချက်တစ်ချက်မိတိုင်း သူ၏ပါးစပ်မှ ရှူးခနဲ လေ ထွက်သွားသံကြီးက ဖားဖိုကြီးမှုမြည်သံအလား ထင်မှတ်ရပေ၏။

ပရိသတ်တို့သည်ကား သန်ရာသန်ရာ အော်ဟစ် အားပေးလျက်ရှိရာ ဘဝဂ်ညံမျှ အုတ်အုတ်ကျက်ကျက် ဖြစ်နေပြီး လက်ဝှေ့သမားတစ်ဦးဦး၏ ထိချက်တိုင်းအတွက် လက်ခုပ်သံ တဖြောင်းဖြောင်း ထွက်ပေါ်နေပါတော့၏။

ကျောက်ဘီလူးကား ကျွန်ုပ်ကို အလွယ်တကူ ချေမှုန်းနိုင် လိမ့်မည်ဟု ထင်ထားဟန်ရှိ၏။

သုံးချီသုံးလားပြည့်သည်အထိ ကျွန်ုပ်ကို ထိထိရောက် ရောက် မတိုက်ခိုက်နိုင်သောအခါ သူ၏ဒေါသက မုန်ယိုဆင်ရိုင်း လို ဖြစ်လာတော့သည်။

သူ၏ ပြင်းထန်အားပါလှသော လက်သီးထိုးချက်၊ ခြေ ကန်ချက်တို့မှာ ပွတ်ကာသီကာ ရှောင်လျက်ရှိသည့် ကျွန်ုပ်၏ မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့သို့ ပွတ်ကာသီကာသာ ထိလျက်ရှိလေ ၏။





သို့သော် ကျွန်ုပ်သေသေချာချာပစ်လွှတ်သည့် လက်သီး ချက်တို့ကမူ ပစ်မလွဲဖြစ်နေသော သူ၏ဝမ်းဗိုက်စူစူကြီးကို အချက်တိုင်း အချက်တိုင်း ပယ်ပယ်နယ်နယ်ထိလျက်ရှိရာ ထိုသို့ လက်သီးချက်တစ်ချက်ထိတိုင်း သူ၏ပါးစပ်မှ ရှူးခနဲ ရှူးခနဲ လေမှုတ်သံကြီးမှာ ကြာလေကျယ်လောင်ပြင်းထန်လေ ဖြစ်နေပါ တော့သည်။

သို့ဖြင့် ... စတုတ္ထအချီသို့ရောက်လာသည့်အခါမှာမူ ကျောက်ဘီလူးသည် သပြေသီးမှည့်ရောင်ထနေပြီဖြစ်သည့် သူ၏ ဝမ်းဗိုက်ကို လုံးဝအထိမခံဝံ့တော့ဘဲ လက်တို့ကိုအောက်ချကာ ကာလျက်ရှိရာ ဟင်းလင်းပွင့်နေသည့် သူ့မျက်နှာသည် ကျွန်ုပ် အတွက် ပစ်မှတ်အသစ် ဖြစ်လာတော့၏။

ထိုရောအခါ ... ကျွန်ုပ်၏လက်သီးချက်တို့ကြောင့် ကျောက်ဘီလူး၏နှာခေါင်းမှ သွေးတို့ယိုစီးကျလာကာ မူးဝေလာ ဟန်ရှိပြီး နောက်သို့ဆုတ်ကာဆုတ်ကာ ရှောင်ပြေးလျက် ရှိလေ တော့၏။

ယင်းအခါ ပရိသတ်၏အော်ဟစ်လှောင်ပြောင်သံတို့ကြောင့် လည်း ဘဝဂ်ညံလာပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်ကျောက်ဘီလူး ... ကြောက်နေပြီလား။ သူများကိုတော့ ထိုးရဲသတ်ရဲခဲ့တယ်၊ အခု မင်းကိုနိုင်တဲ့သူ ပေါ်လာပြီလေ။ ခုမှ ဘာကြောက်နေတာလဲ”

“ကျောက်ဘီလူး ... ငကြောက် ငကြောက်”

ကျောက်ဘီလူးသည် နောက်ဆုံး၌ လက်တို့ကို မြှောက်ကာရင်း ကျွန်ုပ်၏ရှေ့၌ ဒူးထောက်ကျသွားပါတော့၏။

“ဝေး ... ကျောက်ဘီလူး ရှုံးပြီ၊ ရှုံးပြီ။ ကြောက်ရှုံး ကြောက်ရှုံး ... ဟား ဟား ဟား”

ပရိသတ်တို့၏အော်ဟစ်လှောင်ပြောင်သံတို့ကား နားကွဲမတတ် ဆူညံပွက်လောရိုက်လျက် ရှိချေ၏။

ကျောက်ဘီလူး၏ မရှုမလှအရှုံးကြောင့် မှူးကြီးမတ်ရာ သေနာပတိနှင့်တကွ နန်းတွင်းသူနန်းတွင်းသားတို့ များစွာ အရှက်ရချေပြီ။ သူတို့၏ သူရဲကောင်းကြီး ဂုဏ်သိက္ခာမဲ့စွာ ကျဆုံးခဲ့ပြီကိုး။

ထိုစဉ် ... ဘုရင်မက ထိုင်ရာမှ ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး လက်ယာဘက်လက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်၏။





ဘုရင်မ၏အပြုအမူကြောင့် လူအပေါင်း၏ အော်ဟစ်ဆူညံသံတို့ မီးကို ရေနှင့်သတ်လိုက်သလို ရုတ်ခနဲ တိတ်ဆိတ်သွားတော့သည်။

ကျွန်ုပ်သည် မိမိ၏ရှေ့တွင် ဒူးထောက်မှုးဝေလျက်ရှိသော ကျောက်ဘီလူးကိုတစ်လှည့် ဘုရင်မကိုတစ်လှည့် ကြောင်ကြည့်နေမိတော့သည်။

အားလုံးဝိုင်းကြည့်နေကြစဉ်မှာပင် ဘုရင်မက လက်သီးဆုပ်ထဲမှ ထုတ်လိုက်သောလက်မကို အောက်သို့စိုက်ပြလိုက်ပါတော့၏။

ဘုရင်မက ကျွန်ုပ်ကို သတ်မိန့်ပေးလိုက်ခြင်းပင် ဖြစ်ပါ၏။

ပရိသတ်ကြီးထံမှ ဝေါခနဲ ဆူညံသံများ ဘဝက်ညံအောင် ထွက်ပေါ်လာပါတော့သည်။

“သတ် သတ် သတ်”

“ရွှေစကြာ ... ကျောက်ဘီလူးကို သတ်လိုက်တော့”

“ဟုတ်တယ် ... သတ်၊ သူများတွေကို သတ်ထားတဲ့ကောင် မညှာနဲ့သတ်ပစ်”



www.burmeseclassic.com

www.burmeseclassic.com


ပရိသတ်ကြီးက ပြင်းပြစွာ တောင်းဆိုလျက်ရှိပြီး ကျွန်ုပ် အနေဖြင့် ခေါင်းငိုက်စိုက်ကျနေသည့် ကျောက်ဘီလူး၏နားထင် နှစ်ဖက်ကို လက်ဖနောင့်တို့ဖြင့် ညှပ်ရိုက်လိုက်လျှင်ဖြစ်စေ၊ သူ့ ခေါင်းငယ်ထိပ်ကို တံတောင်ဖြင့် ထောင်းလိုက်လျှင်ဖြစ်စေ၊ သူ့ ဖက်ပိုးကို လက်ဝါးစောင်းခုတ်ချလိုက်လျှင်ဖြစ်စေ၊ ပေဖြစ်သည့် ဘဝ လည်စင်းခံနေရရှာသည့် ကျောက်ဘီလူး၏ ဇီဝိန်တစ်ချက် တည်း ချုပ်သွားမည်သာဖြစ်၏။

သို့သော် ... အရှုံးပေးလာသည့်သူကို ကျွန်ုပ် မရက် စက်လိုပါ။ တောတောင်ထဲနေစဉ်ကပင် ကျွန်ုပ်ကို ရန်မပြုလာ သည့် မည်သည့်တောကောင်ကိုမျှ မရက်စက်ခဲ့ဖူးပါ။ ထွက် ရှောင်ပြေးသွားသော လည်စင်းခံရှာသော မည်သည့်တောကောင် ကိုမှ အန္တရာယ်မပြုခဲ့ပါ။

ပရိသတ်ကြီးက မချင့်မရဲဖြင့် အော်ဟစ်တိုက်တွန်းနေ သော်လည်း ကျွန်ုပ်ကမူ တုံဏှိဘာဝေ ရပ်လျက်နေရာမှ ဦးခေါင်း ကို ဖြည်းဖြည်းရမ်းနေမိပါတော့၏။

"ယက္ခကြီး"

ထိုစဉ် ...

ဘုရင်မ၏အော်ဟစ်သံက စူးစူးရဲရဲ ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလိုပင် ဘုရင်မ၏လက်ယာဘက်မှ လှံကိုင်စစ် သည်ကြီးသည် ရှေ့သို့ ရုတ်ခနဲ ပြေးထွက်လာလေသည်။

"မလုပ်ပါနဲ့"

ကျွန်ုပ် ဟန့်တားရန် ကြိုးစားလိုက်စဉ်မှာပင် ယက္ခကြီး က လက်ထဲမှ အဲမောင်းလှံတံကြီးကို မြှောက်ကိုင်ကာ ကျောက် ဘီလူး၏ကျောပြင်ကြီးထဲ အရှိန်ပြင်းစွာ ထိုးစိုက်ချလိုက်တော့ ၏။

"ဂွပ်"

လှံချက်က ခန္ဓာကိုယ်ကြီးကိုထုတ်ချင်းခတ်သွားတော့ သည်။

"အား"

မချိမဆန့် အော်သံနက်ကြီး ထွက်ပေါ်လာပြီးနောက် ကျောက်ဘီလူးမှာ ကျောက်ကြမ်းပြင်ပေါ်သို့ ဘေးတစ်စောင်း လဲကျသွားကာ ခန္ဓာကိုယ်ကြီး တဆတ်ဆတ်တုန်နေရာမှ ခဏ ချင်းမှာပင် အသက်ပျောက်သွားပါတော့၏။

"ဝေး ဟေး ဟေး"

ခု နစ် စဉ် ကြယ် စာ ပေ

ခု နစ် စဉ် ကြယ် စာ ပေ
www.burmeseclassic.com

www.burmeseclassic.com

"ဖြောင်း ဖြောင်း ဖြောင်း"

ပရိသတ်ကြီး၏သြဘာလက်ခုပ်သံတို့က ဘဝင်ညှိ လျက်တည်း။

❋ ❋ ❋

## အခန်း (၃)

ဘုရင်မ၏အနမ်းပွင့်

သစ္စာဆိုကြခြင်း

အချစ်ညာ၏ရင်ခုန်သံ

သစ္စာမဲ့သူ

ထာဝရချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## ဘုရင်မ၏အနှမ်းပွင့်

ကျောက်ဘီလူးကို အောင်မြင်ပြီးနောက်ပိုင်း ကျွန်ုပ်၏ အနေအထားမှာ များစွာတိုးတက်မြင့်မားသွားပါတော့၏။

တော်ဝင်လက်ဖွဲ့ပွဲသဘင်နေ့တွင် ကျွန်ုပ်၏အောင်မြင်မှု အတွက် ဘုရင်မကိုယ်တိုင် ကျွန်ုပ်အား ပန်းကုံးစွပ် ချီးမြှင့်ခြင်း ပြုသည့်အပြင် ထိုညတွင်လည်း ကျွန်ုပ်အား နန်းတော်သို့ ဖိတ်ကြားကာ ဘုရင်မကိုယ်တိုင် ညစာဖြင့် ညှိခံကျွေးမွေးခြင်း ပြုခဲ့ပေသည်။

နန်းကလျာ၏ပြောပြလျှောက်ထားချက်အရ . . .

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရာမညတိုင်းဘက်မှ ဟူးရားနက္ခတ်ဆရာတစ်ဦးဖြစ်ပြီး ဦးရိုးတော်သူ စောင်းဆရာကြီးဦးကြ္ထာထံ လာရောက်လည်ပတ်သူဖြစ်ကြောင်း သိထားလေသည့် ဘုရင်မက ညစာစားပွဲအပြီးတွင် သူမ၏လက်ရိုက်ကြမ္မာ အဆိုးအကောင်းတို့အား ဟောကြားပေးရန်တောင်းဆိုလေရာ ကျွန်ုပ်လည်း ထိုနေ့ည၏ကောင်းကင်ထက်မှ ဂြိုဟ်သွားဂြိုဟ်လာ ဂြိုဟ်နေတို့ကိုကြည့်ပြီး ကောဇာအစီးအနင်းပညာဖြင့် သူမ၏ဇာတာကို စမ်းစစ်တွက်ချက်ပေးလိုက်လေ၏။

တကယ်တော့ သူမ၏မူလဇာတာအပေါ် သက်ရောက်လာသည့် ကောဇာအစီးအနင်းအနေအထားတို့အရ သူမ၏လက်ပေါ် စနေဂြိုဟ်စီးနင်းလျက်ရှိပြီး အာယုစမ်းအပေါ်၌ ရာဟုဂြိုဟ်ဆိုးကြီး စီးနင်းလျက်ရှိချေသဖြင့် သူမ၏ဇာတာသည် ဆိုးရွားနိမ့်ကျရန်များခြင်းဘက်သို့ ဦးတည်နေသော်လည်း –

အကြံအစည်ရှိသောကျွန်ုပ်က သူမသဘောကျစေမည့်စကားလုံးများကို ရွေးချယ်ကာ သူမသည် ယခုထက် ဘုန်းတန်ခိုးတက်ပြီး စုတ်လာဘ်တို့ အတားအဆီးမရှိ ဝင်လာတော့မည်ဖြစ်ကြောင်း ဟောချက်ထုတ်ပေးလိုက်ရာ ဘုရင်မမှာ





လွန်စွာ ဝမ်းမြောက်ရွှင်လန်းသွားပြီး ကျွန်ုပ်အား ရွှန်းရွှန်းစားစားကြည့်လျက်မှ သူမ၏လက်ယာလက်သူကြွယ်၌ ဝတ်ဆင်ထားအပ်သော ပတ္တမြားလက်စွပ်ကို ချွတ်ကာ ဆုအဖြစ် ချီးမြှင့်ခြင်းပြုလေ၏။

"အမောင်ရဲ့ နှုတ်လုံးရည် လက်ရုံးရည်တို့ကို သဘောကျလို့ အရှင်မချီးမြှောက်လိုတယ်။ မနက်ဖြန်ကစပြီး နန်းတော်လုံခြုံရေး အကြီးအကဲတာဝန် ထမ်းဆောင်စေ"

တစ်ပြည်သားအား ရွှေနန်းတော်၏လုံခြုံရေးအကြီးအကဲတာဝန် မပေးသင့်ကြောင်း မှူးကြီးမတ်ရာတို့က ကန့်ကွက်ကြသေးသော်လည်း ဘုရင်မက သူမ၏အမိန့်ကို ပယ်ဖျက်ခြင်းမပြုခဲ့ဟု နောက်ပိုင်းတွင် နန်းကလျာက ကျွန်ုပ်အား ပြောပြခဲ့လေသည်။

သို့ဖြင့် ကျွန်ုပ်သည် ထိုနေ့၏နောက်နေ့မှစပြီး ရွှေနန်းတော် လုံခြုံရေးအဖွဲ့၏ အကြီးအမှူးဖြစ်သွားရသလို နန်းတော်ဝင်းအတွင်း ဝဲဘက်အနောက်ထောင့်မှ သီးသန့်အဆောင်ငယ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရလေသည်။

ယခုအခါဝယ် ...အရှေ့ဘက်အရပ်မှ ဂျွမ်းစင်သည်



www.burmeseclassic.com

www.burmeseclassic.com



တို့က ယိုးဒယားပြည်မှတစ်ဆင့် ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိသဖြင့် ရွှေနန်းတော်၏ လုံခြုံရေးအရေးကြီး လာသောကြောင့် နေ့ညမဟူ ကျွန်ုပ်၏ ကြီးကြပ်စောင့်ရှောက်မှု လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြင့် ကျွန်ုပ်အား နန်းတော်ဝင်းအတွင်းသို့ ပြောင်းရွှေ့နေစေခဲ့လေသည်။

ကျွန်ုပ်နေရသောအဆောင်ငယ်မှာ ရှေးယခင်က ဘုရင်မ၏စာတော်ဖတ်အမျိုးသမီးကြီးတစ်ဦး နေထိုင်သော သီးသန့် အဆောင်ငယ်ဖြစ်ကာ ရွှေနန်းဆောင်များနှင့် ဆယ်လံခန့်ဝေးကွာပြီး ရွှေနန်းဆောင်ဘေးတံခါးပေါက်တစ်ခုဆီသို့ ကျောက်ပြားခင်းလမ်းလေးဖြင့် ဆက်သွယ်ထားလေ၏။

ယင်းကျောက်ခင်းလမ်းလေး၏ တစ်ဖက်တစ်ချက်တွင် မုလေး၊ စပယ်၊ စွယ်တော်၊ ညမွှေးစသည့် ပန်းရုံများပေါက်ရောက်လျက်ရှိပြီး နေ့နေ့ညည ပန်းရနံ့တို့ သင်းထုံလျက်ရှိပေသည်။

မည်သို့ဖြစ်စေ ကျွန်ုပ်တို့သည်ကား မူလရည်ရွယ်ထားသည့်အတိုင်း ခရီးအတော်ပေါက်ခဲ့ပြီဖြစ်ကာ ယခုဆို ကျွန်ုပ်သည် နန်းတော်ဝင်းအတွင်း၌ ခြေချလာနိုင်ခဲ့ချေပြီတည်း။





ထိုသို့သောအခြေအနေတွင် ကျွန်ုပ်တို့၏စကားဝှက်ကို သုံးလျက် ကျွန်ုပ်အား တိတ်တဆိတ် လာရောက်ဆက်သွယ်သူ နှစ်ဦးရှိရာ တစ်ဦးမှာ ဘုရင်မ၏ စားတော်ကဲအမျိုးသမီးဖြစ်ပြီး အခြားတစ်ဦးမှာ နန်းစောင့်လုံခြုံရေးတပ်ဖွဲ့မှ ရဲမက်တစ်ဦးဖြစ်ကြောင်း အံ့အားတသင့် တွေ့ရလေသည်။

ထို့ကြောင့်လည်း မည်မျှစေ့ငှသည့် လုံခြုံရေးစည်း ဖြစ်ပါစေ တစ်နေရာရာ၌ စိမ့်ဝင်ကျိုးပေါက်မှုရှိစမြဲဟု ဘရသေ့ သင်ပြခဲ့ခြင်းမှာ မှန်လှကြောင်း ကျွန်ုပ် ဆင်ခြင်မိပေ၏။

ယခုအခါ ရွှေနန်းတော်၏ကချေသည်ခေါင်းဆောင်အဖြစ်သာမက အပျိုတော်ထိန်းရာထူးပါ တရားဝင်ရလာပြီဖြစ်သော နန်းကလျာနှင့်မူ ကျွန်ုပ်သည် အဆက်မသွယ်မပြတ်ရှိနေပေသည်။

တစ်ခုသောညနေဆည်းဆာဝယ် ကျွန်ုပ်သည် ညကင်းစောင့်ရမည့် ရဲမက်တို့ကို ရွေးချယ်တာဝန်ပေးအပ်ပြီးနောက် စားဖိုဆောင်သို့ဝင်ကာ ညစာထမင်းအုပ်ကိုယူဆောင်လျက် ကျွန်ုပ်၏အဆောင်ငယ်လေးဆီ ပြန်လာခဲ့လေသည်။

ကျွန်ုပ်သည် အဆောင်ငယ်လေးထဲသို့ ဝင်ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တံခါးရွက်ကို မင်းတုပ်ထိုးပိတ်ကာ ဆီမီးခွက်ကိုတွန်းညှိလိုက်စဉ် ကျွန်ုပ်၏ခုတင်ကွပ်ပျစ်၌ တစ်စုံတစ်ဦး ထိုင်နေသည်ကို သတိပြု မိသဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိလေသည်။

“ဟင် နန်းကလျာ ... ဘယ်တုန်းကရောက်နေတာလဲ”

“စောစောကပဲ”

“ဘာကိစ္စရှိလို့လဲ နန်းကလျာ။ မင်းနဲ့ကျုပ် ဒီလိုနေရာမှာ နှစ်ယောက်တည်းရှိနေတာကို တစ်ယောက်ယောက်တွေ့သွားရင် မကောင်းဘူး”

“အို ... ဘာကိုဂရုစိုက်ရမှာလဲ။ မောင်ကြီးနဲ့ကလျာ အသိအကျွမ်းတွေဆိုတာ အားလုံးသိပြီးမှပဲ”

“ကဲ ... ထားပါတော့လေ။ အခု ဘာကိစ္စရှိသလဲ ကလျာ”

ကချေသည်ဝတ်စုံကို ဝတ်ထားကာ မှုန်နံ့သာခြယ်သထားသဖြင့် မှုန်နေအောင်လှပသောသူမက ပေါင်ပေါ်တင်ထားသည့် အဝတ်ထည့်ကြိမ်ဖာလေးထဲမှ ဓားမြှောင်တစ်လက်ကို ထုတ်ပေးလေသည်။





ရွှေပိန်းချဓားအိမ်ပေါ်ဝယ် ပန်းကနုတ်များကို လှပစွာ ထွင်းဖော်ထားပြီး ရွှေပိန်းချအရိုးဝယ် နဂါးနှစ်ကောင်ပတ်ရစ်နေပုံ ထုဆစ်ထားသည့် ဓားမြှောင်မှာ လှပပြီး ထူးခြားလျက်ရှိပေ၏။

ကျွန်ုပ်က ဓားမြှောင်ကို လှမ်းယူလိုက်ပြီး ဓားအိမ်ထဲမှ ထုတ်ကြည့်လိုက်ရာ ဓားသွားက ငှက်ခါးရောင်တောက်လက်နေပြီး ဓားရိုး၏တစ်ဖက်တွင် ရွှေစကြာဟူ၍ ကမ္ဗည်းရေးထိုးထားသည်ကို တွေ့ရလေသည်။

“ဒါ ... ကျုပ်ရဲ့ဓားမြှောင်လား”

“ဟုတ်တယ် ... ဦးရီးဒိဗ္ဗနဲ့ ကလျာရဲ့အဘတို့ ဘရသေ့ဆီမှာ ဆေးစီရင်ပြီး ယူဆောင်လာကြတာ။ ဘရသေ့က မှာလိုက်တယ် သူ ဆေးစီရင်ပေးလိုက်တဲ့ ဒီဓားမြှောင်နဲ့ အရေးတော်ပုံ အောင်မြင်အောင် မောင်ကြီးကိုယ်တိုင် လုပ်ဆောင်ရမယ်တဲ့၊ လာမယ့်လပြည့်နေ့ည နောက်ဆုံးထားလုပ်ဆောင်ဖို့ အမိန့်ချမှတ်လိုက်တယ်”

ထို့နောက် နန်းကလျာသည် ထိုင်ရာမှထရပ်လိုက်ကာ ကျွန်ုပ်၏မျက်နှာကို မျက်လုံးရွှဲကြီးများဖြင့် ခေတ္တရှုစိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ တံခါးမင်းတုပ်ဖြုတ်လျက် ထွက်ခွာသွားပါတော့၏။

ကျွန်ုပ်လည်း လှပသောဓားမြှောင်လေးကို ငေးစိုက်ကြည့်နေရင်းမှ ရင်ထဲသို့ အတွေးတစ်စဝင်လာလေသည်။

"ဒီဓားမြှောင်နဲ့ စောမြတ်နန္ဒီရဲ့ရင်ဝကို ထိုးစိုက်ရမှာပါလား"

ယင်းအတွေးကို တွေးလိုက်မိသည်၌ ကျွန်ုပ်သည် လွန်စွာ တုန်လှုပ်ချောက်ချားသွားရပါတော့၏။ ထိုသို့ တုန်လှုပ်ချောက်ချားသွားရခြင်းအတွက်လည်း မိမိကိုယ်ကိုယ် လွန်စွာ အံ့ဩရပေသည်။

"ငါ ... ငါ ... ဘာဖြစ်သွားတာပါလိမ့်"

"ငါ ... ငါ ... စောမြတ်နန္ဒီကို မသတ်ရက်အောင် ဖြစ်နေလေသလား"

ကျွန်ုပ်သည်ကား လှပသည့် ဓားမြှောင်လေးကိုကြည့်ရင်း မျက်ဝန်းထဲဝယ် ဘုရင်မစောမြတ်နန္ဒီ၏ လှပချောမွေ့သော မျက်နှာလေးကို မြင်ယောင်လျက်ရှိပါတော့၏။

ထို့နောက်မှာမူ ... ကျွန်ုပ်သည် ဦးခေါင်းကို ခပ်ဖြည်းဖြည်း ခါရမ်းလိုက်ပြီးလျှင် ဓားမြှောင်လေးကို ဓားအိမ်ထဲ





ပြန်သွင်းကာ အိပ်ရာခေါင်းအုံးအောက်ထဲသို့ ထိုးသွင်းထားလိုက်ပါတော့သည်။

✳

ထိုညသည်ကား လဆန်းသုံးရက်နေ့မျှသာ ရှိသေးသဖြင့် လခြမ်းကွေးလေးက ကောင်းကင်ထက်တွင် မှုန်မှုန်ရေးရေးလေးသာ လင်းလျက်ရှိပြီး ကြယ်ရောင်တို့ကလည်း မပီဝိုးဝါးမျှသာ။

ဆောင်းလေအေးကမူ အေးတစိမ့်စိမ့်လေးတိုက်ခတ်နေသဖြင့် ညမွှေးပန်းရနံ့က ရွှေနန်းတော်ဝင်း၏ သည်မှာဘက်ပိုင်းတွင် မွှေးပျံ့လျက်ရှိလေသည်။

ညဦးပိုင်းမှစ၍ နန်းတော်၏သဘင်ဆောင်၌ နန်းကလျာဦးဆောင်သည့် ကပွဲသဘင် ဆင်ယင်ကျင်းပပြီးနောက် သူငယ်အိပ်ဆိတ်ချိန်ဝယ် ပွဲသဘင်ပြီးဆုံးသွားရာ နန်းတော်ဝင်းကြီး တစ်ခုလုံး ဆိတ်ဆိတ်ငြိမ်သွားပါတော့၏။

ကျွန်ုပ်လည်း အိပ်ဖန်စောင့်ကင်းတို့ကို လှည့်စစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ရွှေနန်းတော်ကြီးကို လက်ယာရစ်ပတ်ကာ ကျွန်ုပ်၏ အဆောင်ခန်းလေးဆီ လျှောက်လှမ်းလာစဉ် အဆောင်ငယ်နှင့် နန်းတော်အကြား ဆက်သွယ်ထားသော ကျောက်ဖြူပြားခင်း လမ်းလေးပေါ်တွင် တစ်စုံတစ်ဦးရပ်နေသည်ကို လရောင်ဝိုးဝါးဖြင့် တွေ့လိုက်ရသောကြောင့် အံ့အားသင့်သွားမိတော့၏။

''ဟင်''

ကျွန်ုပ်သည် ဓားအိမ်ပေါ်မှ ဓားရိုးကို လက်ဖြင့်ဆုပ်ကိုင်ရင်း ထိုလူရိပ်အနီးသို့ ချဉ်းကပ်သွားရာ အနီးသို့မရောက်မီမှာပင် ညမွှေးပန်းရနံ့နှင့်အတူ ပန်းပေါင်းဆီနံ့သာရနံ့သင်းသင်းလေးကို ရှူရှိုက်လိုက်ရရာ ပိုလို့ပင် အံ့အားသင့်သွားရပါတော့သည်။

''ဟာ ... ဘု ဘုရင်မပါလား''

အဝါဖျော့ဖျော့ ဝတ်စုံပါးပါးကို ဝတ်ဆင်ထားပြီး ဆံပင်ဖျားလျားချထားသည့် ဘုရင်မမှာ ဦးခေါင်းထက်တွင် သရဖူကို ဆောင်းထားခြင်းလည်းမရှိ၊ လည်ဆွဲတန်ဆာရတနာအဖြာဖြာလည်း ဆင်မြန်းထားခြင်းမရှိသဖြင့် သာမာန်အရပ်သူလေးနှင့် တူနေတော့၏။

ခြေသံကြား၍ ထင့် သူမက ကျောခိုင်းထားရာမှ ကျွန်ုပ်





ဘက်သို့လှည့်လာလေသည်။

''အရှင်မ တစ်ပါးတည်းပါလား''

''ဟုတ်တယ်လေ ရွှေစကြာ၊ ကင်းစစ်က ပြန်လာသလား''

''မှန်ပါ၊ ခုလို အကာလညဉ့်အခါမှာ တစ်ပါးတည်းကြွလာတာဟာ အန္တရာယ်မကောင်းပါဘူး အရှင်မ။ အပျိုတော်ထိန်းနန်းကလျာကိုတော့ ခေါ်လာသင့်ပါတယ်''

''နန္ဒီမှာ နန်းကလျာထက် အားကိုးရတဲ့ ရွှေစကြာ ရှိနေပြီပဲ။ ကျွန်ုပ်တို့ရဲ့ရွှေတော်တွေ မလိုပါဘူး''

ဘုရင်မက တရင်းတနှီးပြောလိုက်ပြီးနောက် –

''မဟုတ်ဘူးလား''

ဟုမေးကာ တဟင်းဟင်းရယ်မောနေတော့သည်။

အခါတိုင်း ရာဇဣန္ဒြေအပြည့်ဖြင့် နေထိုင်လေ့ရှိသော ဘုရင်မမှာ ယခုတော့ သာမာန်အရပ်သူလေးနှယ် လွတ်လပ်ပေါ့ပါးစွာ ရှာ ရယ်မောလျှက်ရှိချေသည်။

''အရှင်မ စက်တော်ခေါ်မပျော်လို့လား။ ဘာအလိုရှိလို့ နန်းဆောင်ထဲက ထွက်လာတာပါလဲ''



www.burmeseclassic.com

www.burmeseclassic.com


''နန်းဆောင် ဟုတ်လား။ အဲဒီနန်းဆောင်တွေထဲမှာ ရံရွေတော်တွေနဲ့ ရာဇပလ္လင်တစ်ခွဲသားဆောင်ပြီး နေရတာ ငြီးငွေ့လှပြီအမောင်ရဲ့။ ခုလို တစ်နန်းတော်လုံး အိပ်စက်ပျော် သွားကြချိန်မှာ သာမန်မိန်းမပျိုလေးတစ်ဦးလို ခဏတော့ နေခွင့် ပြုပါနော်''

ဘုရင်မက ကျွန်ုပ်ထံ ခွင့်ပင်တောင်းနေသဖြင့် ကျွန်ုပ် သည် အံ့အားသင့်သည်ထက်သင့်လျက်ရှိသော်လည်း စာနာစိတ် လည်း ရင်ဝယ်ဖြစ်ပေါ်လာပါတော့၏။

လရောင်လဲ့လဲ့အောက်မှာပင် သူမက လှပစွာပြုံးလိုက် ပြီး ကောင်းကင်ထက်သို့ လက်ညှိုးလေးညွှန်ပြလိုက်ရင်း –

''အမောင် ... ဟိုကြယ်စင်စုကိုကြည့်စမ်း အဲဒါ နက္ခတ်တာရာအစုအဝေးတစ်ခု မဟုတ်လားဟင်။ အမောင်က နက္ခတ်ဆရာဆိုတော့ ဘာနက္ခတ်လဲဆိုတာ ပြောပြနိုင်မှာပဲနော်။ နန္ဒီကိုပြောပြပါလား''

ကျွန်ုပ်က ဘုရင်မညွှန်ပြသည့် ကြယ်အစုအဝေးကို မော့ ကြည့်လိုက်ပြီးနောက် အဖြေပေးလိုက်ရလေသည်။

''အဲဒါ ကြတ္တိကာနက္ခတ်ပါ အရှင်မ''



ထိုအခါ သူမက ကျွန်ုပ်၏မျက်နှာကို ဖျတ်ခနဲလှည့် ကြည့်ပြီး တိုးတိုးဆိုသည်။

''အို ... အမောင်ကလည်း။ အရှင်မတွေ ဘာတွေ လုပ်မနေပါနဲ့။ နန္ဒီကို နန္ဒီလို့ပဲ ရင်းရင်းနှီးနှီးခေါ်ပါလား''

''မခေါ်ဝံ့ပါဘူး အရှင်မ''

သူမက နှုတ်ခမ်းလေးစူလျက် ကျွန်ုပ်၏လက်မောင်းတစ် ဖက်ကို ဆတ်ခနဲ လှမ်းကိုင်ဖျစ်ညှစ်လိုက်ပြီး ခြေလေးဆောင့် ကာ ...

''အို ... လာပြန်ပြီ အရှင်မ။ ခုလို နှစ်ယောက်တည်း တွေ့တဲ့အချိန်မှာ ထီးသုံးနန်းသုံးတွေ မသုံးပါနဲ့လို့ဆို။ နန္ဒီလို့ပဲ ခေါ်''

ကျွန်ုပ်မှာ သက်ပြင်းရှိုက်လိုက်မိတော့၏။

''နန္ဒီလို့တော့ မခေါ်ပါရစေနဲ့။ မမနန္ဒီလို့ပဲ ခေါ်ပါရစေ''

''မမနန္ဒီ ဟုတ်လား။ အင်း ကောင်းတယ် ကောင်း တယ်''

သူမက ကျွန်ုပ်၏လက်မောင်းကို မလွှတ်သေးဘဲ ကျွန်ုပ် နှင့် မျက်နှာချင်းဆိုင်တည့်တည့် လှည့်လိုက်ရာ မျက်နှာချင်း


www.burmeseclassic.com

www.burmeseclassic.com


ကိုယ်လုံးချင်း အတော်နီးကပ်သွားပါတော့၏။

လရောင်ဖျော့ဖျော့အောက်မှာပင် ဝိုးတဝါးမြင်နေရသော သူမ၏မျက်နှာလေးမှာ တုလွတ်ကင်းအောင် ဖြူဝင်းလှပလျက်ရှိလေ၏။ နဖူးပြေပြေလေးပေါ်မှ ဆံနွယ်စလေးတို့သည် ဆောင်းလေအဝှေ့ဝယ် ကပိုကရို ဝဲလွင့်လျက်ရှိချေသည်။

ကျွန်ုပ်သည် လှပလွန်းသော သူမ၏မျက်နှာလေးကို သတိလက်လွတ်ငေးကြည့်နေမိရင်းမှ ဖျတ်ခနဲသတိရလာကာ မျက်လုံးအကြည့်ကို လွှဲဖယ်လျက် မျက်နှာကို အောက်သို့ ငုံ့လိုက်မိတော့၏။

ထိုအခါကျမှ ဆိုးသွားကာ ပါးလွှာသော ဇာဝတ်စုံအောက်မှ အခုအခံမပါသည့် သူမ၏ ရှိုက်ဖိုကြီးငယ်တို့ကို ခပ်ရေးရေး အနီးကပ်မြင်လိုက်ရရာ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ရှိန်းခနဲပူနွေးသွားပြီး ရင်က တဒိန်းဒိန်းဖြင့် ပရမ်းပတာခုန်လှုပ်သွားပါတော့၏။

သူမထံမှ နံ့သာပန်းပေါင်းဆီရနံ့နှင့် ကိုယ်သင်းရနံ့တို့ကြောင့် ကျွန်ုပ်သည် မူးယစ်ရီဝေသလို ဖြစ်သွားပြီး သူမ၏ လက်မောင်းအိုးလေးများကို အယောင်ယောင်အမှားမှား ဆုပ်ကိုင်လိုက်မိပါတော့သည်။

ထိုစဉ် သူမသည် ရှေ့သို့ ခြေတစ်လှမ်း ဖျတ်ခနဲတိုးလိုက်ပြီး ခြေဖျားလေးထောက်လျက် ကျွန်ုပ်၏ပါးတစ်ဖက်ကို ရွှတ်ခနဲ နမ်းလိုက်ပြီးလျှင် နောက်သို့ဆုတ်ကာ ကျွန်ုပ်၏လက်ထဲမှ ရုန်းထွက်လိုက်တော့၏။

ယင်းနောက် သူမသည် နန်းတော်ဘက်သို့ ချာခနဲလှည့်ကာ ကျောက်ပြားခင်းလမ်းလေးအတိုင်း ပြေးထွက်သွားပြီးလျှင် ပွင့်ဟနေသည့် တံခါးပေါက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါတော့သည်။

ကျွန်ုပ်မှာမူ မိုးကြိုးလျှပ်စီးထိမှန်ခံရသူအလား ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန

ရင်း မောင်းကျောက်မှန်သော ကြက် နှယ် ငေးငူငူကြီး ကျန်ရစ်ခဲ့ပါတော့သတည်း။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



## သစ္စာဆိုကြခြင်း

ထိုနေ့ညမှစ၍ ကျွန်ုပ်သည် ဘုရင်မစောမြတ်နန္ဒီအား မြင်တွေ့ခွင့်ရရန် အကြောင်းအမျိုးမျိုးရှာလျက် နန်းတော်ဝန်းကျင်တွင် တစ်ဝဲဝဲ တစ်လည်လည်လုပ်နေမိတော့သည်။

နန်းတော်လုံခြုံရေးရဲမက်တို့သည် (အရေးပေါ်အခြေအနေမှလွဲ၍) နန်းတော်အတွင်းသို့ ဝင်ခွင့်မရှိဘဲ နန်းတော်၏ လေးဘက်လေးတန်မှာသာ စောင့်ကြပ်ရရာ ကျွန်ုပ်သည် တစ်နေ့ပတ်လုံး ယင်းအစောင့်ရဲမက်တို့ကို အထပ်ထပ် အခါခါ လှည့်ပတ်စစ်ဆေးခြင်းပြုရလေ၏။





ထိုသို့ အထပ်ထပ်အခါခါ စစ်ဆေးခြင်းမှာလည်း ရဲမက်တို့ကို လှည့်ပတ်စစ်ဆေးဟန်ပြုရင်း လေသာပြတင်းဝရန်တာတို့မှနေ၍ ညီလာခံသဘင် ကျင်းပနေသော သို့တည်းမဟုတ် ရံရွေတော်တို့နှင့် စကားစမြည်ပြော၊ နားနေလျက်ရှိသော ဘုရင်မကို အရိပ်လေးဖြစ်ဖြစ် မြင်လို၍ ဖြစ်ပါသည်။

ဘာကြောင့်မှန်းမသိ ကျွန်ုပ်အား ဘုရင်မအနမ်းတစ်ပွင့် ခြွေလိုက်သည့်အချိန်မှစပြီး ကျွန်ုပ်သည် အချိန်တိုင်းလိုလို ဘုရင်မ၏ လှပမွတ်စင်နေသော မျက်နှာရွှေလကို အထပ်ထပ် အခါခါ ဖူးတွေ့ချင်နေတော့၏။

အမှန်တော့ သူမ၏အနမ်း၊ သူမ၏ကိုယ်သင်းရနံ့တို့ အပြင် အနီးကပ် ဝိုးတဝါးတွေ့မြင်လိုက်ရသည့် သူမ၏ရှိုက်ဖိုကြီးငယ်အသွယ်သွယ်သော လျှို့ဝှက်အပ်သည့် အလှတို့ကို မျက်လုံးထဲဝယ် ထပ်ခါတလဲလဲ မြင်ယောင်လျက်ရှိရာမှ စိတ်နှလုံးထဲဝယ် သူမကို စွဲမက်ခြင်းပြင်းစွာ ခံစားဖြစ်ပေါ်နေမိပါတော့သည်။

ထိုသို့ စိတ်နှလုံး၏ တပ်မက်ခြင်းဆန္ဒဇောကြောင့် နန်းတော်ကြီးကို အကြောင်းမရှိအကြောင်းရှာပတ်ကာ သူမ၏အရိပ်



www.burmeseclassic.com

www.burmeseclassic.com

လေးပဲ ဖြစ်ဖြစ် မြင်ရလို မြင်ရငြား တစ်စေ့တစ်စောင်း ကြည့်နေမိခြင်းဖြစ်ပါ၏။

ဘုရင်မသည်လည်း ညီလာခံသဘင် ကျင်းပနေစဉ် ရာဇပလ္လင်ထက်မှနေ၍ ကျွန်ုပ်ရှိရာဆီသို့ တစ်ချက်တစ်ချက် မသိမသာ လှမ်းကြည့်တတ်သလို သလွန်ညောင်စောင်းထက်တွင် ကိုယ်တစ်ပိုင်းလှဲလျက် ဖြေလျော့ခွေထိုင်ရင်း ရံရွေတော်အပျိုတစ်စုနှင့် စကားစမြည်ပြောနေရာမှ ပြတင်းပေါင်ကိုကျော်ကာ ကျွန်ုပ် ဖြတ်သန်းသွားရာဆီ မသိမသာ ငေးရီကြည့်လေ့ရှိလေသည်။

တစ်ခါတစ်ရံ ဘုရင်မနှင့် ကျွန်ုပ်သည် မျက်လုံးချင်းဆုံမိသွားတတ်ရာ ယင်းသို့ မျက်လုံးချင်းဆုံတိုင်း ကျွန်ုပ်၏ရင်သည် တဒိန်းဒိန်း ခုန်လှုပ်စမြဲ ဖြစ်၏။

ဘုရင်မသည်လည်း ကျွန်ုပ်နှင့် မျက်လုံးချင်းဆုံမိတိုင်း လှပသော နှင်းဆီပွင့်လွှာနုတ်ခမ်းနှစ်မွှာ၏ ထောင့်စွန်းလေးများ မသိမသာ ကွေးတက်ကာ ပြုံးယောင်ယောင် ဖြစ်သွားတတ်လေသည်။

"ငါ ငါ ဘုရင်မကို ချစ်မိနေပြီလား"





ထိုအတွေးက ကျွန်ုပ်၏ရင်ကို ပရမ်းပတာ လှုပ်ခါသွားစေ၏။ ယင်းကာလအတွင်း နှင်းကလျာက အရေးကိစ္စရှိသဖြင့် လဆန်း (၈) ရက်နေ့ နေ့လယ်ဗဟိုစည်တစ်ချက်တီးချိန်တွင် စုဝေးတွေ့ဆုံရန် ကျွန်ုပ်ကို တီးတိုးပြောသွားခဲ့ရာ ကျွန်ုပ်မှာ စိတ်ရှုပ်ထွေးနောက်ကျိသွားရပါတော့၏။

သို့သော် အရေးပေါ်အစည်းအဝေးကို မတက်ရောက်လျှင် မဖြစ်သဖြင့် ချိန်းဆိုသောနေ့၊ ချိန်းဆိုသောအချိန်တွင် ကျွန်ုပ်သည် မြင်းတစ်စီးဖြင့် စောင်းဆရာကြီးဦးကုလ္လာ၏အိမ်သို့ သွားရောက်ခဲ့ရာ နှင်းကလျာရောက်ရှိနေကြောင်း တွေ့ရလေသည်။

ကျွန်ုပ် ရောက်ရှိပြီးခဏအကြာတွင် ကျွန်ုပ်တို့၏ ဘက်တော်သားငါးဦးသည် အသွင်အမျိုးမျိုး ရုပ်ဖျက်လျက် အလျို အလျို ရောက်ရှိလာကြတော့၏။ ထိုသူတို့ထဲတွင် နန်းတော်လုံခြုံရေးရဲမက်တစ်ဦးနှင့် စားတော်ကဲအမျိုးသမီးကြီး အိုနှောင်းတို့လည်း ပါဝင်ပေ၏။

ထူးခြားစွာပင် ဦးဒိဗ္ဗနှင့် ဦးပုဏ္ဏ တို့ပါ ရုပ်ဖျက်လျက် ရောက်ရှိလာကြပြီးလျှင် အရေးပေါ် အထူးအစည်းအဝေးကို



www.burmeseclassic.com

www.burmeseclassic.com



ဦးပုဏ္ဏက ဦးခေါင်းခြင်းပြုလေသည်။

''ဘရသေ့က ဂြိုဟ်စီးဂြိုဟ်လာ နက္ခတ်အခြေအနေအရ လာမယ့် လပြည့်နေ့ညဥ့်သန်းခေါင်ယံမတိုင်ခင်မှာ ကျုပ်တို့ရဲ့ အရေးတော်ပုံကို အောင်မြင်အောင်လုပ်ရမယ်တဲ့။ ဒါကြောင့် ဒီအရေးပေါ်အစည်းအဝေးကို ခေါ်ရတာပဲ''

''အဲဒီရက်၊ အဲဒီအချိန်ဟာ အချိန်ကောင်းအခါကောင်းဖြစ်ပေမယ့် အဖျက်ပယောဂ အနှောင့်အယှက်လည်း ပေါ်လိမ့်မယ်လို့ ဘရသေ့က မှာလိုက်တယ်။ အဲဒီ အဖျက်အမှောင့်ကလည်း ဘယ်ကမှ မလာဘူးတဲ့ ကျုပ်တို့လူစုထဲကပဲ လာမှာတဲ့။ လျှို့ဝှက်အမာခံလူစုထဲကပဲ သစ္စာဖောက်လိမ့်မယ်တဲ့''

''ဟာ''

''ဟင်''

''အို''

ဦးပုဏ္ဏ၏စကားကြောင့် အစည်းအဝေးတက်ရောက်လာကြသည့် အမာခံလျှို့ဝှက်ဘက်တော်သားများမှာ မျက်စိမျက်နှာပျက်သွားကြပြီးလျှင် တစ်ဦး၏မျက်နှာကို တစ်ဦးကြည့်လိုက်ကြသလို ကျွန်ုပ်၏မျက်နှာကိုမူ အားနာရှက်ရွံ့စွာဖြင့် မည်သူမျှ





ရဲရဲမကြည့်ဝံ့ကြတော့ချေ။

ဤတွင် ကျွန်ုပ် ပြတ်သားစွာဝင်ပြောလိုက်ရ၏။

''သစ္စာဖောက်လို့တော့ မရဘူးနော်။ တစ်ယောက်သစ္စာဖောက်ရင် အားလုံးအသတ်ခံရမှာ။ ဘုရင်မရဲ့လျှို့ဝှက်ထောက်လှမ်းရေး ရဲမက်ဖတွေကလည်း နေရာအနှံ့မှာ ရှိနေကြတယ်။ ဒါကြောင့် နည်းနည်းလေးတောင် သစ္စာဖောက်လို့မဖြစ်ဘူး''

''ကျွန်တော်မျိုး ဘယ်တော့မှ သစ္စာမဖောက်ပါ။ သစ္စာကတိပြုပါတယ်''

နန်းတော်လုံခြုံရေးရဲမက် ဉသဘာက လက်ယာလက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြရင်း ရဲဝံ့ပြတ်သားစွာ ပြောသည်။

''ကျွန်တော်မျိုးမလည်း သစ္စာကတိပြုပါတယ်။ ဘယ်တော့မှ သစ္စာမပျက်စေရပါဘူး''

ကျန်လူများကပါ သစ္စာကတိပြုကြောင်းပြောကြတော့သည်။

''နေဦး ...နေဦး၊ ဒီလို လွယ်လွယ်ကတိပြုလို့ မရဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဦးပုဏ္ဏက ဝင်တားလိုက်ပြီး သူယူလာသည့် ငွေရေတကောင်းကို မြှောက်ပြလိုက်၏။

"ဒီမှာ ဒီအရေတွေကိုမြင်လို့ ဘရသေ့က ကျုပ်တို့အရေးတော်ပုံကို ဆောင်ကြဉ်းကြမယ့်သူအားလုံး သစ္စာရေသောက်ဖို့ စိမ်စီရင်ပေးလိုက်တဲ့ သစ္စာရေတွေ ဒီငွေရေတကောင်းထဲမှာ ရှိတယ်။ ဒီသစ္စာရေကို အားလုံးသောက်ကြပြီး ကတိသစ္စာပြုရမယ်။ အဲဒီလို ကတိသစ္စာပြုတဲ့အခါ ကျုပ်တို့ရဲ့ကိုယ်တော်လေးအပါအဝင် အားလုံး သစ္စာကတိပြုပြီး သစ္စာရေသောက်ကြရမှာ ဖြစ်တယ်။ ဘရသေ့ကတော့ ကျုပ်နဲ့ ဒိဗ္ဗရဲ့ရှေ့မှာပဲ ဦးဆုံးသောက်ပြီးပြီ။ ကျုပ်၊ ဒိဗ္ဗနဲ့ ကျုပ်ရဲ့သမီး နှင်းကလျာတို့ဟာ သင်တို့အားလုံးရဲ့ရှေ့မှာ သစ္စာရေသောက် ကတိပြုမှာဖြစ်တယ်။ သစ္စာရေမသောက်လိုသူရှိရင် ဒီအိမ်ထဲက ခုထွက်သွားနိုင်တယ်"

မည်သူမျှ တုတ်တုတ်မလှုပ်ကြချေ။ သို့သော် အားလုံးက သစ္စာရေသောက်ကတိပြုပါမည်ဟု ဆိုကြ၏။

"ဟုတ်ပြီ ... ဒီမှာ ကျုပ်အားလုံးကို ပြောမယ်။ ခုကိစ္စကြီးဟာ အားလုံးရဲ့အသက်အိုးအိမ် စည်းစိမ်နဲ့ ရင်းထားရတဲ့ကိစ္စ။ ဒါကြောင့် ... တစ်ချက်ကလေး လွဲမှားသွားရင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် အသတ်ခံရလိမ့်မယ်။ အဲဒီတော့ လုံးဝတိမ်းစောင်းမခံနိုင်ဘူး။ ကဲ ... ကျုပ် ဘရသေ့ရဲ့အာဘော်အတိုင်း ရှေ့က တိုင်ပေးမယ်။ ကိုယ်တော်လေးကအစ အားလုံး လိုက်ဆိုကြပါ"

ဤတွင် နန်းကလျာက သူမ၏ဖခင်ကြီးကို မေးခွန်းထုတ်လိုက်လေသည်။

"အဘ ... အခုအရေးဟာ ကိုယ်တော်လေးရဲ့အရေးကိစ္စပါ။ ကိုယ်တော်လေးရဲ့အရေးကိစ္စအတွက် ကိုယ်တော်လေးက ကတိသစ္စာပြု သစ္စာရေသောက်စရာမလိုပါဘူး။ သမီးတို့အားလုံး ကိုယ်တော်လေးအပေါ် သစ္စာကတိ မပျက်စေဖို့ သစ္စာရေသောက်သင့်တာ မဟုတ်ဘူးလား"

ဦးပုဏ္ဏက ဦးခေါင်းကြီးကို ဖြည်းလေးစွာ ရမ်းရင်း အဖြေပေးလေသည်။

"ဒီမှာသမီး ... အဘတို့ဟာ ဒီစေတုတ္တရာမှာ သွေးမြေကျခဲ့ရတဲ့ ကျေးဇူးရှင် မြောက်နန်းစံမိဖုရားကြီးရဲ့ဆန္ဒကို အကောင်အထည်ရအောင်ဖော်ပေးပါ့မယ်လို့ ကတိကဝတ်







www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့တဲ့အတိုင်း အခုလို သက်စွန့်ဆံဖျား လုပ်ဆောင်နေရတာကွဲ့။ မြောက်နန်းစံမိဖုရားကြီးရဲ့ ဆန္ဒကတော့ သူ့ရဲ့သားတော်မင်းသားလေးကို ဒီစေတုတ္တရာရဲ့ဘုရင်ကေရာဇ် ဖြစ်စေချင်တယ် ...၊

အဘတို့ကလည်း ဖြစ်အောင်လုပ်ပေးပါ့မယ်လို့ ကတိကတာဝတ်ပြုခဲ့တယ်။ အဲဒီကတိကဝတ် မပျက်ရစေဖို့ အားလုံးမှာတာဝန်ရှိတယ်။ ဒါကြောင့် ... ဒီသစ္စာရေကို ကိုယ်တော်လေးကအစ အားလုံးသောက်ပြီး သစ္စာအဓိဋ္ဌာန်ပြုရမှာဖြစ်တယ်''

''ကဲ ... အားလုံး သစ္စာအဓိဋ္ဌာန်စကားကိုလိုက်ဆိုပါ''

ကျွန်ုပ်တို့အားလုံးသည် မြောက်နန်းစံမိဖုရားကြီး၏သားတော် ရာဇကုမ္မာယ ဘွဲ့အမည်ရှိသူ ရွှေစကြာအားစေတုတ္တရာ ထီးနန်းဆက်ခံခွင့်ရစေရန် သက်စွန့်ကြိုးပမ်းကြပါမည်။

ယင်းသို့ ကြိုးပမ်းရာ၌ ရည်ရွယ်ချက်ပြည့်မြောက်အောင် ကြိုးပမ်းကြသူတို့အပေါ် သစ္စာပျက်ယွင်းသူမှန်သမျှ ယခုဘဝမှာ အသက်တို အသေဆိုးပြီး ဘဝအဆက်ဆက်မှာလည်း ဘေးဒုက္ခကြီးစွာ သင့်ပါစေသား။

ထို့အပြင် သစ္စာပျက်ယွင်းသူအား သစ္စာစောင့်ထိန်းသူတို့က သေဒဏ် မပျက်မယွင်း ပေးစေရမည်။

သစ္စာမဲ့သူကို သေဒဏ်ပေးရန် ပျက်ကွက်သူတို့သည်လည်း အဖန်ငါးရာ ငါးကမ္ဘာမှာ သူတစ်ပါးသတ်၍ သေလွန်ပါစေသား''

သစ္စာအဓိဋ္ဌာန်ပြုချက်တို့သည်ကား ကြောက်မက်ဖွယ်ပင်။ သို့သော် ကျွန်ုပ်တို့အားလုံးသည် ဂရုမပြုဘဲ ပီပြင်စွာလိုက်ဆိုကြပြီးနောက် သစ္စာရေကို ကျွန်ုပ်မှ စတင်ကာ အားလုံးသောက်ကြလေသည်။

ထို့နောက်မှာမူ ... လာမည့်လပြည့်ညတွင် ဘုရင်မစောမြတ်နန္ဒီအား ကျွန်ုပ်ကိုယ်တိုင် ဘရသေ့ဆေးစီရင်ပေးပို့ထားသော ဓားမြှောင်ဖြင့် လုပ်ကြံရမည်ဖြစ်ပြီး ကျွန်ုပ်က လုပ်ကြံမှု အောင်မြင်သည်နှင့် ချိူးကူသံကို အဆက်မပြတ် ပေးရမည်ဖြစ်၏။

ထိုသို့ နန်းတော်ထဲမှ ချိူးကူသံကြားရသည်နှင့် ယခု







www.burmeseclassic.com

www.burmeseclassic.com



အမာခံတို့သည် သူတို့ဆင့်ပွားစည်းရုံးထားသူတို့နှင့်အတူ တစ်ညီတစ်ညာတည်း နန်းတော်ကို ဝင်စီးကြမည်ဖြစ်သည်။

ထိုညတွင် မိမိတို့၏ ဘက်တော်သားများမှန်း ကွဲပြားစွာ သိနိုင်ကြစေရန် ဦးခေါင်းနောက်ဘက်တွင် ဒေါင်းမွေးတစ်ချောင်းစီကို သားရေကြိုးဖြင့် စည်းပတ်စိုက်ထောင်ထားကြရမည်ဖြစ်၏။

သို့လျှင် အကြေအလည် ဆွေးနွေးတိုင်ပင်ကြပြီးနောက် စုဝေးရာ စောင်းဆရာကြီး ဦးကုဋ္ဌာ၏နေအိမ်မှ အလျှိုအလျှိုပိရိစွာ ပြန်လည်ထွက်ခွာသွားကြလေရာ ကျွန်ုပ်လည်း ဖောင်းဝတ်ရောင် မြင်းကြီးစီးကာ ရွှေနန်းတော်ဆီသို့ ကုန္ဒြေမပျက် ပြန်လာခဲ့ပါတော့သတည်း။

❋ ❋ ❋



# အချစ်ည၏ရင်ခုန်သံ

လာမည့်လပြည့်နေ့ညတွင် အရေးတော်ပုံကို အကောင်အထည်ဖော်ကြရမည်ဟုဆိုရာ အကြားကာလမှာ ရက်များစွာမရှိတော့ချေ။ (၈) ရက်သာ ရှိတော့၏။

သို့သော် ဘာကြောင့်မှန်းမသိ ယင်းအရေးတော်ပုံဖြစ်မြောက်လာလိမ့်မည်ဟု ကျွန်ုပ်၏စိတ်ထဲတွင် မထင်ချေ။

ထိုအရေးတော်ပုံဖြစ်မြောက်အောင်မြင်သွားပါက ...ကျွန်ုပ်သည် ဤစေတုတ္တရာပြည်တွင် ဘုရင်ဖြစ်လာပေလိမ့်မည်။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် ကျွန်ုပ်သည် မိမိဘုရင်ဖြစ်ဖို့အရေးထက် ရင်ဝယ်စွဲငြိမိသွားသည့် ဘုရင်မ စောမြတ်နန္ဒီနှင့် တူနှစ်ကိုယ် တွေ့ဆုံလိုစိတ်သာ ပြင်းပြနေတော့၏။

တောတောင်ထဲတွင် ကြီးပြင်းခဲ့ရပြီး ဇနပုဒ်ရွာသူတို့နှင့်သာ တွေ့ကြုံရင်းနှီးဖူးသောကျွန်ုပ်သည် မိန်းမတကာတို့၏ ထိပ်ခေါင် အညွန့်အဖူး နတ်သမီးတမျှ လှပသည့် လှကေရီ သိင်္ဂီဦးနှင့် နီးနီးကပ်ကပ်ကြီး တဒင်္ဂဆုံလိုက်ရဖူးသည်ကို မမေ့နိုင်အောင် ပီတိပွားလျက် အချစ်နတ်ဖမ်းစားခြင်းခံနေရတော့သည်။

ယခုရက်ပိုင်းအတွင်း ကျွန်ုပ်၏စိတ်တို့သည် ဝေဝေဝါးဝါးဖြစ်လျက် မည်သည့်အရာကိုမျှ အလေးနက် မထားနိုင်ဘဲ လှကေရီသခင်ဘုရင်မနှင့် ဆုံဆည်းလိုစိတ်သာ ရင်ဝယ်ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိပေ၏။

သို့ဖြင့် . . . အထူးအစည်းအဝေးကျင်းပခဲ့သည့် ညမှာပင် ကျွန်ုပ်သည် သူငယ်အိပ်ဆိတ်ချိန်၌ နန်းတော်၏ ရှေ့နောက်ဝဲယာတို့တွင် စန္ဒရီတာဝန်ကျနေကြသော အိပ်ဖန်စောင့်လုံခြုံရေးရဲမက်အစုအဝေးတို့ကို သွားရောက်စစ်ဆေးပြီးသကာလ ရွှေနန်းတော်ကြီး၏နောက်ဘက်မှပတ်ကာ မိမိ၏အဆောင် အိမ်လေးဆီပြန်လာခဲ့လေသည်။

ယနေ့တစ်နေ့လုံး ဘုရင်မကို အရိပ်အယောင်ကလေးမျှပင် မမြင်လိုက်ရသဖြင့် ကျွန်ုပ်၏ဘဝင်နှလုံးသည်လည်း ညှိုးချုံးလျက် စိတ်လက်မအီမသာ မရွှင်မလန်း ဖြစ်လျက်ရှိပါတော့သည်။

ခါတိုင်းရက်တွေကလည်း ဘုရင်မကို ခပ်ဝေးဝေးမှသာ လှမ်းမြင်ရသဖြင့် နီးနီးကပ်ကပ်တွေ့လိုစိတ်တို့သည် မျိုသိပ်ဖိနှိပ်ခံထားရလွန်းသဖြင့် ကျွန်ုပ်၏ရင်ထဲဝယ် ကြိမ်မီးအုံးသည့်နှယ် တမြည့်မြည့်လောင်ကျွမ်းလျက် ရှိလေတော့၏။

ကျွန်ုပ်သည် အဆောင်အိမ်လေးရှေ့သို့အရောက်တွင် လဆန်းလ၏ လရောင်အောက်မှာ ခေတ္တရပ်လျက် လရောင်ကြောင့် ရွှေရောင်ဝင်းလက်နေသော ရွှေနန်းတော်ကြီးဘက်ဆီသို့ အငေးသားကြည့်ကာ –

ယခုအချိန်ဆိုလျှင် ပန်းမွေ့ရာ ရွှေကော်ဇောတို့ ဖုံးလွှမ်းရာ သဏ္ဌာလီထဲရှိ ဖဲမွေ့ရာကြီးပေါ်၌ ချစ်ရသော မဟုရားလေးသည် သဲလျှောင်းစက်ပျော်နေရှာရော့မည်ဟု တွေးလိုက်မိရာ ရင်ထဲဝယ် ချစ်လွမ်းစိတ်တို့ဖြင့် တသိမ့်သိမ့် ခံစားလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင်မူ ကျွန်ုပ်သည် လဆန်းလဝန်းနှယ်ကို တစ်ချက်မော့ကြည့်လိုက်ပြီးလျှင် သက်ပြင်းကြီးမှုတ်ထုတ်လျက် အဆောင်အိမ်လေးထဲသို့ ဝင်ရောက်လာခဲ့ပါတော့၏။

ကျွန်ုပ်သည် အဆောင်အိမ်လေးထဲသို့ ရောက်လေလျှင် တံခါးမင်းတုပ် ထိုးလိုက်ပြီးနောက် မီးခတ်အားခတ်ကာ ဆီမီးခွက်ကို ထွန်းညှိလိုက်တော့သည်။

သည်စဉ်ခိုက်မှာပင် ထူးခြားသော ဂန္ဓာရုံကြောင့် ကျွန်ုပ်၏တစ်ကိုယ်လုံးသည် ကြက်သီးဖြန်းဖြန်းထသွားပါတော့၏။

ပန်းပေါင်းစုံရနံ့တို့ဖြင့် ချိုမွှေးလျက်ရှိသော ကိုယ်သင်းရနံ့သည် ဆယ်တောင်ပတ်လည်မျှသာကျယ်ဝန်းသည့် ကျွန်ုပ်၏ အဆောင်အိမ်လေးထဲတွင် ရင်ခုန်ကြည်နူးဖွယ် ထုံမွှမ်းလို့နေသည်ပဲ။

ချက်ချင်းဆိုသလိုပင် ကျွန်ုပ်၏မျက်ဝန်းအကြည့်တို့က စက်ရာကွပ်ပျစ်ခုတင်လေးဆီ ရောက်ရှိသွားပါတော့၏။

မလင်းလဲ့လဲ့ လင်းလဲ့လဲ့ ဆီမီးရောင်အောက်ဝယ် ဖြူဖွေးလွ ဇာဝတ်ရုံပါးပါးလေး ဆင်မြန်းထားသည့် ဘုရင်မသည် ကွပ်ပျစ်လေးပေါ်တွင် တင်ပါးလွှဲထိုင်ရင်း ကျွန်ုပ်ကို ပြုံးကြည်





လျက် ရှိလေသည်။

ကျွန်ုပ်သည် ရင်တဒိန်းဒိန်းခုန်လျက်မှ အိပ်မက်မက်သူနှယ် သူမရှိရာဆီ တစ်လှမ်းချင်း တိုးရွေ့သွားမိတော့၏။

အနီးသို့ ကျွန်ုပ်ရောက်လေလျှင် ဘုရင်မသည် ထိုင်ရာမှ အသာထလိုက်ပြီး သကာလ ကျွန်ုပ်၏ပုခုံးတို့အပေါ်သို့ ဆင်စွယ်အသွေးဖွေးနုနေသည့် လက်မောင်းလက်တံတို့ကို သာသာလေး ဆန့်တန်းတင်လိုက်ရာ –

ကျွန်ုပ်သည် ရုတ်တရက် စိတ်ရိုင်းဝင်သွားပြီး သူမ၏ သွယ်လျလျခါးလေးကို အားပါးတရကြီး သိမ်းကျုံးပွေ့ကာဖက်လိုက်ပါတော့၏။

ထို့နောက်တွင်မူ ...

ကျွန်ုပ်သည် သူမ၏မွှေးပျံ့သောပါးမို့မို့ တို့ကို အငမ်းမရ မွှေးကြူတော့ရာ သူမသည်လည်း ကျွန်ုပ်ကို တင်းတင်းကြီး ဖြန်ဖက်လိုက်လျက် ကျွန်ုပ်၏ပါးပြင်၊ ကုတ်ပိုး၊ နားသယ်စနေရာတို့ကို နှင်းဆီဖူးနှုတ်ခမ်းလွှာလေးတို့နှင့် ပြင်းပြင်းပျပျကြီး နိကာဝ်နမ်းရှိုက်ခြင်းပြုတော့သည်။

ဘုရင်မ၏ပါးလွှာသော ဇာဝတ်ရုံအောက်ဝယ် မည်


www.burmeseclassic.com

www.burmeseclassic.com

သည့်အခုအခံမှ မပါသည့်မို့ နူးညံ့နွေးထွေးသော သူမ၏အသားစိုင်တို့ကလည်း ကျွန်ုပ်၏ရင်လွှာကို အိအိစက်စက်ကြီး ထိတွေ့လျက်ရှိရာ ကျွန်ုပ်၏နှလုံးသွေးတို့သည် ပွက်ပွက်ဆူသွားပါတော့၏။

ကျွန်ုပ်သည်ကား ဣတ္ထိယမိန်းမတစ်ဦး၏ ချိုမွှေးသော ကိုယ်သင်းရနံ့၊ စွဲမက်ဖွယ်အထိအတွေ့၊ တိမ်မူးရင်ခုန်ဖွယ် ယုယမှုတို့ကြောင့် လေဟာနယ်တွင် တိမ်သလ္လာစီးရသူနှယ် စိတ်ရှိတိုင်းလွှင့်မျောလျက်ရှိပြီး လောကအလုံးကိုပင် အမေ့ကြီးမေ့လျက်ရှိပါတော့သတည်း။

*



ဘရသေ့သည်ကား မိန်းမတို့၏ မာယာလေးဆယ် အသွယ်သွယ်ကို မည်သို့ ဂရုပြုရှောင်ကြဉ်အပ်ကြောင်း ဣတ္ထိဝဏ်၊ နဒီဝဏ်ဆိုသည့်အတိုင်း မိန်းမတို့သည် မြစ်တို့နှယ် မာယာ တစ်သိန်း အပလိန်း အနန္တကောက်ကွေ့ လှသမို့ မည်သို့ဖယ်ရှားအပ်ကြောင်းတို့ကို ကျွန်ုပ်အား အထပ်ထပ်သင်ကြားပေးခဲ့ပါ၏။

သို့သော် ဘရသေ့သည် အချစ်ဆိုသောအရာကို ကျွန်ုပ် မည်သို့ရှောင်ရမည်ဟူ၍တော့ မသင်ပေးလိုက်ရှာပေ။ အဘယ်ကြောင့်ဟူမူ ငယ်ဖြူဖြစ်သော ဘရသေ့သည်လည်း အချစ်ကို မတွေ့ကြုံဖူးခဲ့၍ ဖြစ်ပေလိမ့်မည်။

ကျွန်ုပ်သည်မူ အချစ်ကို ထိတွေ့ခွင့်ရခဲ့ပြီမို့ အချစ်၏ ချိုမြိန်ခြင်းရသ ရေယာဉ်ကြောဝယ် မမောနိုင်မပမ်းနိုင် မျောချင်ရာ မျောလျက်ရှိရာ မိမိ၏ မူလတာဝန်များ၊ သစ္စာအဓိဋ္ဌာန်ပြုချက်များ၊ ရာဇပလ္လင်နှင့် ကေရာဇ်ဘုရင်တည်းဟူသော တပ်မက်ဖွယ် ရာထူးဂုဏ်သိမ်များ၊ မယ်တော်မြောက်နန်းစံ မိဖုရားကြီး၏ သန္တတော်များသာမက ဘရသေ့နှင့် ဦးဒိဗ္ဗတို့ လူသိုက်ကိုပင် မေ့လျော့ချင်ချင်ဖြစ်လျက် ရှိပါတော့၏။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အား အချစ်ကိုပေးပြီး ကျွန်ုပ်ထံမှလည်း အချစ်တို့ကို ရယူနိုင်စွမ်းရှိသော ဘုရင်မ စောမြတ်နန္ဒီသည် နောက်ညများတွင်လည်း ကျွန်ုပ်၏အဆောင်အိမ်လေးဆီ ရောက်ရောက်လာရာ ကျွန်ုပ်တို့ချစ်သူနှစ်ဦးသည် ပျော်ရွှင်ကြည်နူးဖွယ် အချစ်ညများကို ရင်ခုန်စွာ ဖြတ်သန်းရင်း နတ်စည်းစိမ် ဆယ်သက်တကယ်ပင် မမက်တော့ချေ။

✻ ✻ ✻



## သစ္စာမဲ့သူ

ယခုရက်ပိုင်းမှာပင် အရှေ့မြောက်ဘက် တိုင်းတစ်ပါး နန်ချောင်နိုင်ငံမှ အိမ်ရှေ့မင်းသားတစ်ပါး ချစ်ကြည်ရေးခရီးအဖြစ် အလည်အပတ် ရောက်ရှိလာရာ ရွှေနန်းတော်တစ်ခုလုံး အလုပ်ရှုပ်လျက်ရှိပြီး ဘုရင်မက ဧည့်သည်တော်မင်းသားနှင့် နောက်ပါလူစုနေထိုင်ရန် ယာယီရွက်ဖျင်တဲနန်းတို့ကို နန်းရင်ပြင်မှာပင် တည်ဆောက်ခိုင်းလေသည်။

ဘုရင်မသည် ဧည့်သည်တော်တို့အား ညစာစားပွဲတို့ဖြင့် အခမ်းတနား ဧည့်ခံနေရသဖြင့် အားလပ်ခြင်း လုံးဝမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်လည်း တိုင်းတစ်ပါးသား ဧည့်သည်တို့၏ လုံခြုံရေးကိုပါ တာဝန်ယူထားရသဖြင့် နေ့ရောညပါ လွန်စွာ အလုပ်များလျက်ရှိတော့၏။

ထို့ကြောင့် ... ဘုရင်မနှင့် ကျွန်ုပ်တို့ချစ်သူနှစ်ဦးမှာ တွေ့ဆုံရခြင်းမရှိသည်မှာ သုံးညပင် ရှိချေပြီ။

သို့ဖြင့် အဖိတ်နေ့ညသို့ ရောက်ရှိလာတော့၏။

မနက်ဖြန်ဆို လပြည့်နေ့ရောက်ပြီ။

သန်းခေါင်ယံအချိန်ထိ ကျွန်ုပ်သည် ညကင်းတို့ကို ပတ်စစ်ပြီးနောက် အဆောင်အိမ်ကလေးဆီသို့ နွမ်းလျစွာပြန်လာကာ အိမ်လေးထဲသို့ ဝင်လိုက်သည်နှင့် အဆောင်ခန်းလေး၏ အမိုးနှင့် နံရံတို့အကြားရှိ ကြက်တူရွေးတန်းတို့ကြားမှ တိုးဝင်လျက်ရှိသော လရောင်ကြောင့် ကွပ်ပျစ်ခုတင်ထက်တွင် ကျော့ကျော့မော့မော့လေး ထိုင်နေသည့်လူရိပ်ကို ကျွန်ုပ်တွေ့လိုက်ရတော့သည်။

"အို"

ကျွန်ုပ်သည် လှိုက်ခနဲ ဝမ်းသာသွားပြီး မပီဝိုးဝါး အလင်းရောင်အောက်မှာပင် လှပလွန်းသည့် ခန္ဓာကိုယ်ကောက်ကြောင်း အမို့အဟိုက်၊ အဝန်းအဝိုက်တို့ဖြင့် တင့်တယ်လှစွာသော





ချစ်သူလေးကို တစ်ဟုန်ထိုး ပြေးပွေ့လိုက်တော့၏။

"အချစ် ... အချစ်ရယ်"

"အို မောင်ကြီး ... ဒါ ဘာလုပ်တာလဲ။ ဖယ်ဖယ် ကျွန်မ အပေါ်စားမိန်းမ မဟုတ်ဘူး"

"ဟင်"

နန်းကလျာ၏ တိုးလျသော်လည်း စူးမာသည့် အသံကြောင့် ကျွန်ုပ်သည် မိုးကြိုးအပစ်ခံရသည့်နှယ် အထိတ်တလန့်ဖြစ်သွားပြီး နောက်သို့ ကမန်းကတန်း ဆုတ်ခွာလိုက်ရတော့၏။

"မင်း ... မင်းမှန်း မသိလို့ပါ။ ဒါထက် မင်းက ဘာဖြစ်လို့ ဒီကို အချိန်မတော်ကြီးမှာ ကျုပ်ရဲ့အခန်းထဲ ရောက်နေရတာလဲ"

"တော်လှန်ရေးအတွက် အရေးကြီးနေချိန်မှာ အချိန်မတော်ဆိုတာ မရှိပါဘူး။ ဒါထက် မောင်ကြီးက ကလျာ့ကို ဘယ်သူနဲ့လူမှားတာလဲ။ အပျိုတော်တစ်ယောက်ယောက်၊ နန်းတွင်းသူတစ်ယောက်ယောက်နဲ့ ဒီအဆောင်လေးထဲမှာ မောင်ကြီးတို့ ချိန်းတွေ့နေကျလား"



www.burmeseclassic.com

www.burmeseclassic.com

''အဲဒါ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာပါ''

''ဘာပဲဖြစ်ဖြစ် ဘုရင်မ သိသွားရင်တော့ အဲဒါ ရာဇဝတ်မှုပဲနော် ...ဟင်း ဟင်း''

''နေပါဦး ...မင်းက ဘာကိစ္စနဲ့လာတာလဲ''

''မနက်ဖြန်ညဟာ အရေးတော်ပုံညလေ။ ဒါကြောင့် မနက်ဖြန်စီစဉ်ထားတဲ့ စစ်ဆင်ရေးကိုလာပြောတာ''

''ဘယ်လိုစစ်ဆင်ရေးလဲ''

''မနက်ဖြန်ညမှာ နန်ချောင်မင်းသားတို့အဖွဲ့ကို ညှိခံတဲ့အခုနေနဲ့ ကလျာတို့ နန်းတွင်းဇာတ်မဟာအဖွဲ့က သူ့ခနေနဲ့ ဖွေးမယ်နော် ပြဇာတ်တင်ဆက်ကပြမယ်။ ဦးကုန္ဒာတို့ တီးဝိုင်း အဖွဲ့လည်းပါမယ်။ ကလျာက ဇာတ်ကျော့ရှည်တာကို တမင် ရွေးထားတာ။ ညဥ့်သန်းခေါင်ယံကျော်မှ ဇာတ်ကပြီးလိမ့်မယ်။ ဇာတ်ပြီးလို့ ဘုရင်မ သဘင်ဆောင်ကနေပြန်လာတဲ့အခါ အပျို တော်နှစ်ယောက်အတူပါလာမယ်။ အဲဒီအပျိုတော်တွေဟာ ကလျာစည်းရုံးထားတဲ့ အပျိုတော်တွေပဲ ...၊

အဲဒီအပျိုတော်တွေက လေညင်းခံဖို့ ဝိုင်းဆွယ်ပြီး နန်းတော်ရဲ့ ဒီတောင်ဘက် နန်းဆောင်ပတ်လမ်းကနေ





ဘုရင်မကို ခေါ်လာကြလိမ့်မယ် ...၊

မောင်ကြီးက နန်းဆောင်ထောင့်က ကြက်တူရွေးပန်းရုံ အောက်မှာ အသင့်စောင့်နေပါ။ သူ အနားရောက်လာတာနဲ့ မောင်ကြီးက ဓားနဲ့ထိုးသတ်လိုက်ရုံပဲ။ အဲဒီအချိန် သဘင်ဆောင် ထဲမှာ သဘင်ပစ္စည်းတွေ အချိန်ဆွဲသိမ်းဆည်းရင်း စောင့်စားနေ တဲ့ ဦးကုန္ဒာတို့လူစု ရှိနေမယ် ...၊

မောင်ကြီးက ဘုရင်မကို ဘာရသေ့ပေးထားတဲ့ ဓား မြှောင်နဲ့ ထိုးသတ်ပြီးတာနဲ့ ချိုးကူသံမှုတ်လိုက်ပါ ...၊

အဲဒီအခါ ဇာတ်သေတ္တာတွေထဲမှာ ဝှက်ယူလာခဲ့တဲ့ ဓားလှံတွေကိုင်စွဲပြီး ဦးကုန္ဒာတို့လူစုက ညာသံပေးလို့ နန်းတော် ကြီးထဲ ပြေးဝင်မယ် ...၊

အဲဒီမှာ မောင်ကြီးက ရာဇပလ္လင်ဆီ ပြေးသွားရမယ်။ အဲဒီလို နန်းတော်ကြီးတစ်ခုလုံးကို စီးမိပြီးရင်တော့ မောင်ကြီး နန်းသိမ်းပွဲခံရုံပဲပေါ့။ ဘယ့်နှယ်လဲ ...ကလျာ ဗျူဟာဆွဲထား တာ မကောင်းဘူးလား''

နန်းကလျာကား လွန်စွာထူးခြားထက်မြက်သော မိန်း ကလေးပင်။ နန်းလုပွဲစစ်ဆင်ရေးကို သူမက ပိုင်နိုင်စွာ ချပြက်



www.burmeseclassic.com

www.burmeseclassic.com



မဝင်အောင် စီမံနိုင်စွမ်း ရှိသည်ပဲ။ သို့သော် ကျွန်ုပ် လက်မခံနိုင်ပါ။

ကျွန်ုပ်က ခေါင်းကိုဖြည်းလေးစွာ ယမ်းလိုက်ရာ သူမမှာ မချင့်မရဲဖြစ်သွားတော့သည်။

"ဟင် . . . ဘာဖြစ်လို့လဲ၊ ကလျာရဲ့အစီအစဉ်ထဲမှာ လက်မခံနိုင်စရာ ဘယ်အချက်ပါလို့လဲ"

ကျွန်ုပ်က ကျောက်ခတ်ကိုခတ်ကာ ဆီမီးခွက်ကို ထွန်းညှိလိုက်သည်။

"ကျုပ်လက်မခံနိုင်တာ တစ်ချက်ပဲ ရှိပါတယ်။ အဲဒါကတော့ စောမြတ်နန္ဒီကို သတ်ရမယ်ဆိုတာပဲ"

သူမ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အံ့အားတသင့်ဖြစ်သွားသည်။

"ဟင် . . . ဘာ, ဘာဖြစ်လို့လဲ။ အဲဒီဟာမက မောင်ကြီးရဲ့နန်းကို လုယူထားတာလေ။ -သူ့ကို မသတ်လို့ ဖြစ်မလား။ သူ့ကို သတ်ဖို့က အဓိကပဲဟာ"

"ကျုပ် သူ့ကို မသတ်နိုင်ဘူး"

"ဟင်"





နန်းကလျာမှာ မယုံနိုင်အောင် ဖြစ်သွားတော့၏။

"ဟုတ်တယ် . . . သူ့ကို မသတ်နိုင်ဘူး။ သူ့ကို ထိခိုက်စေမယ့် အစီအစဉ်တွေအားလုံးကို ကျုပ် ကန့်ကွက်တယ်"

နန်းကလျာက ထိုင်ရာမှ ဆတ်ခနဲထပြီး ကျွန်ုပ်၏ရှေ့သို့ လာရပ်သည်။ ဆီမီးရောင်ဖြင့် ထင်းလင်းစွာမြင်နေရသော ကျွန်ုပ်၏မျက်နှာကို အထူးအဆန်းနှယ် ကြည့်၏။

"မောင် . . . မောင်ကြီးက သစ္စာဖျက်တာလား။ မောင်ကြီး သစ္စာကတိပြုခဲ့တာကိုမေ့သွားပြီလား"

"အဲဒီသစ္စာတွေ၊ ကျိန်စာတွေ ကျုပ် ဂရုမစိုက်ဘူး"

"မောင်ကြီး . . . မောင်ကြီး ဘာဖြစ်လို့ ဒီလိုစိတ်ပြောင်းသွားရတာလဲဟင်"

"ဘာဖြစ်လို့လဲဆိုတော့ ရှင်းရှင်းပဲပြောလိုက်မယ် ကလျာ၊ ကျုပ် သူ့ကိုချစ်မိနေလို့ပဲ။ သူနဲ့ကျုပ် ချစ်သူတွေဖြစ်နေကြပြီ"

ကျွန်ုပ်၏စကားကိုကြားသည်တွင် နန်းကလျာက တိုးတိုး ဖွဖွ ရယ်သွမ်းသွေးတော့သည်။

"ဟင်း ဟင်း ဟင်း . . . ဖြစ်ရလေ, ဖြစ်ရလေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကျွဲမြီးတိုသွားတော့သည်။

''ကလျာ ... မင်း မင်း ကျုပ်ကိုမလှောင်ပါနဲ့၊ ကျုပ်တို့ရဲ့အချစ်ကို မလှောင်ပါနဲ့''

''ဟင်း ဟင်း ဟင်း ... အချစ်တဲ့လား ... ဟင်း ဟင်း ဟင်း''

''ဟုတ်တယ်၊ ကျုပ်က သူ့ကို ချစ်တယ်။ သူကလည်း ကျုပ်ကို ချစ်တယ်။ ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်မိနေပြီ''

နန်းကလျာက ရယ်သွမ်းသွေးခြင်းကို ရပ်လိုက်သည်။

''ဒီမှာမောင်ကြီး ... အဲဒီမိန်းမမှာ ဘာအချစ်မှမရှိဘူး သိရဲ့လား။ သူ့မှာ ရမ္မက်ပဲရှိတယ်၊ ရမ္မက်ပဲရှိတယ်''

''တော်ပါ ... နန်းကလျာ။ မင်းသူ့ကို မနာလိုဖြစ်တိုင်း သွားပုတ်လေလွင့် လျှောက်ပြောမနေနဲ့။ သူ့ကို မသတ်နိုင်ဘူး။ သူ စေတုတ္တရာဘုရင်မအဖြစ် ထာဝစဉ်ရှိနေပါစေ ကျုပ်ဟာ သူ့ရဲ့ကြင်ယာတော်အဖြစ် ထာဝရရပ်တည်သွားမယ်''

''နေပါဦး ... စောမြတ်နန္ဒီက မောင်ကြီးကို လက်ဆက်မယ်တဲ့လား''

ခု နှစ် စဉ် ကြယ် တ ပေ



''ဘာဖြစ်လို့ လက်မဆက်ရမှာလဲ၊ သူ ကျုပ်ကို လက်ဆက်မယ်လို့ ကတိပေးပြီးပြီ။ သူက ကျုပ်ကို တကယ်ချစ်တာပဲလေ''

''ဟုတ်ပြီ ... စောမြတ်နန္ဒီ မောင်ကြီးကို တကယ်ချစ်,မချစ် ကလျာ လက်တွေ့ပြမယ်။ အခု ကလျာနဲ့လိုက်ခဲ့''

နန်းကလျာက ကျွန်ုပ်၏လက်တစ်ဖက်ကို ဆတ်ခနဲဆွဲကာ အဆောင်အိမ်ကလေးထဲမှ ဆွဲခေါ်သွားတော့သည်။

သူမက ကျောက်ခင်းလမ်းလေးမှတစ်ဆင့် နန်းဆောင်ထဲသို့ ကျွန်ုပ်ကိုခေါ်သွားလေ၏။

နန်းတော်ကြီး၏ စကြံဝိုင်းချိုးတစ်နေရာသို့ အရောက်တွင် စိမ့်နိုင်ငံထွက် အလှစိုက်ကြွေပန်းအိုးကြီးကို တွေ့ရလေသည်။

နန်းကလျာက ကြွေပန်းအိုးကြီးထဲ လက်နှိုက်လိုက်ရာ ခဏအကြာမှာပင် ပန်းနွယ်ပန်းခက်တို့ဖြင့် ကွယ်နေသည့် ကြွေပန်းအိုးကြီးနောက်တည့်တည့်ရှိ နှစ်တောင်ပတ်လည်ခန့် ကျောက်ပြားတစ်ပြားမှာ ကဲလားတံခါးနှယ် ပွင့်သွားပါတော့သည်။

ခု နှစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com

နန်းကလျာက ယင်းလျှို့ဝှက်အပေါက်မှ ကျော်လွှားဝင်သွားရာ ကျွန်ုပ်လည်း လိုက်ဝင်ရလေသည်။

ကျွန်ုပ်တို့သည် နန်းဆောင်တစ်ခုထဲသို့ ရောက်သွားသည်ဖြစ်ရာ နန်းကလျာကပင် ဦးဆောင်လျက် ကျွန်ုပ်ကို ခေါ်သွားပြန်၏။

ခပ်ကြဲကြဲထွန်းထားသော နံ့ရံကပ်ဆီမီးခွက်တို့၏ အလင်းပျပျကိုအားပြုလျက် ရွှေပိန်းချနန်းဆောင်ကြီးကို ဖြတ်သန်းလိုက်ပြီးနောက် အတွင်းစကြံတစ်ခုကို ထပ်ဖြတ်ကာ နန်းဆောင်တစ်ခုထဲ ထပ်မံဝင်ရောက်လိုက်ကြတော့၏။

ထိုခန်းဆောင်သည်ကား ပေစာပုရပိုက်တို့ကို သိမ်းဆည်းရာခန်းဆောင် ဖြစ်ပုံရပေ၏။

အခန်းထဲမှ စားပွဲအချို့နှင့် စင်တို့ပေါ်တွင် ပေစာထုပ်များ၊ ပုရပိုက်များအပြင် ကျောက်စာတို့ကိုပါ အချပ်လိုက် တွေ့ရလေသည်။

ယင်းပေပုရပိုက်ဆောင်၏နံရံတစ်ဖက်ပေါ်တွင် ပန်းချီကား တစ်ချပ်ကို တွေ့ရလေသည်။

ပန်းချီကားမှာ တောတောင်ရေမြေရှုခင်းပုံကြီးကို ရေးဆွဲထားလျက် နံရံဝယ် အသေချိတ်ဆွဲထားလေ၏။

နန်းကလျာက ယင်းပန်းချီကားထဲမှ သစ်ရွက်တစ်ရွက်ကို လက်ညှိုးထိပ်လေးဖြင့် ဖယ်ရှားလိုက်ရာ သစ်ရွက်လေးက ရွေ့လျားသွားပြီး ချောင်းကြည့်ပေါက်လေးတစ်ပေါက် ပေါ်လာတော့သည်။

သူမက ယင်းချောင်းကြည့်ပေါက်မှ ဦးစွာကြည့်လိုက်ပြီးနောက် . . . ကျွန်ုပ်ကို လက်ဟန်ခြေဟန်ဖြင့် ကြည့်ခိုင်းလေ၏။

ကျွန်ုပ်လည်း ကျပ်ဒင်္ဂါးဝိုင်းခန့်ရှိသော အပေါက်ငယ်၌ မျက်လုံးအပ်လျက် တစ်ဖက်ခန်းဆောင်ထဲသို့ ကြည့်လိုက်ရာ မမျှော်လင့်သည့် မြင်ကွင်းကြောင့် မျက်လုံးတို့ထဲတွင် မီးဝင်းဝင်းတောက်သွားပါတော့သည်။

သီးခြားခန်း သဠ္ဌာလီတစ်ခု ဖြစ်ပုံရသော ယင်းခန်းဆောင်ထဲမှ ဖဲမွေ့ရာကြီးပေါ်ဝယ် ဝတ်လစ်စလစ် ဖြစ်နေကြသော တိုင်းတစ်ပါးသား နန်ချောင်အိမ်ရှေ့မင်းသားနှင့် ကျွန်ုပ်ချစ်သူ ဘုရင်မ စောမြတ်နန္ဒီတို့မှာ ဖြစ်ချင်တိုင်းဖြစ်လျက် ရှိပါတော့၏။







www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ခန္ဓာကိုယ်မှာ တဆတ်ဆတ်တုန်နေပြီး ဒေါ်သ ပြင်းစွာတောက်ခေါက်မည်ပြုရာ နန်းကလျာက သူမ၏နှုတ်ခမ်းဝတွင် လက်ညှိုးလေးတစ်ချောင်း ကန့်လန့်ပိတ်လျက် တိတ်တိတ်နေရန် သတိပေးလေသည်။

ချောင်းကြည့်ပေါက်မှဝင်လာသည့်အသံသဲ့သဲ့ကိုလည်း ကြားနေရတော့၏။

"မောင်တော်ရယ် ...နှမတော်လို ကေရီဘုရင်မတစ်ပါးနဲ့ ထိုက်တန်သူဟာ မောင်တော်လို ကေရာဇ်ဖြစ်မယ့် အိမ်ရှေ့မင်းသားတစ်ပါးအပြင် ဘယ်သူရှိနိုင်မှာလဲလို့ ...၊

မောင်တော်နဲ့ ရွှေလက်ဆက်ပြီး နန်းချောင်နဲ့ စေတုတ္တရာ နှစ်ပြည်တစ်ပြည်ပေါင်းပြီး အုပ်ချုပ်စိုးစံကြတာပေါ့ကွယ် ...နော ...နောလို့"

မာယာရှင်မကား နန်းချောင်မင်းသားကို မာယာဖြင့် ချည်လျက် ရှိချေပြီ။

ကျွန်ုပ်သည် ရင်ထဲ၌ မုန်တိုင်းထန်နေသော ဒေါသကို မနည်းမျိုသိပ်ကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာခဲ့ရတော့၏။

ခု နစ် စဉ် ကြယ် တ ပေ



"တောက် ...ငါ့အပေါ် သစ္စာမဲ့တဲ့အပြင် ကိုယ့်တိုင်းပြည်ကိုပါ တိုင်းတစ်ပါးသားရဲ့ လက်ထဲ ထိုးအပ်ဖို့ကြံနေတဲ့ဟာမ ...မနက်ဖြန်ညမှာတော့ တွေ့ပြီပေါ့ကွာ၊ တောက်"

"ခွေးမ တိရစ္ဆာန်မ ...သင်းကို ငါ့လက်နဲ့သတ်ရမှ ကျေနပ်မယ်။ တွေ့ကြသေးတာပေါ့ကွာ ...ဟင်း ဟင်း"

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



## ထာဝရချစ်သူ

လပြည့်ညယံ ...။

သဘင်ဆောင်ထဲဝယ် ဆိုင်းသံ ဘုံသံတညံညံဖြင့် သုခေနှင့် ဒွေးမယ်နော်ဇာတ်ကြီးကို ခွန်းတောက်၊ သဖြန်၊ လွမ်းချင်းတို့ဆွဲဆွဲငင်ငင် သီဆိုရင်း အချိန်ဆွဲကာ နန်းကလျာနှင့် စောင်းဆရာကြီး ဦးကုလွှာတို့ နန်းတွင်းဇာတ်မဟာအဖွဲ့ကြီးက တခမ်းတနား တင်ဆက်ကပြလျက်ရှိချေ၏။

သဘင်ဆောင်၏အလယ်ရှိ ရွှေပိန်းချသလွန်ထက်တွင် မှီအုံးတို့ကို မှီလျက် သက်သောင့်သက်သာ ယှဉ်တွဲထိုင်ရင်း





ဘုရင်မစောမြတ်နန္ဒီနှင့် နန်ချောင် အိမ်ရှေ့ဥပရာဇာတို့မှာ ဇာတ်ပွဲသဘင်ကို ရှုစားလျက်ရှိကြရာ ရံဖန်ရံခါတွင် ဘုရင်မက နန်ချောင်မင်းသား၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ရင်း တွတ်တွတ် တွတ်တွတ်ဖြင့် တစ်စုံတစ်ရာပြောလိုက်ရာ နန်ချောင်မင်းသားကပြုံးလိုက်၊ ခေါင်းညိတ်လိုက်၊ ရယ်မောလိုက်ဖြင့် သူနှင့်သူမတို့ကား အတော်ပလဲနံပသင့်လျက် ရှိပါတော့၏။

ကျွန်ုပ်သည် လုံခြုံရေးစစ်သည်ရဲမက်တို့ကို ကြီးကြပ်ရင်း သဘင်ဆောင်အပြင်ဘက် မှောင်ရိပ်ထဲမှနေ၍ ကည်ဆီမီးတိုင်တို့၏ အလင်းရောင်ကြောင့် ထိန်ထိန်လင်းလက်ရှိသော ပွဲသဘင်ဆီသို့ လှမ်းလှမ်းကြည့်လျက်ရှိရာ နန်ချောင်မင်းသားနှင့် စောမြတ်နန္ဒီတို့ ပလူးပလဲ ဖြစ်နေကြပုံတို့ကို အတိုင်းသားမြင်နေရသဖြင့် ရင်ထဲဝယ် မုန်းတီးနာကျင်မှုတို့ ငရဲမီးနှယ် ပွက်ပွက်လှိုက်ဆူလျက် ရှိပါတော့သည်။

သို့ဖြင့် ညဥ့်သန်းခေါင်ယံကျော်၍ ဇာတ်ပွဲသဘင်သည် ပြီးဆုံးခြင်းသို့ ရောက်ချေတော့၏။

ဝန်ကြီး၊ ဝန်ကလေး၊ မှူးကြီးမတ်ရာ စသည့် ဂုဏ်သရေရှိညီ့သညီတော်များနှင့် နန်းတွင်းသူ နန်းတွင်းသားတို့ကျော



www.burmeseclassic.com

www.burmeseclassic.com



နန်းချောင်မင်းသားနှင့် တိုင်းခြားညွှန်သည်တော်အဖွဲ့ပါ သဘင်ဆောင်ထဲမှ ထွက်ခွာစပြုသည်နှင့် ကျွန်ုပ်သည် နန်းတော်ကြီး၏ တောင်ဘက်မုခ်ပတ်ကာ လျှောက်လှမ်းလာခဲ့ပြီး စီစဉ်ထားသည့်အတိုင်း နန်းတော်ကြီး၏အနောက်တောင်ထောင့်ရှိ ကြက်တူရွေးပန်းရုံအောက်၌ စောင့်စားနေလိုက်တော့သည်။

ဆောင်းညလေပြည်လေးက အေးတစိမ့်စိမ့် တိုက်ခတ်လျက်ရှိသော်လည်း ဒေါသသွေးတို့ဖြင့် ဆူဝေလျက်ရှိသည့် ကျွန်ုပ်မှာမူ အေးခြင်း ပူခြင်းကို ဂရုမပြုနိုင်ဘဲ ခါးကြား၌ ထိုးထားသော ဓားမြှောင်၏လက်ကိုင်ရိုးကိုသာ ခပ်တင်းတင်း ဆုပ်ကိုင်လျက်ရှိတော့၏။

ညသဘင်ပွဲကြီး ပြီးသွားကတည်းက ရွှေနန်းတော်ဝင်းကြီးတစ်ခုလုံးမှာ ဆိတ်ဆိတ်ငြိမ်သွားကာ လပြည့်လရောင်အောက်ဝယ် တစ်လောကလုံး အိပ်မောကျလျက်ရှိပါတော့သည်။

ကျွန်ုပ်သည် ကြက်တူရွေးပန်းရုံအောက်တွင် ဆိတ်ငြိမ်စွာရပ်ရင်း ဘုရင်မတို့ရောက်လာမည်ကို စိတ်စောစွာ စောင့်စားလျက်ရှိနေပါ၏။

အတန်ကြာသည်၌ ပန်းနုရောင်ဝတ်စုံလေးဝတ်ကာ





သရဖူလေးဆောင်းထားသော်လည်း ဆံထုံးကို ဖြည်လျက် ဖားလျားချထားသော ဘုရင်မသည် အခြံအရံ အပျိုတော်နှစ်ဦးနှင့် အတူ စကားတပြောပြောဖြင့် ရွှေနန်းတော်ကြီး၏တောင်ဘက်ကျောက်ခင်းလမ်းလေးအတိုင်း ခပ်ဖြည်းဖြည်း လှမ်းလျှောက်လာပါတော့သည်။

သူမတို့သုံးဦး နန်းတော်၏ထောင့်ချိုးသို့ရောက်သည်နှင့် ကျွန်ုပ်က ကြက်တူရွေးပန်းရုံအောက် မှောင်ရိပ်ထဲမှနေ၍ လရောင်အောက်သို့ လှမ်းထွက်လိုက်ပါတော့၏။

မမျှော်လင့်ဘဲ ကျွန်ုပ်နှင့် ပက်ပင်းဆုံလိုက်ရသည်မို့ ဘုရင်မသည် အနည်းငယ် အံ့အားသင့်သလို ဖြစ်သွားသော်လည်း ချက်ချင်း ရာဇဣန္ဒြေ ဆည်လိုက်လေသည်။

"ဩော် ... လုံခြုံရေးမှူးကြီးပါလား"

"ဟုတ်ပြီ ... ရှင့်ကို အရေးကြီးတဲ့ တာဝန်တစ်ရပ်ပေးစရာရှိတာနဲ့ အတော်ပဲ"

ဘုရင်မက တည်ငြိမ်စွာ ပြောလိုက်ပြီးနောက် ... အပျိုတော်နှစ်ဦးဖက်သို့ ခေါင်းငဲ့ကြည့်ကာ အမိန့်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခင်မြိုင်နဲ့ပပ သွားနှင့်ကြ။ အိပ်နှင့်ကြတော့။ ညှော်သည်တော်တွေ လုံခြုံရေးအတွက် လုံခြုံရေးမှူးကြီးကို တာဝန်ပေးစရာရှိတာ ပြောလိုက်ဦးမယ်"

အပျိုတော်ခင်မြိုင်နှင့်ပပတို့မှာ အင်တင်တင်ဖြစ်နေသေး သော်လည်း ဘုရင်မ၏အမိန့်ကို မလွန်ဆန်နိုင်သဖြင့် တောင်ဘက် ဝင်ပေါက်ဆီ လှမ်းသွားကြပြီးနောက် နန်းတော်ကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြပါတော့၏။

ကျွန်ုပ်ကမူ အဘယ်အရာကိုမျှ ဂရုမပြုဘဲ ဘုရင်မ၏ မျက်နှာကိုသာ စူးစူးရဲရဲ စိုက်ကြည့်နေမိလေ၏။

လရောင်ကြောင့် ကျွန်ုပ်၏ ခက်မာလျက်ရှိသောမျက်နှာ အမူအရာကို တွေ့ရှိသုံးသပ်မိသွားပုံရသည့် ဘုရင်မက ဘာမျှ မဖြစ်သလို လှပစွာပြုံးလိုက်ရင်း အချိုမြဆုံးစကားလုံးတို့ဖြင့် လေပြည်ထိုးတော့သည်။

"အမောင် ... ညှော်သည်တော်တွေရောက်နေလို့ အမောင်ရဲ့ရင်ခွင်ထဲ တိုးဝင်မလာဖြစ်တာနဲ့ ရွှေစိတ်တော် ညှိုးနေသလားကွယ်။ ဟင်း ဟင်း ဟင်း ... အမောင်ကလည်းလေ မျက်နှာကြီး တင်းထားလိုက်တာ။ ကလေးလေးတစ်ယောက်





စိတ်ကောက်နေသလိုပါပဲလား ... ဟင်း ဟင်း ဟင်း"

"သြော် ... ရွှေညှော်သည်မင်းသားကို ညှော်ဝတ်ကြေအောင် ကိုယ်ဖိရင်ဖိ ညှော်ခံနေရလို့ မအားမလပ်ဖြစ်ပြီး ကျုပ်ကို ပေးထားတဲ့ ကတိစကားတွေကို မေ့သွားပြီပေါ့ ဟုတ်လား"

ကျွန်ုပ်၏စကားသံကား တိုးလျသော်လည်း ခက်မာပြင်းထန်လျက် ရှိချေ၏။

"ပြောတော့ အမောင်ရယ်။ ခုအချိန်မှာ နန်ချောင်တွေဟာ စီးပွားရေးတအားကောင်းပြီး စစ်ရေးအင်အားလည်း သုံးလေးဆလောက် တိုးပွားတောင့်တင်းနေပြီ အမောင်ရဲ့။ ဒီလို စီးပွားရေးအင်အား၊ စစ်အင်အား ကြီးမားလာတဲ့ နန်ချောင်တွေကို သံတမန်နည်းသုံးပြီး စည်းရုံးထားရတယ်ရှင့်။ ဒါကြောင့် နန်ချောင်မင်းသားကို လိုက်လျောညီထွေ ဆက်ဆံနေရတာပါ။ အဲဒါကိုတွေးပြီး အမောင်က သဝန်တိုနေတယ်ပေါ့လေ ဟုတ်လား ... ဟင်း ဟင်း"

သူမက ရယ်သွမ်းသွေးကာ ချော့မြှူပြောရင်း ကျွန်ုပ်၏ အနီးသို့ တိုးကပ်လာရာ ကျွန်ုပ်က သူမ၏မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးလျက် နာကျည်းစွာ ငေါက်ငမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နန်းချောင်မင်းသားကို လိုက်လျှောညီထွေ ဆက်ဆံရတယ် ဟုတ်လား။ ဝတ်လစ်စလစ်နဲ့ လိုက်လျှောညီထွေ ဆက်ဆံတယ်ပေါ့ ဟုတ်လား"

"ဟင် ... အို အို"

စောမြတ်နန္ဒီမှာ မထင်မှတ်ထားသော စကားလုံး ကြမ်းကြမ်းတို့ကို ကြားလိုက်ရသဖြင့် အံ့ဩတုန်လှုပ်သွားကာ ရာဇက္ကန္ဒြေပင် ပျက်သွားရချေ၏။

"ဟင် ... ဟုတ်တယ်မဟုတ်လား။ သစ္စာမဲ့တဲ့မိန်းမ ရမ္မက်ကလွဲရင် အချစ်မရှိတဲ့မိန်းမ။ ကျုပ်ကတော့ ချစ်လိုက်ရတာ အားလုံးနဲ့ ဆန့်ကျင်ပြီး ချစ်လိုက်ရတာ။ သစ္စာရှူးရောက္ခံပြီး မင်းဘက်က ရပ်တည်လိုက်ရတာ။ လက်စသတ်တော့ မင်းဟာ သစ္စာဖျက်မပဲ၊ မြွေဟောက်မပဲ"

ဘော်ငွေလရောင်ဆမ်းထားသဖြင့် ဖွေးထင်းလျက်ရှိသော သူမ၏မျက်နှာလှလှလေးသည် ဒေါသသွေးတို့ကြောင့် ရုတ်တရက် နီမြန်းသွားတော့၏။

"ဘာမဟုတ်တာ လာစွပ်စွဲတာလဲ။ ဘယ်သူ့စကားကြောင့် ခုလို စွပ်စွဲရတာလဲဟင်"





"ဘယ်သူ့စကားကြောင့်မှ မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင် ဟောဒီမျက်စိနဲ့ မြင်ခဲ့ရတာ။ ဟောဒီနားနဲ့ ကြားခဲ့ရတာ။ ကျုပ်ကို လက်ဆက်ပါမယ်လို့ ကတိပေးပြီးမှ နန်းချောင်မင်းသားကို ရွေးလက်ဆက်ပြီး နှစ်ပြည်တစ်ပြည်ပေါင်းရအောင်လို့ မင်းရဲ့နှုတ်က ပြောတာကို ကျုပ်ကိုယ်တိုင်ကြားခဲ့ရပြီးသား"

"ဩော် ဟော် ... ဟုတ်လား။ အဲဒီတော့ ဘာဖြစ်လဲ။ ဘာဖြစ်လဲ"

"ဘာ"

"ဟုတ်တယ်လေ၊ ခြသေ့်ဆိုဟာ သိင်္ဂီရွှေခွက်နဲ့သာ တန်တယ်။ ငါလိုဘုရင်မက နင်လို အညတရဟူးရာ နက္ခတ်သမားကို တကယ်လက်ဆက်မယ်တဲ့လား"

"ဟင်း ဟင်း ဟင်း ... စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် လည်း ပြောပါဦး ... ဟင်း ဟင်း ဟင်း"

"တောက် ... သစ္စာမဲ့တဲ့ဟာမ၊ ကဲ ... သေစမ်းကွာ"

ကျွန်ုပ်သည် ဒေါသကို မထိန်းနိုင်တော့ဘဲ ခါးကြားမှ ဓားမြှောင်ကို ဖျတ်ခနဲဆွဲထုတ်ကာ ကျွန်ုပ်၏ရှေ့ တစ်တောင်သာသာ အကွာ၌ ရပ်နေသည့် စောမြတ်နန္ဒီ၏ရင်ဝကို ထိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပါတော့၏။

''စွပ်''

''အ''

သူမ၏မျက်ဝန်းလေးများသည် ဝိုင်းခနဲဖြစ်သွားပြီးလျှင် ရှေ့သို့ ငိုက်ခနဲကျလာရာ သူမ၏ခန္ဓာကိုယ်လေး ပျော့ခွေကျမသွားခင် ခါးနွဲ့နွဲ့လေးကို ကျွန်ုပ်က လက်တစ်ဖက်ဖြင့် ထိန်းဖယ်လိုက်ရလေသည်။

သူမက ကျွန်ုပ်၏မျက်လုံးများကို မယုံနိုင်ခြင်းများစွာဖြင့် စိုက်ငေးကြည့်ရင်း တဆတ်ဆတ်တုန်လာသည့် နှင်းဆီပွင့်ဖတ်နှုတ်ခမ်းနှစ်လွှာကြားမှ စကားသံ တိုးလျလျ ထွက်ပေါ်လာပါတော့၏။

''အ အမောင်ရယ် ...ရက် ရက်စက်လိုက်တာ''

ထို့နောက်မှာမူ သူမ၏မျက်လွှာတို့ ပိတ်သွားပြီး ခန္ဓာကိုယ်လေးက လုံးဝပျော့ခွေကျသွားပါတော့၏။

ကျွန်ုပ်က သူမ၏ကိုယ်လေးကို ထွေးပွေ့ထားရင်း လရောင်အောက်မှ လှပသောမျက်နှာလေးကို ဆို့နင့်ကြေကွဲ နမြောတသစွာ အနီးကပ်ကြည့်လိုက်လေသည်။





ထိုအခိုက်အတန့်မှာပင် သူမကို အပြီးတိုင် ဆုံးရှုံးရပြီဟူသောအသိ ဝင်လာရာ ကျွန်ုပ်မှာ ဆောက်တည်ရာမရ ဖြစ်သွားကာ သွေးရူးသွေးတမ်းဖြစ်သွားရပါတော့၏။

''နန္ဒီ ...နန္ဒီ ...အချစ် အချစ်လေး၊ အမောင် ...အမောင် မှားသွားပြီ၊ မှားသွားပြီ။ နန္ဒီ နန္ဒီ''

''နန္ဒီရယ် ...မင်းကို ချစ်တယ်။ ချစ်တယ်၊ မင်းဘာဖြစ်ဖြစ် မင်းကို ချစ်တယ်။ နောက် ဘယ်သူ့ကိုမှ မင်းလိုချစ်လို့ရမှာ မဟုတ်တော့ဘူး။ မင်းကိုပဲ ချစ်တယ်၊ ချစ်တယ်၊

အမောင် အရမ်းမှားသွားပြီ မှားသွားပြီ။ အမောင့်ကိုခွင့်မလွှတ်ပါနဲ့၊ ခွင့်မလွှတ်ပါနဲ့ အချစ်ရယ် ...၊

သွားပြီ ...သွားပြီ။ ငါ ငါ အချစ်ကိုဆုံးရှုံးသွားရပြီ။ ငါ့အတွက် အချစ်ဆိုတာ မရှိတော့ဘူး။ ဘာ ...ဘာဆိုဘာမှမရှိတော့ဘူး။ ငါဟာ အလကားကောင် ... အလကားကောင် ...၊

အချစ်ကို ဆုံးရှုံးအောင် လုပ်တဲ့ကောင်။ ငါ့ကိုယ်ငါခွင့်မလွှတ်နိုင်ဘူး၊ ခွင့်မလွှတ်နိုင်ဘူး''

ကျွန်ုပ်သည် သွေးရူးသွေးတန်းအော်ဟစ်ရင်း ချစ်သော



www.burmeseclassic.com

www.burmeseclassic.com



စောမြတ်နန္ဒီ၏ရင်ဝ၌ စိုက်ဝင်နေသည့် ဓားမြှောင်ကို ဆွဲနုတ်လိုက်ပြီးလျှင် ကျွန်ုပ်၏ရင်ဝထဲသို့ ထိုးစိုက်ထည့်လိုက်ပါတော့၏။

''စွပ်''

''အား အား အား''

ရင်ဝ၌ ပြင်းပြစွာ စူးနစ်နာကျင်သွားပြီးနောက် ကျွန်ုပ်၏ မျက်လုံးများ ပြာလာကာ ဘုရင်မ စောမြတ်နန္ဒီကို ထွေးပွေ့ထား လျက်မှပင် ကျောက်ခင်းလမ်းလေးပေါ်သို့ ခွေကျသွားပါတော့ သတည်း။

⁂

ထိုလပြည့်ညမှာပင် ...

စေတုတ္တရာနန်းတော်ကြီးကို ကျွန်ုပ်တို့၏ ဘက်တော်သားတို့က စီးမိလိုက်ပါ၏။

ထို့ကြောင့်လည်း ကျွန်ုပ်သည် ဘုရင်တစ်ပါးအဖြစ် စေတုတ္တရာထီးနန်းကို စိုးစံရပါသည်။

ကျွန်ုပ်၏သွားလေသူမယ်တော် မြောက်နန်းစံမိဖုရားကြီး၏ဆန္ဒလည်း ပြည့်သွားခဲ့ပါ၏။ မိစ္ဆာမကြီးမယ်နိုင်ကိုလည်း သုတ်သင်လိုက်နိုင်ပြီး ရည်မှန်းချက်တို့ ပြည့်ဝခဲ့ကြပြီ။

သို့သော် ကျွန်ုပ်ရရှိခဲ့သော ဒဏ်ရာက အသည်းကို



www.burmeseclassic.com

www.burmeseclassic.com


ထိသွားသဖြင့် ဆေးသမားအမျိုးမျိုးဖြင့် ကုသသော်လည်း အသည်း၏နာကျင်ခြင်းဝေဒနာက ဆိုးသည်ထက် ဆိုးလာပြီး လျှင် နန်းစံသက် တစ်နှစ်မပြည့်မီမှာပင် ကျွန်ုပ်သည် ကံတော် ကုန်ရန် နီးသည်ထက် နီးလာပါတော့၏။ ဒဏ်ရာကြောင့် မသေလျှင်လည်း လွမ်း၍ သေရမည် ထင်ပါသည်။

ကျွန်ုပ်၏အဖြစ်ကိုကြည့်ပြီး နန်းကလျာသည် ဝမ်းနည်း စိတ် ထိခိုက်မဆုံးတော့ပါ။

ကျေးဖူးရှင်ဘုရင်သေ့၏ တိုက်တွန်းချက်ကြောင့် ကျွန်ုပ် သည် နှလုံးသားမရှိသောခန္ဓာကိုယ်၌ မင်းမြောက်တန်ဆာငါးပါး ဆင်မြန်းကာ နန်းကလျာကို မိဖုရားခေါင်ကြီးအဖြစ် ရွေ့လက်တွဲ လျက် ဘိသိက်ခံခဲ့ရပါ၏။

သို့သော် အချစ်မရှိတော့သော ကျွန်ုပ်သည် နန်းကလျာ အတွက် လင်ယောက်ျားမဖြစ်နိုင်တော့ပါ။

အခြေအနေအရ သူမကို လက်ထပ်ယူခဲ့ရသော်လည်း သူမကို ကျွန်ုပ်၏ရင်ခွင်အတွင်းသို့ ခိုဝင်ခွင့်မပြုနိုင်ပါ။

သူမသည် နာမကျန်းဖြစ်နေသည့် ကျွန်ုပ်ကို အရိပ် တကြည့်ကြည့် ပြုစုစောင့်ရှောက်ရင်း တစ်ဖက်မှလည်း ကျွန်ုပ်၏



ကိုယ်စား ဘုရင်မတစ်ပါးနှယ် တိုင်းပြည်ကို အုပ်ချုပ်လျက် ရှိလေသည်။

နန်းကလျာကား အရည်အချင်းပြည့်ဝသည့် ထူးခြား ထက်မြက်သူလေး ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်မရှိတော့သည့်အခါတွင် ဘုရင်မ တစ်ပါးအဖြစ် စေတုတ္တရာကို ဆက်လက်အုပ်ချုပ်ရန် မှာကြားရ လေသည်။

တိုင်းပြည်အတွက် စိတ်အေးသွားရသည့်အခါမှာမူ ကျွန်ုပ်သည် စိတ်ကိုလျှော့ချလိုက်ပြီး ရှင်သေမင်းခေါ်ရာနောက်သို့ လိုက်ရမည့်ရက်ကိုသာ မျှော်မောလျက် ရှိပေ၏။

ထိုသို့လျှင် သဋ္ဌာလီခန်းဆောင်ထဲ၌ နာတာရှည်ဝေဒနာ သည်ကြီးအဖြစ် လဲလျောင်းနေရလျက် လွမ်းဆွတ်ကြေကွဲသော ရင်ဖြင့် များစွာသောနေ့ရက်တို့ကို ဖြတ်သန်းနေရစဉ် နောင်လာ နောက်သားများ ကျွန်ုပ်၏ထူးခြားလှသည့် ဘဝအချိုးအကွေ့ ဖြစ်စဉ်တို့ကို သိရှိစေနိုင်ရန် စာရေးတော်တစ်ဦးအား အနား၌ ခေါ်ထားလျက် ကျွန်ုပ်က နှုတ်မှပြောပြပြီး စာရေးတော်က ပေ ထက်အက္ခရာတင်ခြင်းဖြင့် ဤမှတ်တမ်းပေလွှာတို့ ဖြစ်တည်


www.burmeseclassic.com

www.burmeseclassic.com

လာရခြင်း ဖြစ်ပါ၏။

ဤသို့လျှင် ... ကျွန်ုပ်ကေရာဇ်ဘုရင်ရွှေစကြာ၏ မှတ်တမ်းနိဂုံး ကမွတ်အဆုံးသတ်သည်တွင် ကျွန်ုပ်၏ဘဝ၊ အသက်၊ အသည်းနှလုံးတို့နှင့်ရင်းလျက် ရရှိလိုက်သော အတွေးအယူ တစ်ခုကို ခမ်းနားစွာ တင်ပြပါရစေ။

ယင်းတွေးခေါ်ယူဆချက်သည်ကား "ဤကမ္ဘာလောက၌ ဖိုနှင့်မတို့ တစ်ဦးကိုတစ်ဦး ချစ်ကြသည်ဆိုရာဝယ် တကယ်ရင်ထဲမှ ချစ်လာပါက မိမိ၏ချစ်ရသူသည် ရွံ့တို့ ပေလူးနေသည်ဖြစ်စေ အကုသိုလ်အညစ်အကြေးတို့ လိမ်းကျံထားသည်ဖြစ်စေ မည်သို့သော အနေအထားမှာပင်ရှိရှိ ချစ်မြဲ ချစ်ဆဲ ထာဝရချစ်လေ့ ရှိစမြဲသာ" ဟူ၍တည်း။

ချစ်သူကို ထာဝရချစ်လျက်ရှိသော ...
ကေရာဇ် ရွှေစကြာ

ဆက်လက်ကြိုးစားပါဦးမည်။
စိတြအငွ

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com